ဂီးကွက်ချောင်း
တံတားပေါ်က
အဝါရောင်ဝက်ဝံရုပ်
အကျိုးအပဲ့လေး
ပါပီယွန်
ဒုတိယအကြိမ်

ဇီးကွက်ချောင်းတံတားပေါ်က
အဝါရောင်ဝတ်စုံရုပ်အကျိုးအပဲ့လေး

လုံးချင်းဝတ္ထု

ပါပီယွန်

E-Books

ပုံနှိပ်မှတ်တမ်း

ဇီးကွက်ချောင်းတံတားပေါ်က အဝါရောင်ဝက်ဝံရုပ်အကျိုးအပဲ့လေး (ပါပီယွန်)

ပထမအကြိမ် - အောက်တိုဘာ၊ ၂၀၁၉ တန်ဖိုး • ၃၀၀၀ကျပ်

မျက်နှာဖုံး • **Jackie Lynn**

အတွင်းစာမျက်နှာ • ဝေးခေါင်

စီစဉ်သူ • **Whispers of Words**

© ပါပီယွန်မူပိုင်ဖြစ်သည် (စာရေးသူခွင့်ပြုချက်မရှိပဲ-ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊ သွယ်ဝိုက်အကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းများ မပြုလုပ်ရ)

မာတိကာ

ဖြောင့်ချက်
အစ
ဟိသရိုးကို ဒုက္ခပေးပြီ
ကိုလံဘတ်၏ နေ့ရက်များ
ဒုတိယ ပျူးနစ်စစ်ပွဲ
လက်မမြှောက်သူနှင့် ဂျုံးအစေ့ဖ်အာခ်
ခွေးပိန်တစ်ကောင်၏ ရန်လိုနေသောနေ့ရက်များ
ဗုံလုံတစ်လှည့် ငါးပုံ့တစ်လှည့်
ခေတ္တခဏ ပျော်ရွှင်ရခြင်း
မိမိအား စတင်လွှမ်းမိုးခြင်း
ချင့်ခ်တစ်ယောက်နှင့် စကယ်လီများ
နွေဦးရာသီမှာ ရိုးမန့်စ်
အစွန်းနှစ်ဖက်ကလူ
ဘဝကြမ်းကြမ်း ဆောင်းကြမ်းကြမ်း
နွေဦးမုန်တိုင်း
အဆုံး
အာဖတာမက်သ်(သို့)ပြာပုံမြင်ကွင်းများ
စွန့်ခွာခြင်း
နောက်ဆက်တွဲ

ဖြောင့်ချက်

ယခုဇာတ်လမ်းမှာ ထူးခြားတာ ဘာမှ မပါပါဘူး။ သူလို ငါလို လူတိုင်း ကြုံတွေ့ဖူးနိုင်တဲ့ အဖြစ်အပျက်တစ်ခု သက်သက်ပဲ။ ဒါကြောင့် ဇာတ်ကြောင်းပြန်နေတဲ့ "ကျနော်" ဆိုတဲ့ လူအကြောင်း အတိအကျမဖော်ပြ ထားပါ။ ထို့အတူ ဒေါ်နန်းမေမေကြည်ဟာလည်း ဆံပင်တိုတိုနဲ့ ကောင်မ လေး တစ်ယောက် ဆိုတာက လွဲပြီး သူ့ကိုယ်ရေးရာဇဝင်ကို ခင်ဗျားတို့ အသေချာ သိရမှာ မဟုတ်ပါဘူး။ ရေးရိုးရေးစဉ် အချစ်ဝတ္ထုတွေလို ဇာတ် ကောင် အထီးနဲ့အမတွေရဲ့ ပုံပန်းသဏ္ဌာန် ရုပ်ရည်ရူပကာ အစရှိသဖြင့် ဘာကိုမှ မဖော်ပြပါ။ မဖြစ်မနေပြရမယ့် အကြောင်းအရာ တစ်ခု နှစ်ခုသာ လျှင် ဇာတ်ကြောင်းပြန်သူက ထည့်ပြောသွားပါလိမ့်မယ်။

စာရေးသားခြင်း အတတ်ပညာ၊ အနုပညာ စသဖြင့် စာတတ် ပေတတ် ပညာရှင်တွေပြောတဲ့ အရာတွေ ကျနော့်မှာ မရှိပါ။ ကျနော့်မှာ ရှိ တာက ခံစားတတ်တဲ့ ရင်ဘတ်တစ်ခုမျှသာ။

ဒီဇာတ်လမ်းကို ဖတ်ပြီးတဲ့အခါ ခင်ဗျားတို့ရင်ထဲမှာ မေးခွန်း ပေါင်း မြောက်များစွာ ရှိကောင်း ရှိလာနိုင်ပါတယ်။ ကျနော် ဖြေဆိုနိုင်မယ် မထင်ပါ။

ဒေါ်နန်းမေမေကြည် ဆိုတဲ့ ဇာတ်ကောင်ဟာလည်း အပြင်မှာ တကယ်ရှိမရှိ စာရေးသူအနေနဲ့ မှတ်ချက်မပြုလိုပါ။ စာဖတ်သူတွေကို လည်း ဘာ **message** မှ မပေးထားပါ။ ယုတ်စွအဆုံး ဇာတ်ကြောင်းပြန် သူ **narrator** "ကျနော်" ဟာ တကယ်ရှိခဲ့တာလား မသေချာပါ။

Ambrose Bierce ရဲ့ "ဇီးကွက်ချောင်း တံတားပေါ်က အဖြစ်အပျက်တစ်ခု" ဆိုတဲ့ အမေရိကန် ပြည်တွင်းစစ်နောက်ခံ နာမည် ကျော် ဝတ္ထုတိုထဲမှာ ဇာတ်ကောင်ဖြစ်သူဟာ ဇီးကွက်ချောင်း တံတားပေါ်မှာ သေဒဏ်စီရင်ခံရတယ်။ စစ်သားတွေက သူ့ကို လည်ပင်းကြိုးကွင်းစွပ်ပြီး တံတားပေါ်ကနေ ဆွဲကြိုးချ သတ်ပစ်ဖို့ပြင်တယ်။ အသက်မခံရခင်လေး မှာတင် သူ့ မိန်းမနဲ့ ကလေးတွေဆီ စိတ်ရောက်သွားသေးတယ်။ အဲ့ဒီမှာ နားမခံနိုင်လောက်စရာ ဆူညံသံကြီးတစ်ခု သူကြားတယ်။ ဘယ်ကလာ နေမှန်းလဲ မသိဘူး။ နောက်တော့ အဲ့ဒီဆူညံသံကြီးဟာ သူ့လက်ပတ် နာရီက နာရီစက္ကန့်တံရဲ့ "တစ်... တစ်... တစ်... တစ် မြည်သံတွေ ဖြစ် နေတယ်။ လက်ပြန်ကြိုးတုပ်ခံထားရတဲ့ သူ၊ တံတားပေါ်က ခုန်ချလိုက် ရမလား စဉ်းစားတယ်။

လက်က ကြိုးတွေကိုသာ ဖြည်နိုင်ရင် သူရေကူး နိုင်မယ်။ လွတ်မြောက်ရာအထိ ရေကူးသွားနိုင်မယ်လို့ တွေးနေတယ်။ ဒါပေမယ့် သူ့အကြံ မအောင်လိုက်ဘူး။ စစ်သားတွေက သူ့ကို တံတား ပေါ်ကနေ အရင်ဦးအောင် ကန်ချပစ်လိုက်တယ်။ လည်ပင်းကြိုးတန်းလန်း နဲ့ လက်ပြန်ကြိုးတုပ်ခံထားရတဲ့ သူ ဟာခနဲ ပြုတ်ကျသွားတယ်။

ကံကောင်းထောက်မစွာနဲ့ လည်ပင်းအထက်နားဆီက ကြိုး ဟာ အလိုအလျောက် ပြုတ်ထွက်သွားတယ်။ သူ ရေထဲ ကျတယ်။ လက်က ကြိုးကို ဖြည်လို့ရသွားတယ်။ လည်ပင်းက ကြိုးကွင်းကို ဆွဲချွတ်တယ်။ ရေနက်နက်ထဲကို ငုတ်လျှိုး ကူးခတ်ရင်း စစ်သားတွေရဲ့ ရိုင်ဖယ်သေနတ် ရာဆီက ပျံသန်းလာတဲ့ ကျည်ဆံတွေကို ရှောင်နိုင်သွားတယ်၊ ကျည်လွတ် ရာ ရောက်တဲ့အခါမှာ ချောင်းထဲက တက်တယ်။ တောအုပ်တွေထဲ ဖြတ်ပြေး တယ်။ အထူးအဆန်းမြင်ကွင်းတွေ၊အသံတွေကြားရတယ်။တက်တယ်။ သူမရပ်ဘူး အတင်းဆက်ပြေးတယ်။ သူ့မိန်းမနဲ့ ကလေးတွေဆီ ရောက်ဖို့အတွက်။ နောက်တစ်နေ့မနက် ရောက်တော့ သူ လမ်းပေါ်မှာ ပင်ပန်းဆင်းရဲကြီးစွာနဲ့

လဲကျ အိပ်ပျော်နေရာက လန့်နိုးလာတယ်။ ပတ်ဝန်းကျင်ကို အကဲခတ် လိုက်တော့ သူ့ခြံဝကို ပြန်ရောက်နေပြီ။ ဝမ်းသာအားရနဲ့ ဇနီးမယားဆီကို ပြေးဖို့ကြိုးစားတယ်။ ဒါပေမယ့် သူ မရောက်နိုင်လိုက်ဘူး။ လည်ပင်းနောက် နားက ပြင်းပြတဲ့ နာကျင်မှုဝေဒနာနဲ့အတူ လဲကျသွားရှာတယ်။ အမှောင်ထု ကြီးရယ် တိတ်ဆိတ်မှုရယ် ကြီးစိုးသွားတယ်။

တကယ်တော့ သူဟာ ဘယ်တုန်းကမှ လွတ်မြောက်မသွားခဲ့ ပါဘူး။ ဒီဇာတ်ကြောင်းကြီးတစ်ခုလုံးဟာ ဇီးကွက်ချောင်းတံတားပေါ်က သူပြုတ်ကျသွားတဲ့ အချိန်ကာလလေးအတွင်း လည်ပင်းမှာ တပ်ထားတဲ့ ကြိုးကွင်းက သူ့လည်ပင်းရိုးကို ဆောင့်ချိုးမပစ်ခင်၊ မသေခင်၊ လေဟာ နယ်ထဲက ကာလငယ်လေးတစ်ခုအတွင်းမှာ သူနောက်ဆုံး စိတ်ကူးယဉ် သွားခြင်းသက်သက်ပဲ ဖြစ်နေခဲ့တယ်။

အခု ကျနော်ပြောပြမယ့် ဇာတ်ကြောင်းဟာလည်း အဲ့ဒီသဘော မျှသာ ဖြစ်တယ်။

ကျနော်ဟာ ဇီးကွက်ချောင်းတံတားပေါ်မှာ အစီရင်ခံလိုက်ရလို့ သေဆုံးသွားပြီးသား လူတစ်ယောက်ဖြစ်တယ်။ ကျနော့်ဇာတ်လမ်းထဲက “အကို” ဆိုတဲ့ လူဟာ မရှိတော့ဘူး။ သူ့ညီမလေး ဆိုတာကလည်း တံတား ပေါ်က ပြုတ်ကျသွားတဲ့ အချိန်၊ သူ မသေဆုံးခင်၊ ကြိုးကွင်းက သူ့လည်တိုင် ရိုးကို ချိုးမပစ်ခင် အခိုက်အတန့်ကာလလေးမှာ သူ တွေးတောသွားခဲ့တဲ့ အင်မဂျနေရှင်းတစ်ခု သက်သက်သာ ဖြစ်ခဲ့တယ်။

ပါပီယွန်

၂၉ ဧပြီ ၂၀၁၉

၁၈

အင်္ဂလန်သံရုံးထဲက ကျနော်ထွက်လာတော့ ဗိုလ်အောင် ကျော်လမ်းဟာ မိုးရေတွေ ရွှဲနစ်နေတာပဲ။ မိုးဖြူမှုန်တွေကြားထဲ လူက ကယောင်ခြောက်ခြားကြီးဖြစ်နေတယ်။ ရည်ရွယ်ချက်မရှိပဲ ဗိုလ်အောင် ကျော်လမ်း အောက်ဖက်ကနေ အပေါ်ဖက်ကို လျှောက်လာလိုက်၊ အပေါ်ဖက်ကနေ အောက်ကို လျှောက်သွားလိုက်နဲ့ တစ်နာရီလောက် တောင် ကြာသွားမလားပဲ။ နောက်ဆုံးတော့၊ လာမယ့်ဘေး ပြေးတွေ့ရုံ ပေါ့ကွာ၊ မထူးပါဘူးလေ လို့ တွေးမိသွားပြီး ပလက်ဖောင်းပေါ်က ရောင်စုံ ထီးတွေ မိုးထားတဲ့ လက်ဖက်ရည်ဆိုင်တစ်ခုထဲ ဝင်ပြီး မိုးခိုလိုက်တယ်။ ဝတ်ထားတဲ့ မိုးကာအကျီ အတွင်းအိတ်ထဲက စာအိတ်အညိုတစ်ခုကို ဆွဲထုတ်လိုက်တယ်။ စာအိတ်အညိုကို ဖွင့်ဖောက်ပြီး အထဲက ပို့စပို့ကို ထုတ်တယ်။ ကျနော့်လက်ချောင်းတွေက တုန်ခါနေတာရယ်။ ပို့စပို့ကို ကိုင်ထားလျက်နဲ့ ရှူဘီဆစ်ကလက် တစ်လိပ်ကို ကုန်အောင် ဖွာဖို့ ကြိုးစားတယ်။

ကျနော့်ကိုယ်ကျနော် ယုံကြည်မှုမရှိဘူးဗျာ။ သံရုံးထဲမှာတုန်း က အဲ့ဒီစာအိတ်အညိုကို လက်ထဲရောက်ရောက်ချင်း ဖွင့်ကြည့်ဖို့ ကြိုးစားသေးတယ်။ ကောင်တာက ဝန်ထမ်းအမျိုးသမီးက လေသံမာမာ နဲ့ မောင်းထုတ်တာ ခံခဲ့ရတယ်။

“ဒီမှာ လာမဖောက်နဲ့ အပြင်ထွက်...” တဲ့။

ဘာလို့မှန်း ကျနော် နားမလည်ဘူး။ နဝေတိမ်တောင်နဲ့ ဟုတ်ကဲ့ပါခင်ဗျာ ဆိုပြီး ထွက်လာလိုက်တယ်။ အပေါက်ဝက လုံခြုံရေးက ရှင်းပြတော့မှ ဘာလို့ သံရုံးထဲ အဖောက်မခံမှန်းသိသွားတယ်။ စာအိတ် ထဲမှာ ပို့စပို့ ပါတယ်။ အင်္ဂလန်ဗီဇာ လျှောက်ထားတာရဲ့ အဖြေပေါ့။ ဗီဇာ ပေးမပေး ပို့စပို့ကို ဖွင့်ကြည့်တာမျိုးကို သံရုံးထဲမှာ လုပ်ခွင့်မပေးဘူး။ တချို့ကျောင်းသားတွေက ဗီဇာ အငြင်းပယ်ခံရတဲ့အခါ ငိုယိုပြီး ပြဿနာ ရှာတတ်လို့ဆိုလား။ သူအဲ့လိုပြောတော့မှ ကျနော်အရမ်းလန့်သွားတယ်။

နို့ ကျနော့်မှာ ဗီဇာတင်တုန်းက ဒီနိုင်ငံက ဖော်မယ် အင်္ဂလိပ်ကျောင်း ရှင်းနဲ့ သက်ဆိုင်တဲ့ စာရွက်စာတမ်းအထောက်အထား (ဆယ်တန်း အောင်လက်မှတ်၊

အမှတ်စာရင်း အစရှိသဖြင့်) ဘာတစ်ခုမှ မပါပဲကိုး။ အင်္ဂလိပ်ဒစ်ပလိုမာ စာရွက်တစ်ရွက်ရယ်၊ အင်္ဂလိပ်စာ အရည်အချင်းစစ် အောင်လက်မှတ်ရယ်၊ အင်္ဂလန်တက္ကသိုလ်တစ်ခုက သိပ္ပံဘွဲ့တစ်ခုကို ယူမယ့် ဘွဲ့ကြိုကျောင်းသားအဖြစ် ဝင်ခွင့်ပေးလိုက်သည်ဆိုတဲ့ စာရွက် ရယ်၊ ဒါလောက်ပဲ ပါခဲ့တာကိုး။

ဆိုတော့ကာ ကျနော့်ကို ဗီဇာထုတ်ပေးဖို့ ရာခိုင်နှုန်း နည်းလွန်း လှတယ်။ ပြီးတော့ ကျနော်ဟာ ကျောင်းသားလုပ်ဖို့ အရွယ်လွန်နေတဲ့ ကောင်ရယ်။ ဒီကောင်ကြီး အိုကြီးအိုမနဲ့ ကျောင်းတက်မယ်ဆိုတာ မဖြစ်နိုင်ပါဘူးဆိုပြီး ဗီဇာကို ငြင်းပစ်မလားလို့ တွေးစရာကလည်း ရှိနေ သေးတာကိုး။

အဲ့ဒီ အကြောင်းရင်းတွေကြောင့် ကျနော်ဟာ စာအိတ်အညို ကို ဖောက်မကြည့်ရဲပဲ အိတ်ထဲ ထည့်ပြီး ဗိုလ်အောင်ကျော်လမ်းမပေါ် က မိုးရေတွေထဲ ကတုန်ကယင်နဲ့ အပ်ပင်ဒေါင်း ဟိုလျှောက်ဒီလျှောက် လုပ်နေမိတာပေ့ါ။

ရှူဘီဆစ်ကလက်ကို နောက်ဆုံး ခပ်ပြင်းပြင်းတစ်ချက် ရှိုက် ပြီး မိုးရေထဲ လွှင့်ပစ်လိုက်တယ်။ စိတ်ကို တစ်ချက်တင်းလိုက်တယ်။ ကျနော်တစ်ယောက်တည်း ကြားရရုံလေသံလေးနဲ့ ရေရွတ်တယ်။

“It is silly not to hope.

မမျှော်လင့်တာဟာ မိုက်မဲတာပဲ…“တဲ့။

ဒီစာကြောင်းဟာ ကျနော်သိပ်ကြိုက်တဲ့ ဟဲမင်းဝေးရဲ့ **The Old Man and The Sea** ဝတ္ထုထဲက အဘိုးကြီး **Santiago** ပြော သွားခဲ့တဲ့ စကားလုံးတွေပေ့ါ။

အဲ့ဒီလို ရွတ်ပြီးတာနဲ့ လက်ထဲက ပေ့ါစပို့ကို ဖွင့်ပြီး စာရွက်တွေ ကို ခပ်သွက်သွက် လှန်လှောကြည့်လိုက်တယ်။ နောက်ပိုင်းကျကျ စာမျက်နှာတစ်ခုပေါ်မှာ ကပ်ထားတဲ့ အနီရောင် ဗီဇာစာရွက်ကို တွေ့ တယ်။ သင့်အား ဤကာလအတွင်း အင်္ဂလန်တွင် နေထိုင်ခွင့်ပြုလိုက် သည် အစရှိသဖြင့် ကျနော့်ဓာတ်ပုံနဲ့ ကပ်ထားတဲ့ စတစ်ကာလေး။

မိုးရေတွေ ကြားထဲ ကျနော် မထီတရီပြုံးရင်း ရှူဘီဆစ်ကလက် နောက်တစ်လိပ်ကို ထပ်ဖွာနေခဲ့မိတယ်။ သံအမတ်ကြီး ဦးသက်ထွန်းရဲ့ အိုင်ယာလန်ထီ ပေါက်သည့်နှယ်ပါတကား ဆိုတဲ့ အရေးအသားလေးကို ပြေးသတိရနေတယ်။ ဒါပေမယ့် ကျနော် တအားကြီး ဝမ်းသာကြည်နူး မနေပါဘူးလေ။ လွန်ခဲ့တဲ့ နာရီအနည်းငယ်က ဒါအဆင်မပြေရင် တရုတ် ပြည်နယ်စပ် ပြန်ပြီး မှောင်ခိုလုပ်မလားလို့ တွေးနေရာကနေ ခု ရည်ရွယ်

ချက်တစ်မျိုး ပြောင်းသွားခဲ့ရပြန်ပြီ ဆိုပြီး ထူးဆန်းအံ့ဩနေတဲ့ စိတ်က ပိုကဲနေခဲ့တယ်။

ဟိသရိုးကို ဒုက္ခပေးပြီ

လန်ဒန်က ဟိသရိုးလေဆိပ်ကို မနက်စောစောပိုင်း လေယာဉ် ဆိုက်တော့ လဝက ကောင်တာတွေဆီ ရောက်သွားပြီး ဝင်တန်းစီတယ်။ လေယာဉ်ပေါ်က အလကားတိုက်တဲ့ ယမကာတွေ နင်းခွပြီး သောက် ထားတဲ့ ကျနော်၊ မူးကြောင်ရူးကြောင် အခြေနေကြီးနဲ့ လူအုပ်ကြီးထဲ တိုးနေရတယ်။ လူက အိပ်ချင်မူးတူးရယ်။ လူတန်းကြီးက မဆုံးနိုင်တော့ ဘူးလား မသိဘူး။ နောက်ဆုံး ကိုယ့်အလှည့်ရောက်တော့ ကောင်တာ ပေါ် ပဲ့စပို့နဲ့ စာရွက်စာတမ်းတွေ တင်ပေးလိုက်ပြီး လက်ထောက်မှီနေ လိုက်တယ်။ မမှီလို့ မရဘူး။ လူက ယိုင်တိုင်တိုင်ဖြစ်နေပြီ။

"ဟားလိုဟောင်းဒူးယူဒူး…" "အက်စ်ဖော်မီး အိုင်အမ်ဖိုင်း … သန်းခယူး …"

ပြီတီတီမျက်ခွက်နဲ့ အဲ့လို အလွတ်ကျက်ထားတဲ့ စာကြောင်း တွေနဲ့ နှုတ်ဆက်လိုက်တဲ့အခါ လဝက ကောင်တာက အင်္ဂလိပ်မ ဝဝကြီး ဟာမျက်နှာရှုံ့မဲ့သွားရှာတယ်။ မျက်နှာသစ်မထား၊ မျက်ချေးလက်ရှစ်တစ် နဲ့ တရုတ်ကောင်ဟာ သွားကလည်း တိုက်မထားတော့ ကြာညို့နံ့လေးက လည်း တသင်းသင်းကိုး။ စာရွက်စာတမ်းတွေကို ဝတ္တရားကျေ လှန်လော ကြည့်တဲ့ပြီး ပဲ့စပို့ကို ဖွင့်ကြည့်တယ်။ ဓာတ်ပုံနဲ့ အပြင်ကို လှမ်းတိုက်ကြည့် တယ်။ ကျနော်လည်း အလှဆုံး ပြုံးပြပြီး မျက်မှန်တွေ ဘာတွေ ချွတ်ပြ လိုက်သေးတာရယ်။

"တက်မယ့် တက္ကသိုလ် နာမည်ပြောစမ်း…" တဲ့။

ကျနော် လွှတ်ခနဲ ပြန်ဖြေတယ်။ မသေချာမှာ စိုးလို့ စာလုံး ပေါင်းပြဖို့ တစ်လုံးနှစ်လုံးပဲ ရွတ်ပြရသေးတယ်၊ မျက်စိပျက် မျက်နှာပျက် နဲ့ လက်ကာပြ၊ ပါစပို့မှာ ဒုန်းခနဲ တံဆိပ်တုံး ထုပြီး ကြွပါတော့ ကျေးဇူးရှင် ဆိုတဲ့ ဟန်နဲ့ ဂိတ်ကို ဖြတ်ခိုင်းတယ်။

"သင့်ခရူး ဒါလင်" လို့ ပြောရင်း လဝက ဂိတ်ကို အခောင်မြင်စွာ ဖြတ်ကျော်ခဲ့ပြီ။

လေဆိပ်ဒီဇက်ထဲကို ရောက်တော့ လာကြိုမယ်ပြောထားတဲ့ ညီတော်မောင်ဟာ ဘယ်နားမှာမှန်း မသိဘူး။ ကျနော် ဒုက္ခတွေ့နေပြီ။ ပါလာတဲ့

ပက်ဆံအနည်းငယ်ထဲက အကြွေစေ့နည်းနည်း လဲတယ်။ အကြွေစေ့ဖုန်း ချိတ်ထားတဲ့ တိုင်ကို ပြေးတယ်။ ဖုန်းပျက်နေတယ်။ နောက်တစ်တိုင်ကို ရွှေ့ပြီး နောက်ထပ်ဖုန်းတစ်လုံးကို သွားကိုင်တယ်။ မရဘူး။ ပျက်နေပြန်တယ်။ နောက်ထပ် တစ်နေရာ။

ဟိုသရိုးလေဆိပ်ထဲက အကြွေစေ့ဖုန်းတွေဟာ အကုန်ပျက် နေတာလား မသိဘူး။ တစ်လုံးမှ ဆက်မရဘူး။ စိတ်ပျက်လက်ပျက်နဲ့ နောက်ပြန်လှည့်လာတော့ လူတွေ ရုတ်တရက် ရှင်းသွားတာကို သတိ ထားမိတယ်။ ဘာဖြစ်သွားတာလဲ မသေချာဘူးရယ်။ ကျနော့်အိတ်နဲ့ အိတ်ပေါ်တင်ထားတဲ့ ဖိုင်တွဲတွေဆီ ရောက်တော့ အနားကပ်လို့ မရ တော့ဘူး။ အဝါရောင် ပလတ်စတစ်ကြိုးတွေနဲ့ တားထားတယ်။ ရဲ ရဲတွေ ကလည်း အုံနေတာပဲ။ လန်ဒန်ဟာ အကြမ်းဖက်တိုက်ခိုက်ခံထားရတာ မကြာသေးတဲ့ ကာလကိုး။ ကျနော် ပစ်ထားခဲ့တဲ့ အိတ်ကြောင့် အကုန် ဒုက္ခရောက်ကုန်ပြီ ထင်တာပဲ။ မျက်နှာကို အတတ်နိုင်ဆုံး ပြုံးချိုတဲ့ပြီး အနားကပ်သွားတော့ ရဲတွေထဲက ရဲအရာရှိ လူဝကြီးက မောင်းထုတ်တယ်။ နောက်ဆုတ်လိုက်စမ်း တဲ့။

"အဲ့ဒါ မိုင် လတ်ဂေ့ချ်ပါ သခင်ကြီး..."

"ဘာ...."

"အကြွေစေ့ဖုန်းတွေက ပျက်နေတာ အဲ့ဒါ လိုက်ဆက်ရင်း.... ရဲတွေ ရှုုးရှုုးရှားရှားဖြစ်ကုန်တယ်။ ကွိစိ ကွစိတွေ အချင်းချင်း ပြောရင်း အိတ်ပေါ် တင်ထားခဲ့တဲ့ ဖိုင်တွဲထဲက ပဲ့စပို့နဲ့ ကျနော့်ရုပ်ကို တိုက်ကြည့်ပြီး အိတ်ပိုင်ရှင်မှန်း လက်ခံသွားဟန်တူပါတယ်။ ရဲလူဝကြီး က မျက်နှာနီနီနဲ့ ကျနော့်ကို မေးတယ်။

"မောင်မင်း လူကလေး၊ ဒီလို လေဆိပ်ထဲမှာ ခရီးသွားတဲ့အခါ ဘာအရေးအကြီးဆုံးလဲ သိလား"

"မိုင် ပဲ့စပို့ပါ သခင်ကြီး"

"ဘာလတ်ဒီးဟဲလ် မဟုတ်ဘူး၊ အဲ့ဒါမဟုတ်ဘူး ကိုယ့်ခရီး ဆောင် အိတ်ကို ပစ်မထားခဲ့ရဘူးကွ"

"မပစ်ပါဘူးခင်ဗျာ၊ အကြွေစေ့ဖုန်းတွေက ပျက်နေတာ၊ အဲ့ဒါ လိုက်ဆက်ရင်း..."

"ဟော့ရောင် မင်းတော်ကွာ"

နောက်ထပ် နှစ်နာရီ နီးပါးလောက် ကြာတော့ ကျနော်ဟာ အိတ်ကလေး ဆွဲလို့ လန်ဒန်အရှေ့ပိုင်း ရပ်ကွက်တစ်ခုက အိမ်ကလေး တစ်လုံးရှေ့ကို ရောက်သွားတယ်။ လူခေါ်ခေါင်းလောင်း တီးလိုက်တဲ့ အခါ အိပ်ချင်မူးတူးနဲ့ လူတစ်ယောက် တံခါးလာဖွင့်ပေးတယ်။ ကျနော့် ကို မြင်တော့ စပ်ဖြီးဖြီးရုပ်နဲ့ရယ်။

"ဟာ ... တာကော၊ ကျနော်အိပ်ပျော်နေတာ ဟီးဟီး ..." တဲ့။ အေး... ငါ့ကို ဟိဒ်သရိုးမယ် ရဲတွေဖမ်းတော့မလို့ကွ၊ ငါရိုးမ သားရဲ့" လို့ ကလော်ဆဲရင်း စိတ်ကိုလျှော့ချလိုက်မိတယ်။

ကိုလံဘတ်စ်၏ နေ့ရက်များ

ခင်ဗျား တက်ရမယ့် တက္ကသိုလ်က အင်္ဂလန်ရဲ့ အရှေ့မြောက် ဖက်မှာ ရှိတာ။ လန်ဒန်ကနေ သွားရင် ရထားလက်မှတ်က စတာလင် ပေါင် ၈၀။ ကြာချိန် ၂ နာရီ ၄၅ မိနစ်။ ဘတ်စ်ကားလက်မှတ်က စတာလင် ပေါင် ၁၂ ကျပ်။ ကြာချိန် ၈ နာရီခွဲ။ ဘတ်စ်ကားက တစ်မြို့ဝင် တစ်မြို့ထွက် သွားတာမို့ ကြာလိမ့်မယ်။ သို့သော် ဈေးသက်သာမယ်။ ကြိုက်တာ ရွေးပေတော့ တဲ့။

ညီတော်မောင်ရဲ့ စကားအဆုံးမှာ ကျနော့် ပိုက်ဆံအိတ်ကို ဖွင့်ကြည့်လိုက်တော့ စုစုပေါင်း ပိုင်ဆိုင်သမျှဟာ စတာလင်ပေါင် တစ်ထောင်တိတိ။ အဲ့ဒါတောင် အဒေါ်ယောက်ျားဖြစ်သူက လေယာဉ် ပေါ် တက်ခါနီး ပြန်ဆပ်စရာမလိုဘူး၊ ယူသွားကွာလို့ ထည့်ပေးလိုက်လို့ သာ။ မဟုတ်ရင် အင်္ဂလန်ကို ပိုက်ဆံမပါပဲ လာရမယ့် အနေအထားကိုး။ ဒါနဲ့ လေသံ ခပ်ပြတ်ပြတ်နဲ့ ပြန်ပြောလိုက်တယ်။

“ငါ့ကို အရင်ဦးဆုံး အိုင်းဇက်နျူတန်ရဲ့ အုတ်ဂူကို ပို့ပေးစမ်း၊ သိပ္ပံဖက် လေ့လာလိုက်စားတော့မယ် ဆိုတော့ ကွင်းပိုင်ကြီး ဘာကြီး ညာကြီး အစရှိတဲ့ ဆိုင်ရာပိုင်ရာတွေကို အကြောင်းကြား ဂါရဝပြုချင်တဲ့ သဘောပေါ့၊ အေး … အဲ့ဒါပြီးတာနဲ့ ဘတ်စ်ကားလက်မှတ်သာ ဖြတ် လိုက်ပေတော့ကွာ …” လို့။ အဖေကြီး နျူတန်ကို ဂါရဝပြုပြီးတာနဲ့ နောက်တစ်ရက်မှာ လန်ဒန်မြို့က ခွာတယ်။

တစ်ချိန်က ဗမာပြေမယ် ကျနော်သိခဲ့တဲ့ ဆေးကျောင်းသားလူပေါ်ကြော့လေးဖြစ်သူ ညီတော်မောင်ဟာ အင်္ဂလန်မှာ အင်္ဂလိပ်ဆေး ကုတဲ့ လိုင်စင်ရဖို့ ရုန်းကန်ရင်း ဘဝအတော်နာစ ပြုနေပြီ။ ဆူရှီဆိုင်မှာ ပန်းကန်ဆေးရင်း စုတ်ပြတ်သတ်နေတာပဲ။ ခုတော့ သူက အင်္ဂလန် မယ်တော်ဝင်သမားတော်ဘွဲ့ရကြီးပေါ့။ သူ့အဖို့ ကျနော့်ကို အတတ်နိုင် ဆုံး ပေးနိုင်တဲ့ အကူအညီက စတာလင်ပေါင် ၃၀ တန် ထမင်းပေါင်းအိုး ဝယ်ပေးလိုက်တာပါပဲ။

လန်ဒန်မြို့လယ်ခေါင် ဝိတိုရိယဘူတာရုံနဲ့ တွဲထားတဲ့ အဝေး ပြေး ကားဂိတ်က ဘတ်စ်ကားပေါ် တက်လိုက်ပြီး လိုက်ပို့တဲ့ ညီတော် မောင်ကို လက်ပြလိုက်တဲ့ အချိန်မှာ ကျနော့်မျက်နှာဟာ စိတ်အားငယ်ရ လွန်းလို့ ဆရာကြီး ရွှေဥဒေါင်းစကားနဲ့ ပြောရရင် ဘိန်းမှုန့်သာသာ လောက်ပဲ ကျန်တော့မယ်။ စက်တင်ဘာလ လန်ဒန်ရဲ့ မှုန်ပြာရီမှိုင်းကြီး ထဲ ဘတ်စ်ကားကြီး တရွေ့ရွေ့လိမ့်ပြီး ထွက်ခွာသွားတယ်။ ကျနော်ဟာ ဘယ်သောင်ဘယ်ကမ်း ဆိုက်ဦးမယ်

မရေရာပါဘူးလေ။

၈ နာရီခွဲလောက် ဘတ်စ်ကားပေါ် နေရတာဟာ အတော် မသက်မသာကြီးရယ်။ ကားပေါ်မှာ အိမ်သာပါလို့သာ ဆီး ခဏခဏသွား တတ်တဲ့ ကျနော့်အတွက် ခံသာနေတယ်။ ဘေးခုံမှာကျတဲ့ အင်္ဂလိပ် အဖွားကြီးက ဖော်ရွေလို့ တော်ပါသေးလား။ ဂွိုက်စ် ဆိုတဲ့ အဘွားကြီး။ မစ်ဒယ်ဘာရာစ် ဆိုတဲ့ မြို့ကလေးကို သွားမလို့တဲ့။ ကျနော်သွားရမယ့ မြို့နဲ့ မလှမ်းမကမ်းလို့ ပြောတာပဲ။ အတော်လေး လေပေးဖြောင့်လာကြ ပြီးတဲ့နောက်မှာ သူ ကျနော့်ကို အားပေးတယ်။

ငါ့သား အားမငယ်ပါနဲ့ငါတို့လမ်းခွဲပြီးရင်လည်း ငါ့ဆီကို စာရေးလို့ရပါတယ်။ မကြာမကြာလည်း လာလည်ပါ တဲ့။ ငါက ပင်စင်စားအဘွားကြီးပါ။ စာရေးတာ ဝါသနာပါတယ် တဲ့။

အဲ့လိုတွေ အားပေးပြီး သူ့ခရီးဆောင် ခြင်းတောင်းလေးထဲက အသားညှပ်ပေါင်မုန့်နဲ့ ဖျော်ရည်တွေကို တည်ခင်းတော့တာပါပဲ။ စိတ် အားငယ်နေတဲ့ ကျနော့်မှာ အတော်လေး အားတက်ခဲ့ရတယ်။ အဲ့ဒီလိုနဲ့ ခရီးစဉ် ရှည်လာတာနဲ့အမျှ ခရီးသည်တွေ နည်းစပြုလာတယ်။ မစ်ဒယ် ဘာရာစ်မြို့ကလေးကို ရောက်တော့ ကျနော့်ကို လိပ်စာလေးရေးပေးတဲ့ ပြီး အဘွားကြီး ဂွိုက်စ် ဆင်းသွားတယ်။

ဘတ်စ်ကားဒရိုင်ဘာရယ် ကျနော်ရယ်ပဲ ကျန်ရစ်တယ်။ နောက်ထပ် နှစ်နာရီလောက် နေတော့ မြို့တစ်ခုရဲ့ မြို့လယ်ခေါင် ဖြစ်ဟန် တူတဲ့နေရာမှာ ကားကို ထိုးရပ်လိုက်တယ်။ ဆိုင်းဘုတ်အရတော့ ပတ်ကလိန်း ဘတ်စ်ကားဂိတ် လို့ ရေးထားတယ်။ ဘတ်စ်ဒရိုင်ဘာက ကျနော့်ကို ပြောတယ်။

“ဂိတ်ဆုံးပြီ၊ ဆင်းတော့ ကောင်လေး…” တဲ့။

အိတ်တစ်လုံးနဲ့ ကျနော်ဟာ ညနေစောင်းခါစ မှောင်ကြောင် ကြောင် ရာသီဥတုကြီးရဲ့အောက်က တစ်ခါမှ မရောက်ဖူးတဲ့ နေရာမှာ အူလည်လည်နဲ့ မတ်တပ်ကလေး ရပ်လို့ပေါ့။ အေးစက်စက် လေတွေက လည်း တဝိုးဝိုးတိုက်လို့။ လူကလည်း ခိုက်ခိုက်တုန်နေခဲ့တယ်။

ဘယ်သွားရမှန်း ရေရေရာရာမသိတဲ့ ကျနော်၊ ၁၀ မိနစ် လောက် ကျီးကြည့် ကြောင်ကြည့်ရယ်။

နောက်တော့ တက္ကစီတွေ ဂိတ်ထိုးထားတဲ့ဆီကို အိတ်ဆွဲပြီး သွားတယ်။ တက္ကစီဒရိုင်ဘာတစ်ယောက်က ကျနော့်ကို တစ်ခုခုလှမ်း ပြောတယ်။ ဒါပေမယ့် သူပြောတာ အင်္ဂလိပ်ဘာသာစကား ဟုတ်ရဲ့လား လို့ ကျနော် သံသယဖြစ်သွားတယ်။ ဒါဟာ မကြာခင်မှာ ရင်ဆိုင်ရတော့ မယ့် နားလည်ရခက်တဲ့ ဂျော်ဒီလို့ခေါ်တဲ့ အင်္ဂလိပ်ဒိုင်ယာလက်တစ်ခု

ဖြစ်မှန်း အဲ့ဒီတုန်းက မရိပ်မိသေးဘူး။ မိမိ သွားလိုတဲ့ လိပ်စာစာရွက်လေးကို ထိုးပြလိုက်တော့ ခြေပာန်လက်ဟန်နဲ့ တက္ကစီပေါ် တက်ခိုင်းတယ်။ ကျနော် မတက်ရဲဘူး။ ၅၀၊ ၁၀၀ လောက် တောင်းနေရင် မခက်ပါလား။

“ဘယ်လောက်ကျမလဲ” လို့ အရင်မေးလိုက်တယ်။

“မီတာနဲ့ကွ” လို့ တက္ကစီသမားက ပြန်ဖြေတယ်။

“ခန့်မှန်းချေ ဘယ်လောက်ကျနိုင်မလဲ”လို့ ထပ်မေးတယ်။ တက္ကစီသမားက ပြုံးစိစိနဲ့ “လွန်ရောကျွံရော ၃ ကျပ်ပေါ့ကွာ” ဆိုမှ သက်ပြင်းချရင်း ကားပေါ်တက်လိုက်မိတယ်။

တက္ကသိုလ်ကျောင်းဆောင်ထဲ ရောက်တော့ ၂ ခန်းတွဲ ၄ ထပ် ဆောင်ကြီး တစ်ခုထဲမှာ ကျနော်တစ်ယောက်တည်းရယ်။ ကျောင်းဖွင့် ဖို့ တစ်ပတ်လောက်အလိုဆိုတော့ ကျောင်းသားတွေ အတော်များများ ရောက်မလာကြသေးဘူး။ ကြို့ဆိုရေးဌာနက ဝန်ထမ်းက အဆောင်သော့ လိုက်ဖွင့်ပေး၊ ရေချိုးခန်း အိမ်သာ ပြပေးပြီးတာနဲ့ လစ်သွားပြီ။ ကျနော့်မှာ စောင်ထူထူ အနွေးထည်ထူထူ မပါဘူး။ ရေချိုးတော့လည်း ရေနွေး ခလုတ် မဖွင့်တတ်ဘူး။ ရေအေးအေးကြီးနဲ့ အလိုလေး အဘလေး “တ” ပြီး ခပ်သွက်သွက် ချိုးပစ်လိုက်တယ်။ ရေချိုးပြီးတော့ ဗိုက်ဆာလာတယ်။ တစ်ခါမှ မရောက်ဖူးတဲ့ မြို့ကြီးက ဘယ်နားနေမှန်း မသိတဲ့ တက္ကသိုလ် အဆောင်ဝန်းထဲမှာ။ မီးရောင်လေးတွေကလည်း ခပ်မှိန်မှိန်နဲ့။

ဗမာပြေက ပါလာတဲ့ ဆစ်ကလက်တွေကို အဆောင်အပြင် ဖက် ထွက်ပြီး မီးတိုင်အောက်မှာ တစ်လိပ်ပြီး တစ်လိပ် ဖွာရင်း စိတ်အား ငယ်စ ပြုလာပြန်တယ်။ ဗိုက်ဟောင်းလောင်းနဲ့ ခေါင်းက ချာချာလည် ဘာမှ အစောင် မူးနေတာရယ်။ ကျနော့်အနာဂတ်ကို ကျနော်မသိဘူး။ လည်း မရေရာပါဘူးလေ။

ဒုတိယ ပျူးနစ်စစ်ပွဲ

ရောမ အင်ပါယာကို ကာသေ့ချ်တွေဟာ ပထမ ပျူးနစ်စစ်ပွဲမှာ ရှုံးနိမ့်ခဲ့ရသလိုပေါ့။

ကျနော်ဟာ လူ့ဘဝသက်တမ်း တစ်ဝက်လောက် နီးပါးမှာ အလဲလဲ အပြိုပြိုတွေချည့် ကြုံခဲ့ရတယ်။ ပင်လယ်ရပ်ခြားမှာ ကြုံရာ ကျပမ်း လုပ်ကိုင်စားသောက်ရင်း ဘဝကို ထူထောင်ဖို့ ကြိုးစားခဲ့သော်ငြား ထောင်ကျတန်းကျ ဖြစ်လိုဖြစ်၊ လူ့အဓောက်တန်းစားဘဝနဲ့ နေထိုင်ခဲ့ ရင်း အချစ်ကို ဆုံးရှုံးလိုဆုံးရှုံး၊ ဘာတစ်ခုမှ ကောင်းကောင်းကန်းကန်း ဖြစ်မလာခဲ့ပါဘူး။ နောက်ဆုံး ဇာတိရပ်မြေကို ပြန်သွားခဲ့ပြီး နယ်စပ်ဒေသ မှာ "ကားလမတ်ရဲ့ ပြင်သစ်ပြေ၏ ရုန်းကန်မှု" ဆိုတဲ့ ဘုတ်အုပ်ကြီး လွယ်အိတ်ထဲထည့်လို့ မှောင်ခိုကုန်ကူးတဲ့ ဘဝ ရောက်ခဲ့ရဖူးတယ်။ ငွေ ဖောဖောသီသီ ကိုင်ရတဲ့အလုပ် ဖြစ်တဲ့အလျောက် ဘီယာလေး တမြမြ လုပ်လိုက်၊ လေးကောင်ဂျင်ဝိုင်း တိုးလိုက်၊ တစ်ခါတလေ ငြီးငွေ့ လာတဲ့အခါ နယ်စပ်မျဉ်းပေါ်က ညောင်ပင်ကြီးအောက်မှာ ထိုင်ရင်း ဆစ်ကလက်လေးဖွာရင်း ကားလမတ်ရဲ့ဘုတ်အုပ်ကြီးကို ဟိုလှန်ဒီလှော ဖတ်ရှုလိုက်နဲ့ (မှောင်ခိုကုန်သည်နဲ့ လက်ဝဲဘုတ်အုပ်ကြီးက ဘာဆို ဘာဆိုင်လို့ လဲ) ကမောက်ကမ ဘဝကြီးနဲ့ ပေါ့။

အဲ့ဒီဘဝကနေ အတန်ငယ် ပျင်းရိလာတဲ့အခါ ဇာတိမြေက ပေါက်ရနော် ထွက်လာခဲ့ပြန်တယ်။ နီးနီးနားနား မဟုတ်ဘူး။ စိတ်ကူးပေါက်ရာ လျှောက်လုပ်ရင်း ဗြိတိသျှသခင်ကြီးတွေရဲ့ တိုင်းပြေအထိ ရောက်လာခဲ့ပြန်ပြီ။

ကာသေ့ချ်တွေဟာ ရောမ အင်ပါယာကို အာခံဖို့ ဒုတိယ အကြိမ် ပြန်လာခဲ့တယ်။ ပထမအကြိမ် ရှုံးနိမ့်ခဲ့တဲ့ ကာသေ့ချ်တွေ အတွက် စစ်သူကြီး ဟန်နီဘယ်လ်ဟာ ရောမအင်ပါယာရဲ့လက်အောက်ခံ ဟစ္စပန္နီယကို ဝင်တိုက်ပြီး ဒုတိယ ပျူးနစ်စစ်ပွဲကို ထပ်မံ စတင်ခဲ့တယ်။ အဲ့လ်ပ်တောင်တန်းတွေကို အာဖရိက တိုက်ဆင်ကြီးတွေ စီးနင်းလို့ ဖြတ်ကျော်တဲ့ပြီး ရောမအင်ပါယာကို ဝင်တိုက်ခဲ့တဲ့၊ အဲ့ဒီ ကာသေ့ချ် စစ်သူရဲကြီးရဲ့ လူတွေ ထင်မှတ်မထားတဲ့ လုပ်ရပ်ဟာ ကမ္ဘာ့သမိုင်းမှာ အထင်ကရ ဖြစ်ခဲ့ရဖူးတယ် မဟုတ်လား။ တစ်ဆယ့်ငါးနစ် တိုင်တိုင် ရောမအင်ပါယာ တစ်ခြမ်းကို သိမ်းပိုက် စိုးမိုးထားနိုင်ခဲ့တာ ဆိုကိုး။

အသေအချာကြီးတော့ ကျနော်သိတာ မဟုတ်ပါဘူးလေ။ ငယ်ရွယ်စဉ်က ဖတ်ဖူးတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီထုတ် ကမ္ဘာ့သမိုင်း မှတ်တိုင် များ ဆိုတဲ့ စာအုပ်အဟောင်းကြီးထဲ ဟိုတစ်စ ဒီတစ်စလောက် ဖတ်ခဲ့ဖူး တာပါ။ ကျနော် သိပ်သဘောကျတာက ကာသေ့ချ်တွေဟာ ပထမ တစ်ကြိမ် ရှုံးနိမ့်ခဲ့ပေမယ့် ဒုတိယအကြိမ် ပြန်လာရခဲ့တယ်။ အဲ့ဒါ အဓိက အချက်ပဲ။

မိန်းကမ်ပတ်စ်ထဲ ရောက်ပြီး ဟိုဟိုဒီဒီ လျှောက်မေးရင်း ကျောင်းသားကတ် ရတယ်။ ကျောင်းဝက်ဘ်ဆိုက်ထဲ ဝင်ပြီး နေ့စဉ် သင်ခန်းစာ လက်ချာအချိန်စာရင်း၊ သင်ပြီးသား လက်ချာဆလိုက်တွေ၊ နိုင်ငံတကာ တက္ကသိုလ်တွေရဲ့ စာကြည့်တိုက်တွေနဲ့ ချိတ်ဆက်ထားတဲ့ ပညာရပ်ဆိုင်ရာ ဂျာနယ်တွေ အစရှိတာတွေ ကြည့်ဖို့ ယူဆာနိမ်းတစ်ခု ရလာတယ်။ ကျနော် အမှတ်မမှားဘူးဆိုရင် **bg15ui** တဲ့။ အဲ့ဒါကို ဘယ်လိုသုံးရမလဲ လမ်းညွှန်တဲ့ စာရွက်လေးတစ်ခုပါ ရတယ်။ အဆောင် လခ ပထမအရစ် သွင်းရတယ်။ စတာလင်ပေါင် ၈၀၀ ပြောင်သွားပြီ။

ကျောင်းသားသမဂ္ဂ လို့ ဆိုင်းဘုတ်တပ်ထားတဲ့နေရာမှာ စတိုးဆိုင်တစ်ခု တွေ့တယ်။ ခေါင်းစွပ်ပါတဲ့ ခဲရောင် ဂွမ်းကပ်အနွေးထည် ဟူဒီတစ်ထည် ကို မြင်ပြီး အတော်သဘောကျနေမိတယ်။ ကျောင်းတံဆိပ် ရင်ဘတ် နေရာမှာ ပါသလို နောက်ကျောမှာကလည်း သိပ္ပံဌာန ဆိုတဲ့ စကားလုံး ကွေးကွေးလေး ပါတာကိုး။ လွမ်းမောရသော တက္ကသိုလ်နွေညများ ထဲက ဂျော့ချ်ကဲလားဟာ ဟားဗတ်တက္ကသိုလ်ရောက်လို့ စတိုင်ပင် ပိုက်ဆံလေးရတာနဲ့ ကျောင်းတံဆိပ်ပါ လွယ်အိတ်အစိမ်းလေးကို စွန့်စား ပြီး ဝယ်ခဲ့တာမဟုတ်လား။ ကျနော်လည်း ဒီအင်္ကျီလေးကို လိုချင်တာ ပေါ့။ ခက်တာက တစ်ထည် ၃၅ ကျပ် တဲ့။ ၅ မိနစ်လောက် ချီတုံချတုံ စဉ်းစားရင်း မျက်လုံးစုံမှိတ်တဲ့ပြီး ဝယ်လိုက်မိရော။ ဝယ်ဝယ်ပြီးချင်း ကိုယ်မှာ ဝတ်ထားတဲ့ ဖရီးဂျက်ကက် စစ်စိမ်းရောင်ကြီး(အဒေါ်ယောက်ျား စွန့်ကြဲလိုက်တာ၊ သူငယ်ငယ်က အမြဲတမ်းတနိုး ဝတ်တဲ့ ဟာကြီး) ကို ချွတ် တဲ့ပြီး ကျောင်းတံဆိပ်နဲ့ ဂွမ်းကပ်ဟူဒီကို ကောက်စွပ်ပစ်လိုက်တယ်။

စတိုးဆိုင်ဘေးက ကျောင်းသားသမဂ္ဂ ဘားဆိုတဲ့ ကောင်တာ ကို သွားတဲ့ပြီး တစ်ကျပ်တန် ဘီယာတစ်ပိုင့် မှာသောက်တယ်။ သုခ မြို့တော်ထဲက လန်ချားဝါလား ကုလားကြီးပြောသလို တစ်ခွက်ချလိုက် တာနဲ့ ဗိုက်ထဲ ကျားတစ်ကောင် ရောက်လာသလိုပဲ။ အစာအိမ်ထဲ အစာ မရှိတာ နာရီအတန်ငယ် ကြာသွားပြီဖြစ်တဲ့ ကျနော်ဟာ ချက်ချင်းဆို သလို ဘီယာကုန်သွားတာနဲ့ ရီတီတီဖြစ်လာတယ်။ အကျိုးဆက်က ကျနော့်ကိုယ်ကျနော် ရောမကို ဝင်တိုက်ဖို့ အသင့်ဖြစ်နေတဲ့ ကာသေ့ချ် စစ်သူကြီး ဟန်နီဘယ်လ် လို့ ထင်စပြုလာတာပဲ။ ပြုံးစိစိ မျက်နှာပေးနဲ့ အနီးနားပတ်ဝန်းကျင်က ကိုယ့်လို တက္ကသိုလ်ကျောင်းသား ဖရက်ရှာ လေးတွေကို လိုက်ငေးနေမိတယ်။

ခဏနေတော့ ကာသေ့ချ်စစ်သူကြီးဟာ အဆောင်ကို လေ လေး တချွန်ချွန်နဲ့ ပြန်တယ်။ အဆောင်က ဘုံသုံးတဲ့ မီးဖိုခန်းထဲ ဝင် တယ်။ တရုတ်ဆိုင်က ဝယ်လာတဲ့ အဒေ ၃ လုံး တံဆိပ် ဆန်အိတ်ထဲက ဆန်အနည်းငယ် ထုတ်ပြီး ထမင်းအိုးတစ်လုံး တည်တယ်။ ဝက်အူချောင်း တစ်တွဲ ကြော်တယ်။ ထမင်းကျက်တဲ့အခါ ထမင်းပူပူတစ်ပန်းကန်ထဲ ဝက်အူချောင်းကြော် လေးငါးချောင်း၊ မုန့်ညှင်းချဉ်၊ ဆီတိုဖူး အစီအစဉ် တကျ ထည့်ပြီး အားရပါးရ လွေးတယ်။

ဒုတိယ ပျူးနစ်စစ်ပွဲကို ဆင်နွဲဖို့ရာ စစ်သူကြီးအနေနဲ့ အားရှိဖို့ လိုမယ်မဟုတ်လား။

မြိန်ရေရှက်ရေ စားသောက်ပြီးတော့ အဆောင်ပြင် ထွက်ပြီး နေဆာလှုံရင်း ဆစ်ကလက်တစ်လိပ် ဖွာတယ်။ ဘောင်းဘီနောက် အိတ် ကပ်ကို မတော်တဆ စမ်းမိလို့ ပတ္တူအိတ်ကို ကိုင်မိတယ်။ ဆွဲထုတ်ပြီး အသာလေး ဖြဲကြည့်တော့ စတာလင်ပေါင် ၁၅၀ တိတိ ကျန်တယ်။

အဲ့ဒါဟာ ကာသေ့ချ်စစ်သူကြီး ဟန်နီဘယ်လ် ပိုင်ဆိုင်သမျှ စစ်အင်အားပဲ။ နောက်ထပ် တစ်ပြားမှ မရှိ။ ဟော့ဒီ အင်အားလေးနဲ့ ရောမကို အာခံရတော့မယ်ပေါ့လို့ တွေးရင်း ပြုံးတယ်။ ဆစ်ကလက်ကို နောက်ဆုံးတစ်ဖွာ ဖွာပြီး မီးသတ်လိုက်တယ်။ အဆောင်ထဲ ပြန်ဝင်လာ တယ်။ ဟန်နီဘယ်လ်တစ်ယောက် တစ်ရေးတမော အိပ်ပြီး အားမွေးရဦး မယ် မဟုတ်လား။

လက်မပြောက်သူနှင့်ဂျုံးအဇော့ဖ်အာ့ခ်

တက္ကသိုလ်တွေ စဖွင့်တဲ့ ပထမပိုင်းနေ့ရက်တွေမှာ ကျနော် အလုပ်အကိုင် တစ်ခုလောက်ရဖို့ ကြိုးစား ရှာဖွေကြည့်တာ အဆင်မပြေ ဘူး။ အဆက်အသွယ်မရှိပဲ စမ်းတဝါးဝါး ရှာနေတာဟာ အဆင်မပြေဖို့များလွန်းကြောင်းရိပ်မိလာတယ်။ ကျနော့်လို ပထ နှစ်ဘွဲ့ကြိုကျောင်းသားတွေဟာ ပါတီတက်လို့ ကောင်းတုန်း၊ စတူးဒန့်နိုက် လို့ လို့ ခေါ်တဲ့ အင်္ဂါညတွေမှာ နိုက်ကလပ်တက်ပြီး သောင်းကျန်းလို့ ကောင်းတုန်း ကာလတွေမှာ ကျနော့်မယ် ရင်တွေပူလို့ရယ်။ အိတ်ကပ်ထဲက ပိုက်ဆံ အခေါက်လေးဟာ တဖြေးဖြေး ပါးလျစပြုလာပြီ။ ဒါကုန်ရင် ဖျာပုံပြန်မယ် လို့ ငယ်ဘဝက အသုဘဖဲဝိုင်းတွေမယ် အော်ခဲ့ဖူးသလိုပေါ့။ ဒီပိုက်ဆံ လေး ကုန်ရင် ငါဘယ်လို အသက်ဆက်ရမလဲ တွေးရင်း အိပ်မပျော်တဲ့ ညတွေ များလာခဲ့တယ်။

အကြံတစ်ခု ရလာတာနဲ့ တစ်ရက်သား၊ တက္ကသိုလ် ကျောင်း သားရေးရာဌာနက ကောင်တာမှာ သွားမေးတယ်။ ဗမာပြေက လာတဲ့ ကျောင်းသားတွေ ရှိသလား၊ ဗမာကျောင်းသားများအသင်း အစရှိသဖြင့် ဖွဲ့ထားတာမျိုးကော ရှိသလားပေါ့။ ကောင်တာက ဝန်ထမ်းဖြစ်သူက ဗမာ ဆိုတာ မသိဘူးတဲ့။ ဗမာ မသိရင် ဘားမားကွာ ဆိုတော့ ဩော် . . ဘားမားတော့ သိတယ်။ ဗမာကျောင်းသားတော့ ငါတို့ဆီမယ် မရှိပါတဲ့။ လူပေါင်း နှစ်သောင်းကျော် ရှိတဲ့ ဒီတက္ကသိုလ်မှာ ဗမာက ငါတစ်ယောက် တည်းတဲ့လား လို့ တွေးမိပြီး ကျနော်စိတ်ပျက်သွားတယ်။ ဒီလို စုံစမ်းရင်း အကြောင်းရင်းက ဗမာကျောင်းသားတွေသာ ဒီတက္ကသိုလ်မှာ ခြင်း ရှိနှင့်နေခဲ့ရင် သူတို့ကနေဝ ကနေတစ်ဆင့် အလုပ်အကိုင် ဘယ်လိုရှာရတယ်။ ငါကတော့ဖြင့် ဘယ်မှာအလုပ်ရနေတာ အလုပ်လိုချင်ရင် ပြောပေးမယ် ဘာညာ အစရှိသဖြင့် အကူအညီလေးများ ရနိုင်မလားလို့ စိတ်ကူးယဉ်ခဲ့ ဘာကိုး။ စိတ်ပျက်ပျက်နဲ့ လှည့်အထွက်မှာ...

“ဟေးယာ ... အာယူဖရွန် ဘားမား” လို့ လေသံစူးစူးလေးနဲ့ အမေးခံရလို့ ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ ဆံပင်တိုတိုနဲ့ ကောင်မ လေး တစ်ယောက်ရယ်။ ခေါင်းညိတ်ပြလိုက်ပြီး နဝေတိမ်တောင်နဲ့ ဘာ ပါလိမ့်ပေါ့။ အံ့လိုကြီးဖြစ်ပြီး ငေးကြည့်နေတုန်း ဗမာလို ပီပီသသကြီး ပြောလာတယ်။

“ကျမလည်း ဗမာပဲရှင့် ...” တဲ့။

တက္ကသိုလ်ဝင်းထဲက ကာဖီဆိုင်မှာ အဲ့ဒီဆံတိုမလေးနဲ့ ကျနော် အတူထိုင်ရင်း မိတ်ဖွဲ့ ဖြစ်ခဲ့တယ်။ ကာဖီခွက်တွေ သွားယူတော့ သူ ပိုက်ဆံရှင်းတာကို အသာလေး မသိချင်ယောင်ဆောင်နေလိုက်တယ်၊ ကိုယ့်မှာလည်း ကိုယ့်ဒုက္ခနဲ့ ကိုယ်မလား။ နင်က ဘယ်မေဂျာကလဲ လို့ မေးတော့ ဘာမှပြန်မပြောဘူး ပြုံးစိစိရယ်။ သူက ဒီကျောင်းက မဟုတ် ဘူး တဲ့။ ကိစ္စရှိလို့ ခဏလာတာတဲ့။ ဒီနေ့ပဲ သူ့မြို့ကို ပြန်မယ်ဆိုတာပဲ ပြောတယ်။ ဪ ... တခြား တက္ကသိုလ်က ကျောင်းသူပေ့ါ။ ဘာ မေဂျာ လဲ ဆိုတော့ သိပ္ပံဖက်ပဲ တဲ့။ အတိအကျ ပြောချင်ဟန်မတူတာနဲ့ ထပ် မမေးဖြစ်ဘူး။ အလုပ်လုပ်သလား ဘာညာ စကားတောက်ကြည့်မိတယ်။ ငါက အလုပ်ရှာနေတာ အသည်းအသန်ရယ် ဘာညာပေ့ါ။ ပြန်လည်း မဖြေဘူး၊ ပြုံးပဲ ပြုံးနေတာရယ်။ ဘယ့်နှယ့် ကောင်မလေးမှန်း မသိပါဘူး။ နာရီဝက် တစ်နာရီလောက် စကားထိုင်ပြောပြီးတာနဲ့ ပြန်တော့မယ်ဆိုပြီး ထထွက်သွားတာပဲ။ သူ့အကြောင်း ကျနော် ဘာမှမသိလိုက်ဘူး။ ကျနော်ကသာ ဘယ်က လာတယ်၊ ဘာဘာသာရပ်နဲ့ ဒီကျောင်းမှာ တက် နေတယ် အစရှိသဖြင့် လျှောက်ပြောသမျှ နားထောင်ပြီး လစ်သွားတာ ရယ်။ မပြန်ခင် ဖုန်းနံပါတ်ချင်းတော့ လဲဖြစ်သွားတယ်။

နောက်တော့လည်း အဲ့ဒီ ဆံတိုမလေးကို မေ့မေ့ပျောက် ပျောက်ပါပဲ။ ရာသီဥတုကြမ်းတမ်းမှု (ဆောင်းဝင်လာတော့ နေရောင် မမြင်ရဘူး၊ အမြဲတမ်း မှောင်မိုက်နေတာ)၊ ဘာသာစကားအခက်အခဲ (နားလည်ရခက်တဲ့ အင်္ဂလိပ်ဒိုင်ယာလက်ကြောင့် ဒုက္ခ အတော်ရောက် ရတယ်)၊ ကျောင်းသင်ခန်းစာတွေ၊ အလုပ်အကိုင်ရှာမရမှု၊ အစရှိတဲ့ လောကဓံတွေနဲ့ လုံးချာလည်လိုက်နေခဲ့တာပေ့ါ။ ပေါင်မုန့်စက်ရုံမှာ နေ့ဆိုင်း ညဆိုင်းနဲ့ ပါကင်ထုပ်တဲ့ အလုပ်လေး နှစ်ပတ်လောက် ရလိုက်၊ အတူလုပ်တဲ့ ပိုလန်ကောင်တွေက ကန်ထုတ်လိုက်လို့ အလုပ်ပြုတ်သွား လိုက်၊ တရုတ်တန်းတို့ ဘာတို့မှာ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် မျက်နှာငယ်လေးနဲ့ အလုပ်လိုက်လျှောက်လို့ ဘူဖေးဆိုင်မှာ ပန်းကန်ပုံကြီးတွေကို တစ်နာရီ ၅ ကျပ်နဲ့ ထိုင်ဆေးတဲ့ အလုပ်လေး ရလိုက်၊ အဲ့ဒီ ဘူဖေးဆိုင် မီးဖိုချောင်ကို စိုးမိုးထားတဲ့ ပြည်ကြီးတရုတ်အုပ်စုနဲ့ စကားများပြီး တစ်ပတ်အကြာမှာ အလုပ်ပြုတ်သွားလိုက်နဲ့၊ ဘဝရပ်တည်မှုက ဘာမှ မမြဲဘူးရယ်။ ထမင်းဝဖို့တောင် အနိုင်နိုင်။ ဒီပုံမျိုးနဲ့ နောက်တစ်နှစ်စာ ကျောင်းလခကြီးကို ငါ ဘယ်နားကများ သွားရှာရမလဲလို့တွေးကြည့်တိုင်း လူက နောက်ကျိုသွားတတ်တယ်။

အဲဒီကာလတွေမှာ ဆံတိုမလေးဆီက **text message** လေး တွေ ဖုန်းထဲ ရောက်ရောက်လာတယ်။ အဆင်ပြေရဲ့လား၊ ရာသီဥတုဒဏ် အတော်ခံနေရပြီလား၊ အကူအညီလိုရင် ပြောပါ၊ အစရှိသဖြင့်ပေ့ါ။ ကိုယ့်ဘဝနဲ့ကိုယ် ရင်မောနေရတဲ့ ကျနော် သူ့ကို အာရုံသိပ်မရှိခဲ့ပါဘူး။ ပြန် ဖြေချင်တဲ့အခါ ချက်ချင်းပြန်ဖြေပြီး တစ်ခါတလေကျ သုံးလေးရက်နေမှ နေကောင်းပါတယ် ဆိုတဲ့ **text message** တစ်ခုလောက် ပြန်ပို့တတ် တာမျိုး။ သူ့ဖက်ကတော့ အတော် ကြီးကျယ်တဲ့ လူပဲလို့ ထင်နေမလားပဲ။ လူက ထမင်းဝဖို့အနိုင်နိုင် ဖြစ်နေတဲ့အခါမျိုးမှာ အဲ့လို ဖွန်ကြောင်သလို လို ဘာလိုလို ကိစ္စတွေကို စိတ်တောင်မကူးချင်ဘူး မဟုတ်လား။

တစ်ရက်သား၊ ကျနော့်မြို့ကနေ မိနစ် ၄၀ လောက် ရထားစီး သွားရတဲ့ တစ်ဖက်မြို့ကို ရောက်သွားတယ်။ အဲ့ဒီမှာ ဗမာမိသားစုအိမ် တစ်အိမ် ရှိတာကိုး။ သွားလည်ပတ် စားသောက်တယ်ပေါ့။ သူတို့က မိသားစုလိုက် နိုင်ငံရေးခိုလှုံခွင့်နဲ့ နေကြတဲ့ပုံစံမျိုးရယ်။ ကောင်းကောင်း မွန်မွန် ချက်ပြုတ်ကျွေးမွေး ပြုစုကြပါတယ်။ အသောက်အစားလေးတွေပါ ပါတယ်။ အရှိန်လေး နည်းနည်းရလာတော့ ကျနော့်ကို ဘာပြောတယ် မှတ်လဲ။ မင်းလည်း ဘဝကို အဲ့လိုကြီး ရုန်းကန်နေရတာ မလွယ်ပါဘူး ကွာ၊ လက်မြှောက်လိုက်ပါလားတဲ့။ ငါတို့ ကူညီမယ် တဲ့။ လက်မြှောက် တယ်ဆိုတာ နိုင်ငံရေးခိုလှုံခွင့် ခံလိုက်တာကို ပြောတာ။ ကျနော် ဘာမှ ပြန်မပြောဖြစ်ခဲ့ဘူး။ ပြုံးပြုံးပြုံးပြုံးနဲ့ စကားစမြည်ဆက်ပြောရင်း ခဏနေတော့ ထပြန်လာခဲ့တယ်။ အိမ်အပြန် ရထားပေါ်မှာ ကျနော်အတော်လေး မူးနေခဲ့တယ်။ စိတ်လည်း မူသိပ်မမှန်ချင်ဘူးရယ်။ အတော်ကြီး အထီးကျန်လွန်းတဲ့ ခံစားမှုကြီးနဲ့ အဲ့လိုမျိုးပေါ့။

အဲ့ဒီအချိန်မှာ ဆံတိုမလေး ဖုန်းဆက်တယ်။ **text message** တွေ ပို့နေတာ လေးငါးရက် ရှိပြီ၊ ဘာမှပြန်မပြောလို့ တဲ့။ တစ်ခုခုများဖြစ် နေသလား စိတ်ပူလို့ ဖုန်းခေါ်တာတဲ့။ အရက်မူးမူးနဲ့ စိတ်ထွေပြားနေတဲ့နော် ဘာတွေလျှောက်ပြောမိမှန်း မသိတော့ဘူး။ ဗမာအိမ်တစ်အိမ်ကို သွားလည်ပြီး အိမ်ပြန်နေတာ၊ ခု “ငါ မူးနေပြီကွာ”လို့။

“အစ်ကို အဆင်ပြေရဲ့လား၊ အသံက မူမမှန်တော့ဘူး၊ အဆောင်ပြန်မရောက်မှာ စိုးတယ်“တဲ့

သူပြောနေတာတွေကို ဂရုမစိုက်ဘူး။ ကျနော်ပြောချင်တာ တွေကို စွတ်ပြောတော့တာပဲ။

“ဟေ့ ... ညီမလေး၊ ငါ အခု ဒုက္ခ တအားရောက်နေတာ နင် သိလား၊ အဲ... ဒါပေမယ့် ဘယ်တော့မှ လက်မမြှောက်ဘူး”

“ဘာ လက်မမြှောက်တာလဲ အကိုရာ၊ အရှုံးမပေးတာကို ပြော တာလား” တဲ့။

“ဟေ့အဲ ... အဲ့ဒါမဟုတ်ဘူး၊ ငါခုသွားလည်ခဲ့တဲ့ မိသားစု က ငါ့ကို နိုင်ငံရေးခိုလှုံခွင့် ခံခိုင်းတာ၊ အဲ့ဒါ ငါမလုပ်နိုင်ဘူး၊ ငါမလိမ်ချင် ဘူး၊ ငါအချောင်သမား မဖြစ်ချင်ဘူး၊ အဲ့ဒါလုပ်လိုက်ရင် ကျောင်းလခ ပေးစရာမလိုတော့ဘူး လို့ ပြောတယ်၊ ထမင်းဖိုးရမယ်လို့ ပြောတယ်၊ အဲ... ငါငတ်လို့ သေသွားပလေ့စေ၊ အဲ့ဒါမျိုးမလုပ်ဘူးကွာ နင်သိလား”

ကျနော် အဲ့လိုတွေ အော်ဟစ်ပြောနေတာကို သူ ငြိမ်ပြီး နားထောင်နေတယ်။ ဘာမှပြန်မပြောဘူး။

“ငါ ဗမာပြေမှာတုန်းက ဘယ်သူ့မှ မတော်လှန်ခဲ့ဖူးဘူး၊ ငါ့ လိပ်ပြာ ငါမလုံဘူး၊ ငါ မလုပ်ပါရစေနဲ့ဟာ သိလား၊ ငါ မလုပ်နိုင်ဘူး”

အဲ့လိုတွေ တတွတ်တွတ် ရွတ်နေတာကို သူသည်းခံပြီး နားထောင်ပေးနေခဲ့တယ်။ ဖုန်းကို လုံးဝမချဘူး။ ကျနော်ဆင်းရမယ့် ယူနီဗာစတီ ဘူတာရောက်တော့၊ ဒါပဲ ညီမလေးရာ ဂွတ်နိုက် ဆိုတာကို ဟင့်အင်း ဆိုပြီး ဖုန်းအချမခံဘူး။ ကျနော် အဆောင်ရောက်တဲ့အထိ စကားဆက်ပြောပေးနေခဲ့တယ်။ အဆောင်ပြန်ရောက်ပြီး အိပ်ရာပေါ် လှဲချလိုက်ပြီ ဆိုတော့မှ “အကို အိပ်တော့နော် …” ဆိုပြီး စိတ်ချလက်ချ ဖုန်းချသွားခဲ့တယ်။ ကျနော်လည်း ထိုးအိပ်လိုက်တာ တုံးခနဲပဲ။

အိပ်ရာနိုးလာတော့ **text message** တစ်ခု တွေ့တယ်။ “အကို အိပ်ရာက နိုးရင် ဖုန်းဆက်ပါ” တဲ့။ ဖုန်းခေါ်လိုက်တော့ ချက်ချင်း ကိုင်တယ်။

“ဟေး အကို … စိတ်ပြေလက်ပျောက် ညီမလေးဆီ လာခဲ့ပါ လားကွ” တဲ့။ ကျနော် ဘာမှပြန်မဖြေပဲ ငြိမ်နေမိတယ်။

“ဘာလဲ၊ အဝေးကြီးမို့ ရထားလက်မှတ်ခ ဈေးကြီးလို့ မလာ ချင်တာမလား၊ တစ်ဝက်ခ ရှင်းပေးမယ်လေ” တဲ့။ “လာသာ လာခဲ့ပါ အကိုရာ၊ ညီမလေး နန်းကြီးသုတ် လုပ်ကျွေးမယ်၊ အရက်နဲ့ ဆစ်ကလက် လည်း တိုက်မယ်၊ လာမယ် မဟုတ်လား” တဲ့။

အဲ့ဒီနေ့က တနင်္ဂနွေနေ့ကြီး။ ညနေစောင်း မိုးချုပ်စမှာ ကျနော် သူ့မြို့ကို ရောက်သွားတာပဲ။ နှင်းမှုန်တွေ ရစ်သိုင်းနေတဲ့ ဘူတာရုံ သေးသေးလေးရဲ့ စင်္ကြံပေါ်မှာ ကျနော့်ကို ဆံတိုမလေး စောင့်နေခဲ့တယ်။ တွေ့တွေ့ချင်း အသာလေး အနားကပ်သွားပြီး ရင်ချင်းအပ် ဖက်လိုက် တော့ တတောင်ဆစ်တွေနဲ့ ကျနော့်ရင်ဘတ်ကို ထောက်ပြီး တွန်းထား တယ်။ မျက်နှာက ရှက်ဝဲဝဲရယ်။ ဒါ ဘာလုပ်တာလဲ ဆိုတဲ့ အမူအရာနဲ့ အောက်နှုတ်ခမ်းကို ကိုက်ထားတယ်။ ကျနော်ကတော့ မအီမလည် အခြေနေကို ထိန်းတဲ့အနေနဲ့ တဟားဟား အော်ရယ်နေလိုက်တာပါပဲ။

သူ့အိမ်ရောက်တော့ အတူနေတဲ့ သူငယ်ချင်းတွေနဲ့ မိတ်ဆက် ပေးတယ်။ ပထမနှစ် ကျောင်းသားပါ ဆိုတော့ သူ့သူငယ်ချင်းနှစ်ယောက်က နည်းနည်း အံ့ဩဟန် ပြတယ်။ သူတို့က တက္ကသိုလ်က ဆရာတွေ ဆိုလား။ ကျနော်လည်း ဘာမှ သိပ်မတွေးအားပါဘူး။ ရေမိုးချိုးတဲ့ပြီး အိမ်ရှင်မလေး ပြင်ပေးတဲ့ နန်းကြီးသုတ်ကို အားရပါးရ လွေးတယ်။ ဟင်းခါး သောက်တယ်။ ဝီစကီ ၃ ပက်လောက် တွယ်တဲ့ပြီး အိမ်အပြင် ထွက် ဆစ်ကလက်ဖွာတယ်။ ဆံတိုမလေးနဲ့ အာလူးဖုတ်တယ်။ ခဏနေ တော့ သူပြင်ထားပေးတဲ့ အိပ်ရာမှာ ထိုးအိပ်ပစ်လိုက်တာပါပဲ။

နောက်တစ်နေ့ မိုးလင်းတော့ မနက်စာ အတူစားပြီးတာနဲ့

ညီမလေးအလုပ်ကို ခဏလိုက်ခဲ့မလား တဲ့။ သူ ဘာလုပ်မှန်းလည်း ကျနော် အသေချာ မသိပေမယ့်လို့ သွားကြတာပေါ့ဆိုပြီး ထလိုက်သွား ခဲ့တယ်။ ရောက်သွားတဲ့ နေရာက တက္ကသိုလ်ဝန်းတစ်ခုဖြစ်နေတယ်။ သူက ကျောင်းသူမဟုတ်ဘူးလား၊ ကျောင်းထဲမှာ ဘာအလုပ်လုပ်တာ လဲ မသိဘူး ဆိုပြီး ဇဝေဇဝါရယ်။

နောက်တော့ သိပ္ပံဌာနက ဓာတ်ခွဲခန်း လို့ ဆိုင်းဘုတ်တပ် ထားတဲ့ အခန်းထဲ သူ ခဏဝင်သွားတယ်။ ကျနော် အူတိအူကြောင်နဲ့ ထိုင်စောင့်တယ်။ ခဏနေတော့ ယူနီဖောင်းနဲ့ ဆံတိုမလေး အပြင်ကို လှစ်ခနဲထွက်လာတယ်။ အပြုံးချိုချိုနဲ့ ”ပြီးခါနီးပြီနော်အကိုရေ၊ ခဏလေး စောင့်ပါဦး၊ ဒါပြီးရင် ညီမလေးတို့ မြို့ထဲလျှောက်လည်ကြမယ် သိလား” တဲ့။ သူ့ရင်ဘတ်မှာ ချိတ်ထားတဲ့ ရင်ထိုးကို ဖျတ်ခနဲ လှမ်းကြည့်လိုက် တော့…

ဒေါက်တာ နန်းမေမေကြည် စီနီယာ သိပ္ပံပညာရှင်… တဲ့။ သောက်ကျိုးနဲ့ဗျာ။

ခွေးပိန်တစ်ကောင်၏ ရန်လိုနေသော နေ့ရက်များ

အဲ့ဒီနေ့က သူ့အလုပ်ကိစ္စပြီးတော့ ကျနော်တို့ နှစ်ယောက် သား မြို့ထဲဖက် သွားလည်ကြတယ်။ တက္ကသိုလ်မြို့လေး ပီသစွာ၊ ရှုပ်ရှုပ် ထွေးထွေး စည်စည်ကားကား မရှိလှပါဘူး။ မြို့လယ်ခေါင်မှာ ရှမ်းပြေက ၅ ရက် တစ်ဈေးလို ယာတောထွက် သီးနှံတွေ ရောင်းချတဲ့ ဈေးလေး ရှိတယ်။ အဲ့ဒီဈေးလေးထဲ ဟိုပတ်ဒီပတ်ပေါ့။ အသီးအနှံလေး၊ နို့ထွက် ပစ္စည်းလေး နည်းနည်းပါးပါး သူ ဝယ်တယ်။ စတိုးဆိုင်ထဲ ဝင်ပြီး ဘီယာ ပုလင်းအစိမ်းလေး တစ်ကတ်လောက် ဝယ်တယ်။ ရစ်ချ်မွန့်တံဆိပ် ဆစ်ကလက်ဘူး အပြာရောင်လေး ဝယ်ပြီး “ရော့ … အကို့အတွက်” ဆိုပြီး ကမ်းပေးတယ်။ ငွေကြေးအခြေနေအရ ကျနော်က ဆေးစာထုပ် လေးဝယ်၊ ဖယောင်းစက္ကူနဲ့ လိပ်ပြီး ပွတ်ချွန်းသောက်နေရတဲ့ ဘဝ ဖြစ်နေ ပြီ ဆိုတော့ ငတ်ကြီးကျပြီး ဝမ်းသာအားရ ယူမိတာပါပဲ။

ဈေးဝယ်ခြင်းအမှု ပြီးတော့မှ ကာဖီဆိုင်လေးတစ်ခုမှာ ကာဖီရည်မြဲ့နှစ်ယောက်သား ဆစ်ကလက်တူတူ ဖွာလိုက်နဲ့ ရောက်တတ်ရာရာတွေ ပြောကြတာပါပဲ။

အဲ့ဒီနေ့က ပုံမှန်အားဖြင့် ပါးရှားလွန်းတဲ့ နေရောင်ခြည်ဟာ မြို့ကလေးပေါ် ဖြာကျနေတာရယ်။ နေဆာလေးလှုံရင်း၊ ကာဖီရည် ဆိမ့်ဆိမ့်လေးကို သောက်ရင်း ဆံတိုမလေး (နောင်အခါမှာ ကျနော့်ညီမ လေး ဒေါ်နန်းမေမေကြည်ပေါ့လေ) နဲ့ ကျနော်ဟာ စာပေတွေ၊ ရုပ်ရှင် တွေ၊ ဂီတတွေ၊ အို … စုံစိနေအောင် လက်ကုန်ဖွင့်ပြီး ပြောကြတော့ တာပေါ့။ ခင်ဗျားတို့ သိတဲ့အတိုင်း၊ ဝါသနာပါတဲ့ အရာတွေက သွားတူ လိုက်တဲ့ အခါမျိုးမယ် လူက ဘာရိတ်အုပ်လို့ကို မရတော့တာမျိုး မဟုတ် လား။ တစ်ခါတလေကျတော့ အမြင်မတူတဲ့ စာပေအယူအဆတွေမယ် အငြင်းအခုံလေးတွေ ထထဖြစ်တယ်ပေါ့။ ဒါပေမယ့် နှစ်ယောက်သား ပြုံးတုံ့လှယ်တွေ ဖြစ်နေကြတာ။ ကျေနပ်နေကြတယ်ပေါ့။

တကယ်တမ်းက အနောက်တိုင်းစာပေတွေ အကြောင်း ပြော တဲ့အခါ ကျနော့်အဆင့်ဟာ သူနဲ့ မိုးနဲ့မြေလို ကွာခြားလွန်းပါတယ်။ ဖက်ပြိုင်ငြင်းလောက်ရအောင် မစွမ်းသားပါဘူး။ ဒါပေမယ့် အပြန်အလှန် အားဖြင့် ဗမာစာပေအကြောင်း ပြောကြတဲ့အခါလည်း ထင်သလောက် သူ မပြောနိုင်ပြန်ဘူး။ ကျနော်ပြောသမျှ ပါးစပ်အဟောင်းသားနဲ့ ငေးနေ ရတာပါပဲ။ အဲ့ဒီမှာအလစ်အငိုက် သုံးပြီး ကျနော် ဖျတ်ခနဲ မေးလိုက်တယ်။

"မင်း ဒီတိုင်းပြေကို ဘယ်တုန်းက ရောက်နေတာလဲ" လို့။ "၈ နှစ် သမီး လောက်ကတည်းက" တဲ့။

ဒါကြောင့်ကိုး လို့ပြောရင်း ကျနော်ပြုံးနေလိုက်တယ်။ ဗမာ စကားကို လိပ်ပတ်လည်အောင် ပြောတတ်နေသေးတာ၊ ဗမာစာအုပ် ဖတ်နိုင်တာကိုပဲ ကျနော် အတော်အံ့ဩနေတာရယ်။ သူ့ဘဝ သူ့ဇာတ် ကြောင်းတွေ ကျနော် ထပ်ပြီး မစပ်စုပါဘူး။ သူဟာ ကျနော်ထင်သလို ဒီတိုင်းပြေမှာ ခဏတာ ကျောင်းလာတက်နေတဲ့ ဗမာကျောင်းသူ မဟုတ်ဘူး

ဆိုတာ မူလတွေ့စကတည်းက သူ့အင်္ဂလိပ်စကားပြောတဲ့ လေသံကို ကြားခဲ့လျက်နဲ့ မရိပ်မိခဲ့တာ ကျနော်ညံ့တာပေါ့။ နာမည်ကြီး တက္ကသိုလ် အလုပ်လုပ်နေတဲ့ သိပ္ပံပညာရှင်မကြီး ဖြစ်နေတာကိုး။ ကျနော်နဲ့ စတွေ့ခဲ့စဉ်ကလည်း ကျနော့်တက္ကသိုလ်မှာ ကွန်ဖရင့်စ်လာတက်တာတဲ့။ အဲ့ဒါကို ဘုမသိဘမသိနဲ့ သူလိုကိုယ်လို ကျောင်းသူထင်တဲ့ပြီး ကျနော် ဟဲ့ကောင်မလေး ဘာညာနဲ့ သွားဟောက်နေလိုက်သေးတာရယ်။ သူ့စိတ်ထဲ ကြိတ်ရယ်ချင်နေမှာပေါ့လေ။

ဒါပေမယ့် ဟန်ကိုယ့်ဖို့ ဆိုသလိုပါပဲ။ မင့်ဖာသာ ဘာကြီးဖြစ် နေနေ ငါဂရုမစိုက်ပါဘူးဆိုတဲ့ အချိုးမျိုးနဲ့ သူ့ကို ဆက်ဆံနေလိုက်တယ်။ အိမ်ပြန်ရောက်တော့ နေ့လယ်စာ ချက်ပြုတ်စားသောက်ရင်း ဝယ်လာ တဲ့ ဘီယာနည်းနည်းမော့ကြ၊ စကားတွေက အမျှင်မပြတ်ကြဘူး။ ညနေ စောင်းတော့ ကျနော်ပြန်ဖို့ ပြင်တယ်။ အကို့အတွက်ဆိုပြီး ချိုင့်တွေ ပလုံး တွေ ပလတ်စတစ်ဘူးလေးတွေနဲ့ ဟင်းတွေချက်ပြီး ထည့်ပေးလိုက် သေးတယ်။ အငတ်ကြီး ကျနော်ကလည်း ပေးသမျှကို မျက်နှာပြောင် တိုက်ပြီး ပါဆယ်ယူတာပါပဲလေ။ ပြီးတော့ သူ့ရှေ့မှာ လက်ဝါးဖြန့်တယ်။

"ငါ့ကို ပြောထားတဲ့အတိုင်း ရထားလက်မှတ်ခ တစ်ဝက် မစပါ" လို့။ သူ ခွိခနဲ တစ်ချက်ရယ်ပြီး ကတိအတိုင်း ထုတ်ပေးရှာပါတယ်။

ဘူတာရုံကို လိုက်ပို့ရင်း သူ့မျက်နှာက တစ်မျိုးရယ်။ မျက်နှာ သိပ်မကောင်းဘူး။ အကိုကလည်း ခဏလေးနဲ့ ပြန်သွားပြီ၊ စိတ်ထဲ တစ်မျိုးကြီးပဲ တဲ့။ ကျနော် မကြားချင်ယောင်ဆောင်နေမိခဲ့တယ်။ ရထား ပေါ်တက်ခါနီးတော့ ကျနော့်ကို ခပ်တိုးတိုးပြောတယ်။

"ဒီလောက် ဒုက္ခရောက်နေပေမယ့် အကို လက်မမြှောက်တာ ကို သဘောကျတယ် သိလား" တဲ့။

ကျနော် သူ့လက်မောင်းကို လက်သီးနဲ့ ခပ်ဖွဖွတစ်ချက်ထိုးပြီး ရထားပေါ်တက်ခဲ့တယ်။

ကျနော့်မြို့ကို ပြန်ရောက်တော့ မူလ လောကဓံ ဝဲဂယက်ထဲ ကျနော်

ချာချာလည်နေပြန်တာပါပဲ။ ကျောင်းတက်လိုက်၊ အလုပ်ရှာ လိုက်၊ မသေအောင် စားရတဲ့ ထမင်းဟင်းအတွက်က လွဲပြီး ကျန်တာကို ရေတောင် ဝယ်မသောက်ပဲ ချိုးခြံချွေတာလိုက်၊ အနာဂတ်အတွက် ရင်မောလိုက်နဲ့ ဘဝကြီးကို ဆက်ဖြတ်သန်းနေခဲ့တယ်။ အဆောင်လခ ဒုတိယအရစ် စတာလင်ပေါင် ၆၀၀ လာသွင်းပါဆိုတဲ့ စာကလည်း တစ်စောင်ပြီး တစ်စောင် ရောက်ရောက်လာတယ်။ ကျနော်ကလည်း အဲ့ဒီစာတွေကို အမှိုက်ပုံးထဲ ထည့်ထည့်ပစ်လိုက်တာပါပဲ။ ဘဝကြီးက မွန်းကြပ်လွန်းနေခဲ့ပြီ။

အဲ့ဒီလိုနဲ့ တစ်နေ့မှာ ဒေါက်တာနန်းမေမေကြည်ဆီက ဖုန်း လာတယ်။"အကို့ဆီ လာနေပြီ"တဲ့။ "ရထားပေါ်မှာ..." တဲ့။ ဒုက္ခဗျာ။ ထမင်းဝတ်လုနီးပါး ဖြစ်နေပါတယ်ဆို ဧည့်သည် လာမယ်တဲ့လား။ ပိုက်ဆံအိတ်ထဲမလည်း တစ်ဆယ်တန်လေး ၃ ရွက် ရယ်။ ဒါပေမယ့် မျက်စိစုံမှိတ်တဲ့ပြီး ဈေးဝယ်ထွက်ရတော့တာပါပဲ။

ကြက်ကြော် အနီရဲရဲ၊ ခရမ်းချဉ်သီးဖျော်၊ ကြက်ဥနဲ့ အသီး အရွက်တွေ ရောထားတဲ့ အစိမ်းကြော်၊ ပဲနီလေး ဟင်းရည် ... အဲ့ဒါလေး ပြင်ပြီး ထိုင်စောင့်နေရတာပေါ့။ ညနေစောင်းမှာ ပြုံးဖြဲဖြဲနဲ့ ဒင်းလေး ရောက်လာတော့ ရေမိုးချိုးတဲ့ပြီး ကျနော့်လက်ရာ ထမင်းဟင်းတွေကို အားပါးတရ လွေးတော့တာပဲ။ တယ် အစပ်အဟပ် တည့်တာပဲ တဲ့။ အကိုနဲ့ ညားတဲ့ မိန်းမတော့ ကံကောင်းမှာ ဆရာ တဲ့။

ငါ့ကို ရိသဲ့သဲ့ လာမလုပ်ပါနဲ့ လို့ ပြန်ပောက်လိုက်တော့ ခွိခနဲရယ်လိုက်တာ ဖူးခနဲ ဖြစ်ပြီး ဟင်းချိုတွေတောင် သီးသွားတယ်။ အတော် မျက်နှာပြောင်တဲ့ ကလေးမ။

စားသောက်ပြီးတော့ မြို့ထဲအတူ လမ်းလျှောက်သွားကြတယ်။ ဘားတစ်ခုထဲ ဝင်တဲ့ပြီး တစ်ခွက်တစ်ဖလား ချတယ်။ ဘားထဲက ဘီလီ ယက်ခုံမှာ ပူးလ်ဆော့တယ်။ ရုပ်ရှင်တစ်ကား အတူဝင်ကြည့်တယ်။ အဆောင်ပြန်ရောက်တော့ ကျနော့်အိပ်ရာပေါ် တက်အိပ်တဲ့ပြီး ကျနော့် ဖတ်လက်စ ဗမာစာအုပ်တစ်အုပ်ကို ယူဖတ်နေတယ်။ ကျနော်ကတော့ စိတ်အိုက်အိုက်နဲ့ စာကြည့်စားပွဲမှာ ကျောင်းစာ ထိုင်လုပ်နေတာပေ့ါ။

ပြဿနာက ကျနော့်အဆောင်က အိပ်ခန်းလေးဟာ ပုစိပေါက်စောက်ကလေးရယ်။ အိပ်ရာဆိုလို့လည်း အဲ့ဒီခုတင်လေးတစ်လုံး ပဲ ရှိတာ။ ညဉ့်နက်လာတော့ ကျနော် အိပ်ငိုက်လာတယ်။ မခံနိုင်တော့ ဘူး။ သူ့ကို လှမ်းကြည့်လိုက်တော့ နံရံဖက်ကပ်ပြီး အိပ်ပျော်နေပြီ ကိုင်း မတတ်နိုင်ပါဘူးလေ ဆိုပြီး အိပ်ရာပေါ်တက်၊ သူ့နံဘေးနားမှာပဲ လှဲချပြီး ဝင်အိပ်ပစ်လိုက်မိတယ်။

မနက်မိုးလင်းတော့ ဆံတိုမလေး မရှိတော့ဘူး။ ကျနော့်ကို မနှိုးပဲ ပြန်သွားဟန်တူရဲ့။ ကျနော်ရေမိုးချိုးပြီး ကျောင်းသွားတယ်။ မနေ့ က ဟင်းကျန် ထမင်းကျန်တွေ ရှိနေသေးတဲ့အတွက် ဗိုက်ဖြည့်ဖို့က ရနေ သေးတယ်။

နောက်တစ်နေ့ရောက်တော့ စားစရာရယ်လို့ ဘာမှမကျန် တော့ဘူး။ ပိုက်ဆံလည်း တစ်ပြားမှ မရှိတော့ဘူး။ ရေတွေချည့် ညှ် လှိမ့် သောက်နေရတယ်။ အဆောင်ပြန်မလာပဲ တက္ကသိုလ်စာကြည့်တိုက် စာထိုင်ဖတ်နေလိုက်တာ တစ်နေကုန်ပဲ။ ညနေစောင်း အဆောင်ပြန်လာ တော့ လူက ဆာလွန်းလို့ လက်တွေပါ တုန်နေပြီ။ အကြွေစေ့လေး ဘာလေး တွေ့လိုတွေ့ငြား စာကြည့်စားပွဲ အံဆွဲကို ဖွင့်ပြီး မွှေနှောက်ကြည့်မိတယ်။

ဘုရား... ဘုရား ... ၂၀ တန်လေး တစ်ချပ် ထွက်လာတယ်။ ကံကောင်းချက်ဗျာ။ အဲ့ဒီ ၂၀ တန်လေးကို ကိုင်တဲ့ပြီး အဆောင်နားက ၂၄ နာရီ ဖွင့်တဲ့ ကုန်တိုက်ကို တန်းပြေးတာပဲ။

ထမင်းဟင်းတွေ ပလုတ်ပလောင်းဝါးရင်း အို ... အရသာရှိ လိုက်တာပေါ့။ ဖန်ခွက်ထဲက အချိုရည်ကို တစ်ကျိုက်ကျိုက်ရင်း ဘဝဟာ တယ် သာယာပါလားပေါ့။ အဲ့ဒီအချိန်မှာ ဆံတိုမလေးဆီက ဖုန်းဝင်လာ တယ်။“ဘာလုပ်နေတာတုံး အကိုရေ...” တဲ့။

“ထမင်းစားနေတာဟ၊ ဘိုင်အပြတ်မယ် မတော်တဆ ပစ်ချ ထားတဲ့ ၂၀ တန် တစ်ချပ်ကို ရှာတွေ့တာဟာ သမိုင်းဦးဘုံမြေစနစ်မယ် မီးကို လူသားတွေ စတင်ရှာဖွေတွေ့ရှိတာလောက်ကို အရေးပါတာကိုး သိလား...” ပေါ့။

သူက ဖုန်းထဲကနေ တဟားဟား ရယ်နေတာပါပဲ။ ခဏ လောက် စကားစမြည်ပြောပြီး ဖုန်းချသွားတယ်။ အစာရေစာ လုံလောက် စွာ ရသွားတဲ့ ကျနော်လည်း ပျော်ရွှင်ချမ်းမြေ့စွာနဲ့ အဲ့ဒီညမှာ အိပ်စက်နိုင် ခဲ့တယ်။

နောက်နေ့မနက် အိပ်ရာနိုးတော့ ချက်ချင်း မထဖြစ်ဘူး။ အိပ်ရာခေါင်းရင်း စင်ကလေးပေါ်က ဖတ်လက်စ အင်္ဂါစကာဝိုင်းရဲ့ သည်ပစ်ချားအဇာ့ဖ် ဒေါ်ရီယံဂရေး စာအုပ်ကို ယူပြီး ဟိုလှန်ဒီလှန် အလုပ် မှာ ၂၀ တန် တစ်ချပ် ထွက်လာပြန်ရော။

ကျနော့်စိတ်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်။ ဆိုလိုတာက ကျနော့်မှာ ဒီလောက်မှ ပိုက်ဆံ မပေါတာဗျာ။ လူက စိတ်တိုစပြုလာ တယ်။ ဆတ်ခနဲ ထတဲ့ပြီး ဘောစင်မှာ မျက်နှာသစ်တယ်။ သွားတိုက်ဖို့ သွားပွတ်တံကို လှမ်းအယူ ခွက်ထဲမှာ တွေ့ပြန်ပြီ ၂၀ တန်။ ဒီတစ်ခါ တစ်ချပ်တည်း မကဘူး။ အလိပ်လိုက်ကလေး။ ယူပြီး ဖြည်ကြည့်လိုက် တော့ အများကြီးပဲ။ စာကြည့်စားပွဲပေါ်က ကွန်ပါဘူးကို ယူဖွင့်ကြည့်လိုက် တော့လည်း ၂၀ တန်အထပ်တွေ ထည့်ထားတယ်။

ဒေါသကို ချုပ်တည်းပြီး ဒေါက်တာနန်းမေမေကြည် ဆိုတဲ့ မိန်းမကို ဖုန်းခေါ်လိုက်တယ်။ ဗြိတိသျှသံ ဝဲတဲတဲနဲ့ ပြန်ဖြေတယ်။

“ယူအဓာရိုက် အကို...”

“အေး၊ ၂၀ တန်တွေက ဘာလုပ်တာလဲ၊ ငါ့အခန်းလာပြီး ပံ့သကူ ပစ်သွားတာလား”

“ငါမေးနေတာ ဖြေလေ”

“မနေ့က ငါပိုက်ဆံ၂၀ တန် ကောက်ရတယ်ဆိုပြီး ပြောတော့ မင့်စိတ်ထဲ လျောင်ရယ်နေမှာပေါ့ဟုတ်လား”

“ငါ့ကို အဲ့လိုလာမလုပ်နဲ့ကွ၊ ငါသူတောင်းစားမဟုတ်ဘူး မင်း နားလည်လား”

“ဒေါ်နန်းမေမေကြည် … ယီးဖြစ်လို့ ငါ့ကို စကားပြန်မပြောတာလား”

ကျနော်ဒေါသနဲ့ ကုန်းပြီး အော်ဟစ်နေမိတယ်။ သူဘာမှ ပြန် မပြောဘူး။ အတန်ကြာအခေါင် တိတ်နေပြီးတော့မှ ရှိုက်သံစွက်နေတဲ့ အသံလေးနဲ့ ပြန်ပြောတယ်။

“အကိုရာ … ညီမလေးလေ အကို့မှာ သုံးစရာ တစ်ပြားမှ မရှိ တော့မှန်း အကို့ပိုက်ဆံအိတ်ကို ခိုးကြည့်လို့ မြင်မိတယ်၊ အဲ့ဒါလေ သနားလွန်းလို့ ပေးရင်လည်း မယူမှန်းသိလို့ ကြံရာမရဖြစ်ပြီး ၂၀ တန် လေးတွေကို အကိုမန်းခင် ဟိုနားဒီနား ဝှက်ပြီး ထားခဲ့မိတာပါ၊ ညီမလေး ကို မအော်ပါနဲ့ ၊ အကိုဒုက္ခရောက်နေတာ မြင်ပြီး သူထမင်းဆာနေတော့ မှာ သူ့ဘာယ်လိုနေရှာမလဲလို့ တွေးရင်း ညီမလေး ရူးတော့မလို ဖြစ်နေလို့ အကိုရာ.. ညီမလေး ညီမလေး … ညီမလေး…”

သူ့စကားတွေက ရှေ့ဆက်မရတော့ဘူး။ ထစ်နေတယ်။ ကျနော်လည်း ဆက်နားမထောင်ချင်တော့ဘူး။ ဖုန်းချပစ်လိုက်မိတယ်။ ငူတူတူကြီး ခုတင်ပေါ်ထိုင်ရင်း ပြူတင်းပေါက်အပြင်ဖက်က မှုန်ပြာရီ မှိုင်းနေတဲ့ ပတ်ဝန်းကျင်ကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိတယ်။ ကျနော့် ရင်ထဲ သိမ်ငယ်စိတ်တွေ ကြီးစိုးလို့ရယ်။

ကျနော်ဟာ လမ်းပေါ်က အစာငတ်နေတဲ့ ခပ်ပိန်ပိန် ခွေးလေ ခွေးလွင့်တစ်ကောင်ပဲ။ မာနကလည်း ကြီးသေးတယ်။ ရန်ကလည်း လို လိုက်သေး။ ခုတော့ အဲ့ဒီခွေးကို အစာကျွေးမိတဲ့ ကောင်မလေးတစ် ယောက်ထိရှနာကျင်နေရပြီတဲ့လေ။ဝမ်းနည်းစရာမကောင်းဘူးလားဗျာ။

ဗုံလုံတစ်လှည့် ငါးပုံ့တစ်လှည့်

ဒီဇင်ဘာလ နီးလာတဲ့အခါ ကျနော်အတော်လေး ပြန်အဆင်

ပြေလာပြန်ရော။

ခရစ်စမတ်အတွက် လက်ဆောင်ပစ္စည်းတွေ မတရား ပို့ကြ တဲ့ ကာလ ဆိုတော့ စာတိုက်မှာ အချိန်ပိုင်းအလုပ်သမားတွေ ခေါ်နေတာ ဝင်လျှောက်လို့ ရသွားတယ်။ ဒီဇင်ဘာတစ်လလုံး ခရစ်စမတ်မတိုင်ခင် အထိ ယာယီပေါ့။ တစ်နေကုန် စာတိုက်မှာ အလုပ်ဝင်လုပ်တယ်။ ညနေဖက်မှာ တရုတ်တန်းက စားသောက်ဆိုင်တစ်ခုမယ် ပန်းကန်ဆေး တယ်။ ဆိုင်နောက်ဖေးကနေ မီးဖိုခန်းထဲ ဝင်သွားတိုင်း စောင့်ကြိုနေ တတ်တဲ့ လူတစ်ရပ်လောက် ရှိတဲ့ ပန်းကန်ပုံကြီးဟာ ခြောက်ခြားစရာ ကောင်းလှတယ်။ ဒါပေမယ့် ည ၁၁ နာရီဆို အဲ့ဒီအပုံကြီးတွေ ပျောက် သွားတဲ့အထိ ကုန်းရုန်းပြီး ဆေးရတာပါပဲ။

မီးဖိုခန်းကို ကြီးစိုးထားတဲ့ ပြည်ကြီးတရုတ်တွေဟာ ဘာ ကြောင့်ရယ် မသိဘူး၊ ကျနော့်ကို တစ်ချိန်လုံး နှိမ်နှက်နေတာရယ်။

ကျနော်နဲ့ ပန်းကန်အတူဆေးရတဲ့ ဒင်နီ ဆိုတဲ့ အာဖရိကန်အမည်းကောင် လေးကိုဆို အမြဲ ဆဲဆိုနေတာ။ သူတို့ ဒီတိုင်းပြေကို ဘယ်လိုနည်းနဲ့ ရောက်လာမှန်း မသိပေမယ့် လူမျိုးရေးခွဲခြားစိတ်က ပြင်းထန်လွန်း တယ်။ ဒါမှမဟုတ် တက္ကသိုလ်ကျောင်းက ကောင်တွေဆိုပြီး ပညာမဲ့ စာမတတ်တဲ့ သူတို့က တမင်ချိုးနှိမ်တဲ့သဘောပဲလား မသိဘူး။ ပြောင်းပြန်ဖြစ်နေတာက စားပွဲထိုးအဖွဲ့ပဲ။ အင်္ဂလိပ်လူမျိုး ကျောင်းသား ကျောင်းသူလေးတွေကို စားပွဲထိုးခန့်ထားတယ်။ ကျနော်နဲ့ အာဖရိကန်ကောင် လေးတို့ နောက်ဖေးမီးဖိုချောင်မယ် ပင်ပန်းဆင်းရဲကြီးစွာနဲ့ ပန်းကန်တွေ ဆေးနေပြီဆို သူတို့ ရောက်ရောက်လာတတ်တယ်။ ဟေ့ သူငယ်ချင်းတို့ ပင်ပန်းကြပြီလား လို့ အော်ဟစ်ရင်း ပါးစပ်နားကို အချိုရည်ဖန်ခွက်တွေ လာတေ့ပေးတယ် (ကျနော်တို့လက်က ရာဘာလက်အိတ်တွေနဲ့ ဆပ်ပြာ ရည်တွေနဲ့မို့ ကိုင်မရလို့)။ သိမ်းလာတဲ့ ဝိုင်းက အရာမယွင်းသေးတဲ့ ဟင်းပွဲတွေကို အနားယူလာ၊ ပါးစပ်ဟ လို့ ပြောပြောပြီး ခွံ့ကျွေးတတ် တယ်။ သူတို့ရဲ့ ကြင်နာတတ်တဲ့ နှလုံးသားကို ကျနော်ခုထိ အောက်မေ့ နေတုန်းပဲ။

ဒီပန်းကန်ဆေးတဲ့ အလုပ်မှာ ကျနော်မြဲမယ် မထင်ဘူး။ ပြည် ကြီး

တရုတ်တွေကို သည်းမခံနိုင်တဲ့ တနေ့မှာ ဝုန်းဒိုင်းကျဲမိမယ် ထင်တာ ပဲ။ လောလောဆယ်တော့ အသက်ရှင်ရပ်တည်ဖို့ အတွက် သည်းခံနေရ တယ်။

အဆောင်လခ ဒုတိယအရစ်ကို ကျနော်သွင်းလိုက်နိုင်လို့ အသက်ရှူချောင်သွားတယ်။ လက်ထဲ အပိုသုံးလေး နည်းနည်းရှိတယ်။ ထမင်းဟင်းက အလုပ်ကအပြန် ပိုတဲ့ဟာတွေကို အိမ်ပြန်သယ်လာ တော့ မီးခိုးတိတ် စရိတ်သက်သာတယ်။ သောင်သောင်သာသာလေးဖြစ်လာတဲ့အခါ လူဟာ စိတ်ဂယောက်ဂယက် သိပ်မဖြစ်တော့ဘူး။ ကျောင်းစာမှာလည်း ကျနော်ဟာ တစ်ဆယ့်ငါးနှစ်နီးပါး စောင့်ခဲ့ရတဲ့ အခွင့်အရေးကြီးမို့ တစ်လုံးတလေတောင် အလွတ်မခံဘူး။ ဌာနမှူးဖြစ် သူ ကာပီတန်အမေရိကန့် ခပ်ဆင်ဆင်တူတဲ့ ဆရာဖြစ်သူက အရှေ့တိုင်း က ပြဿနာကောင် လို့ နာမည်ပေးတဲ့အထိ မေးခွန်းပေါင်းများစွာ ထထ မေးတတ်တဲ့ ကျောင်းသားဖြစ်လာတယ်။ တစ်ပတ် ၃ ရက် တက်ရတဲ့ လက်ချာချိန်တွေ အလွတ်မခံဘူး။ အလုပ် ၂ ခုကို ပင်ပန်းဆင်းရဲကြီးစွာ လုပ်နေရပေမယ့် အားတာနဲ့ စာကြည့်တိုက်ကို ပြေးတာပဲ။ စာကြည့် တိုက်မှာ အဆောင်က ကိုယ့်ဖာသာဖျော်လာတဲ့ ကော်ဖီတွေ တစွတ်စွတ် သောက်ရင်း စာကြည့်၊ မိုးလင်းခါနီး မနက် ၄ နာရီလောက်မှ အိမ်ပြန် တယ်။ အလွန်ဆုံး အိပ်ချိန် ၄ နာရီပေါ့။

အဲ့ဒီလိုနဲ့ ခရစ္စမတ်ကျောင်းပိတ်ရက် ရောက်သွားတယ်။ အဆောင်နေ ကျောင်းသားတွေ မရှိကြတော့ဘူး။ အိမ်ပြန်သူပြန်၊ ခရီး ထွက်သူထွက် အစရှိသဖြင့် ပျောက်ကုန်ကြလို့ ကျောင်းဆောင်တွေဟာ လည်း ခြောက်ကပ်နေတာရယ်။ ကျနော့်အလုပ်တွေကလည်း နားပြီ။ အလုပ်ကော ကျောင်းစာပါ ခဏပစ်ထားလို့ရတဲ့ ရက်တချို့မှာ ကျနော် ဘာလုပ်ရမှန်း မသိဘူး။ ထမင်းဟင်းလေး ချက်စားလိုက်၊ စာကြည့်တိုက် က ငှားလာတဲ့ ဂျေါသစ်သရဲ ဝတ္ထုတိုပေါင်းချုပ်စာအုပ်နဲ့ အိပ်ရာထဲမှာ ကွေးနေလိုက်နဲ့ ခဏတာ ဇိမ်ကျနေလိုက်သေးတယ်။ ခရစ္စမတ်နဲ့ နှစ်းရီးယား ကြားထဲက တစ်ညနေမှာ နှင်းပွင့်တွေ အဆုပ်လိုက်ကျလာ လိုက်တာ၊ ပတ်ဝန်းကျင်တစ်ခုလုံးဟာ ဆွတ်ဆွတ်မှောင်သွားတယ်။ ဆရာမဖြူမွန်ရဲ့ ဆွတ်ဆွတ်မှောင် ဆိုတဲ့ စကားလုံးဟာ အခု မြင်နေရတဲ့ မြင်ကွင်းပါလားလို့ တွေးမိပြီး ပြုံးမိသေးတယ်။

အဆောင်ပြူတင်းပေါက်နားမှာ ကုလားထိုင်ချပြီး ထိုင်တယ်။ ကျောင်းဆောင်တွေကြားက စတုရန်းပုံ ဘောလုံးကွင်းကြီးဟာ နှင်းလွှင် ပြင်ကြီး။ ကျနော် ဆွေးရီရီကြီး ခံစားရတယ်။ ဒီလိုနှင်းပွင့်တွေ အဖတ် လိုက်ကျနေတာ ကျနော့်တစ်သက်တာမှာ တစ်ခါမှ မမြင်ဖူးပဲကိုး။ ဆေးစာများများနဲ့ ပွတ်ချွန်းတစ်လိပ်ကို လိပ်တယ်။ အဆောင်အပြင်ဖက် ကို ထွက်တယ်။ နှင်းပွင့်တွေကို လက်နဲ့ခံကြည့်တယ်။ နှင်းကျတဲ့အခါ အသံတွေ မြည်တယ်ဆိုတာ ဟုတ်သလား မသိဘူး။ တိတ်ဆိတ်တဲ့ ပတ်ဝန်းကျင်မှာ အသံသဲ့သဲ့လေး ထွက်နေသလိုလိုရယ်။ ပွတ်ချွန်းကို မီးညှိတယ်။ ဆေးလိပ်ဖွာရင်း ကာလံဒေသံနဲ့ကိုက်ညီလွန်းတဲ့ ဆိတ်ငြိမ် သော ည သီချင်းကို ခပ်တိုးတိုးလေး

ညည်းတယ်။

Silent night, holy night

All is calm, all is bright

Round yon Virgin, Mother, Mother and Child

Holy infant so tender and mild

Sleep in heavenly peace

Sleep in heavenly

ကိုယ့်ဖာသာ ပြန်ကြားနေရတဲ့ ကျနော့်အသံ ခပ်အဲအဲ ကြီးဟာ ဒီလိုဆိတ်ငြိမ်တဲ့ ပတ်ဝန်းကျင်မှာကျတော့ နားထောင်လို့ မဆိုးပါလားလို့ တွေးရင်း ပြုံးလိုက်မိသေးတယ်။ အဲ့ဒီအချိန်မှာ အိတ်ကပ်ထဲ က ဖုန်းက ထတုန်တယ်။ ဘယ်သူခေါ်တာလဲ သေချာမကြည့်ပဲ ဆတ်ခနဲ ကောက်ကိုင်လိုက်တယ်။

"ဟားလို..." တဲ့ (အသံတိုးတိုးမျှင်မျှင်လေး)။

"ဟေးယာ ..." (အဲ့လို အသံပြန်ပြုရုံက လွဲပြီး ကျနော် ဘာဆက်ပြောရမှန်းမသိဘူး)။

နှင်းမှုန်တွေ ကြားထဲမှာ ကျောက်ရုပ်ကြီးလို ကျနော်ရပ်နေခဲ့ မိတယ်။ နောက်ဆုံးအားတင်းပြီး စကားစတယ်။

"နှင်းတွေ အရမ်းကျနေတယ်၊ အဲ့ဒီဖက်မှာကော ဟင်..."

"ညီမလေး..."

"အကို လောလောဆယ် အားနေတယ်၊ မင့်ဆီကို မနက်ဖန် လာခဲ့ရမလားဟင်..."

တစ်စက္ကန့် ... နှစ်စက္ကန့် ... သုံးစက္ကန့် ... လေးစက္ကန့် ...။ "ရက်စ် ပလိစ် ..." ဆိုတဲ့ အသံလေးကို ကြားလိုက်ရတယ်။ အဲ့ဒါအပြင် ဘာမှဆက်မပြောတော့ပဲ ချက်ချင်းဆိုသလိုပဲ ဖုန်းချသွားတယ်။ ကျနော် လှစ်ခနဲ ပြုံးမိလိုက်သေးတယ် ထင်တာပါပဲ။

မနက်ဖက် အစောဆုံးထွက်တဲ့ ရထားနဲ့ ကျနော်လိုက်သွားခဲ့ တယ်။

ပထမဆုံး အခေါက်ကလို တစ်ခါမှ မရောက်ဖူးတဲ့ နေရာဆီ သွားနေရလို့

ဘယ်ဆီရောက်လို့ ဘယ်ပေါက်နေပြီလဲ၊ ဘူတာများ ကျော်သွားလေမလားရယ်လို့ စိုးရိမ်ပူပန်တဲ့စိတ် မပေါ်နေဘူး။ ပိုက်ဆံအိတ် ကပ်ထဲမှာ ငွေကြေးလေး ပြည့်ပြည့်စုံစုံပါလာလို့ ယုံကြည်မှုတွေ ပိုရှိနေ တာလည်း ပါမှာပေါ့။ လမ်းမှာ ရထား နှစ်ဆင့်လောက် ပြောင်းရတာကို လည်း ရှောရှောရှူရှူပဲ။ နာရီအနည်းငယ်အကြာမှာ ဘူတာရုံအိုလေးဆီ ကို ရထားဆိုက်တယ်။ ကျောပိုးအိတ်လေးကို လွယ်လို့ လုစ်ခနဲ ခုန်ဆင်း လိုက်တယ်။ ဘူတာထဲကို ဟိုကြည့် ဒီကြည့် ရှာကြည့်မိတော့ လာကြိုသူ မရှိဘူး။ ကျနော် ဘယ်နှစ်နာရီရထားနဲ့ ထွက်လာမယ်ဆိုတာ **text message** တော့ ပို့ထားတာပဲ။ နောက်များကျနေတာလားမသိဘူး။

ဘူတာထဲက မောင်းတံဂိတ်ကို ဖြတ်လို့ အထွက်မှာ အပေါက်ဝ နားဆီမယ် ညီမလေး ဒေါ်နန်းမေမေကြည် တစ်ယောက် လက်ကလေး ပိုက်လို့ ရပ်နေတာရယ်။ အမယ် ... ကုတ်တွေ ပန်တွေ လေဒီရှူးတွေနဲ့ ဝတ်စုံပြည့်ကလေးဆိုတော့ ကိုယ့်မယ် ပြေးဖက်ဖို့တောင် မရဲဘူး။ မရဲတာ ဒမရဲရခြင်း အကြောင်းရင်းကလည်း ရှိနေတာမဟုတ်လား။ ဟိုတစ်ခါ သူနဲ့ပြဿနာတက်ပြီးကတည်းကကိုယ်ကမတောင်းပန်ရသေးဘူးရယ်။ ကျနော် အင်မတန်ရိုင်းပြမိခဲ့တာ ကိုယ့်ကိုယ်ကိုယ် သိပါတယ်လေ။ ဒါပေ မယ့် မာနခဲကြီး ဘာကြီးရယ်လို့ ဂိုက်ဖမ်းချင်သေးတာကိုး။ နို့ သူ့မျက်နှာ ဖူးဖူးလေးကလည်း ကျနော်မြင်ဖူးခဲ့သလို မဟုတ်ဘူး။ ခပ်တင်းတင်း လေးရယ်။ ရှင့်ကို ကျမ သိပ်ကြည်တယ် ထင်မနေနဲ့ဆိုတဲ့ အမူအရာမျိုး။

"အလှူသွားမလို့လား" လို့ နောက်တီးနောက်တောက် စကား လိုက်တာကို မရယ်မပြုံးလုပ်နေတာရယ်။ ကိုယ်လည်း စပ်ဖြဲဖြဲနဲ့ စကြည့်လိုက်ဝ ကိုယ်ရှိန်သတ်ပြီး သတ်ပြီး သူ့နောက် ကုတ်ကုတ်လေးလိုက်သွားခဲ့လိုက်တယ်။ လူရှင်းလှတဲ့ ဘူတာရုံလေးရဲ့ ရှေ့ကနေ ဘတ်စ်ကားတက်စီး ကြတဲ့ အခါ ဘတ်စ်ဒရိုင်ဘာက မေးသေးတယ်။ နင်တို့နှစ်ယောက်ကမောင်နှမတွေလား တဲ့။ အဲ့ဒီမှာ ဆံတိုမလေးမျက်နှာက ပြုံးယောင် ယောင်တစ်ချက် ဖြစ်သွားတယ်။ ပြီးတော့ ခပ်တိုးတိုး သူ့ဖာသာ သလိုလိုနဲ့ ရေရွတ်တယ်။ က ပြော

"ဒီပြည်ကြီးတရုတ် မှန်ကြောင်ကြီးနဲ့များ မောင်နှမ တော်နေ ပါဦးမယ်.." တဲ့။

"ထိုင်ဝမ်မူဗီစတား ရုပ်မျိုးပိုင်ရှင်ရဲ့ နှမကလေး ဖြစ်ရတာ ဂုဏ် ယူလိုက်စမ်း" လို့ အသာလေး နားရွက်နားကပ်ပြီး ပြောတော့ ဆတ်ခနဲ တစ်ဖက်ကို လှည့်သွားပြန်တယ်။ ကျနော့်မှာ ဘတ်စ်ကားပေါ်ကြီးမယ် အူတွေမြူးလို့ရယ်။

မြို့လယ်ခေါင်ကကျနော်တို့ အရင်တစ်ခါ ထိုင်ခဲ့ဖူးတဲ့ ကဖီးဆိုင် လေးထဲ မနက်စာ အတူစားကြတဲ့အထိ စကားစမြည် မပြောဖြစ်ကြသေး ဘူး။ ခရုမုန့်တစ်ခုစီနဲ့ ကော်ဖီတစ်ခွက်စီ မှာတဲ့ပြီး တိတ်တဆိတ်ပဲ ဗိုက် ဖြည့်နေကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ခိုးကြည့်တယ်။ လူမိသွား ရင် မျက်နှာလွှဲတယ်။ သူက ခပ်တည်တည်။ ကျနော်က စပ်ဖြီးဖြီး။ ကော်ဖီ ကော မုန့်ပါ

ကုန်သွားတော့မှ ကျနော် အပာမ်းလို့ မြည်သံပေးပြီး လည်ချောင်းတစ်ချက်ရှင်းလိုက်တယ်။ ဂျာကင်အကျီ အိတ်ကပ်ထဲက ၂၀ တန် အထပ်လိုက်ကို ထုတ်တယ်။ သူ့ရှေ့က စားပွဲပေါ်ကို ချတယ်။ သူ့မျက်နှာ မှာ စိတ်မကောင်းဟန်အစား ဒေါသအရိပ်တွေ ကျနော်တွေ့တယ်။

"ပြန်ယူပါဟာ ... ငါရှက်လို့ပါ ညီမလေးရာ"

"ယူအာ စတတ်ဘွန်း"

(မျက်နှာထား ခပ်တင်းတင်းနဲ့ ဟောက်တယ်)

"ဒီမယ် ညီမလေး၊ အကိုမညာဘူး၊ ဒီပိုက်ဆံတွေကို အကို

သုံးပြီးပြီ"

"ဘာရယ်"

"အလုပ်မရခင် စပ်ကြားမှာ ဒီပိုက်ဆံတွေထဲက လေးငါးဆယ် လောက် ယူသုံးမိတယ်၊ အဟီး ... အကိုက မင်းထင်သလောက် ခေါင်း မမာနိုင်ပါဘူး၊ ခဏချေးတဲ့ သဘောပေါ့ကွာ၊ ခုအဆင်ပြေလာလို့ ပြန်လာ ဆပ်တာ၊ ဒီတော့ကာ ညီမလေးရဲ့ အကူအညီကို အကိုယူပြီးပြီလို့ပဲ မှတ် လိုက်ပါတော့နော် ကျေနပ်ပါတော့"

အဲ့လို ပြောလိုက်တော့ ညီမလေးမျက်နှာက မချိုမချဉ်ဖြစ်သွား တယ်။ အမယ် ဟိုစဉ်ကတော့ဖြင့် ငါ့ကို ဖုန်းထဲမှာ ဆဲလိုက်ဆိုလိုက်တာ၊ တကယ်တမ်းကျတော့ ပိုက်ဆံတွေ ယူပြီး ထမင်းဝယ်စားသားပဲ ဆိုပြီး ဒီလူဟာ ငပေါကြီးပါလားပေါ့ အဲ့လို ဖြစ်သွားတာလားလို့ တွေးနေတုန်း ရှိသေးတယ်၊ သူ့ကုတ်အကျီ ဘေးအိတ်ထဲက ပစ္စည်းတစ်ခုကို နှိုက်ထုတ် တဲ့ပြီး ကျနော့်ရှေ့က စားပွဲပေါ်ကို ဒေါက်ခနဲ ချထားလိုက်တယ်။ ဖုန်း အသစ်ကလေး တစ်လုံး။ အဲ့ဒီတုန်းက ဖန်သားပြင်ကို ပွတ်ဆွဲလို့ရတဲ့ ပေါ်ခါစ ဖုန်းမျိုးလေး (ကျနော့်ဖုန်းက နိုကီရာ ကီးပက်ကြီးရယ်)။

"ဖုန်းနဲ့ ပိုက်ဆံနဲ့ လဲကြတာပေါ့၊ ဘယ်လိုလဲ..." တဲ့။

ကျနော် သူ့မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်တော့ မျက်စ လေး ချီထားတယ်။ မိတ်ကပ်တွေ လိမ်းခြယ်မထားတဲ့ တင်းရင်းနေတဲ့ မျက်နှာပြောင်ကလေး။ ပါးအို့လေးတွေက အအေးဒဏ်ကြောင့် အနီရဲရဲ လေးတွေ။ ဆံပင်တိုလေးတွေကို အဝါရောင် ကလစ်ကလေးတွေနဲ့ လှတပတ ဖြစ်အောင် ညှပ်ထားတယ်။ ကဖီးဆိုင်မျက်နှာကျက်မှာ ချိတ် ဆွဲထားတဲ့ မီးစလောင်းဆီက မီးရောင်ဝါနွေးနွေးလေးတွေက မျက်နှာ ပေါ်ဖြာကျလို့ ... လှလိုက်တာဗျာ။

ကျနော်သူ့အမေးကို ပြန်မဖြေပါဘူး။ ဖုန်းဘူးကို ဖွင့်ဖောက်ပြီး

ကျနော်ဖုန်းထဲက ဆင်းမ်ကတ်ကို ပြောင်းထည့်ပြပြီး အဖြေပေးလိုက တယ်။ အဲ့ဒီတော့မှ ကျနော့်သိပ္ပံပညာရှင်မလေးဟာ ပြုံးပျော်တော်မူ သွားသတဲ့လေ။ အဲ့ဒီတော့မှ အခြေနေဟာ တင်းမာနေရာက ပျော့ပျောင်း နူးညံ့သွားပြီ။ ဟိုအရင်ကလိုပဲ စကားတွေ တွတ်ထိုးလို့၊ ကော်ဖီတွေ နောက်ထပ်တစ်ခွက်ပြီးတစ်ခွက်ထပ်မှာလို့၊ ရစ်ချ်မွန်တံဆိပ်အပြာရောင် ဆစ်ကလက်ဘူးထဲက မွှေးပျံ့တဲ့ ဆစ်ကလက်အရှည်ကြီးတွေကို(ကဖီး ဆိုင်အပြင်ဖက် ထွက်ထွက်ရပ်ရင်း) အတူဖွာပြီး မီးခိုးတွေ မှုတ်ထုတ်လို့ ဇိမ်ခံကြရင်း၊ အချိန်တွေ ကုန်လို့ ကုန်မှန်းမသိကြတော့ဘူး။ နေ့ခင်းပိုင်း အထိ ရောက်သွားကြတယ်။

"ကိုင်း ... အကို ပြန်မယ်ဟာ"

"အာယူ နပ်အား..."

(ရှင်အရူးလား လို့ပြောရင်း ဒေါဖောင်းပြန်ရော)

"ဘာလို့တုံး"

"ရထားခ ၆၀၊ လာရတာက ၃ နာရီခရီး၊ အဲ့ဒါကို ခုပြန်မယ် လုပ်နေတာ ရူးတာမဟုတ်လို့ ဘာလဲ"

"ဟုတ်ဘူးလေ၊ အကို မင့်ဆီ ညအိပ်တည်းရမှာ တခြားလူတွေ ကို အားနာနေတာရယ်"

"ဘလတ်ဒီးဟဲလ် ... အရူးစကားတွေ၊ သွားသွား ပြန်မယ်ဆို ခုပြန်တော့ ကျွတ်..."

စိတ်ဆိုးမာန်ဆိုးနဲ့ ကဖီးဆိုင်ထဲက ညီမလေး ထထွက်သွားခဲ့ တယ်။ ကျနော့်မှာ ကြောင်အအနဲ့ရယ်။ ခဏလောက် ငေးနေမိပြီးမှ ကျော ပိုးအိတ်လေးကို ကောက်လွယ်၊ ဖုန်းအသစ်လေးကို လက်ထဲ ကိုင်ထား ရင်း ခပ်လှမ်းလှမ်း နှင်းပြင်ကြီးထဲမှာ ဆောင့်ကြီးအောင့်ကြီးနဲ့ လမ်း

လျှောက်နေတဲ့ ဆံတိုမလေးအနားကို ပြေးကပ်သွားတယ်။ "ဟေးရာ ... မပြန်တော့ဘူးနော်" လို့ အော်ပြောရင်း ဘေးက နေ ခုန်ဆွဆွ လျှောက်နေလိုက်တယ်။ အဲ့ဒီမှာ အင့်ခနဲ တစ်ချက် ဖြစ်သွား တယ်။ ဒေါ်ပွနေတဲ့ သေနာမလေးဟာ အလစ်မှာ ကျနော့်တင်ပါးကို လွှဲပြီး ကန်ပစ်လိုက်တာရယ်။ လမ်းမ တစ်ဖက်ခြမ်းက အင်္ဂလိပ်တစ်ကောင်က အဲ့ဒါကို မြင်သွားပြီး လှမ်းအော်ရော။ "ဘရာဗို..." တဲ့။ ကျနော့်မှာ တဟားဟား အော်ဟစ်ရယ်မောလို့ပေါ့။

ခေတ္တခဏ ပျော်ရွှင်ရခြင်း

ကျနော့်ဘဝဆိုးကြီး အစမှာ ပူပန်သောကတွေနဲ့ တစ်ယောက် တည်း လုံးချာလည်လိုက်နေခဲ့သမျှ အဲ့ဒီ ဒီဇင်ဘာလ ပိတ်ရက်ကလေး သူနဲ့အတူ ရှိနေခဲ့ရတာဟာ ဘဝမှာ အပျော်ဆုံးသော နေ့ရက်တွေပါပဲ။ မှာ မနက်ဆို အပျင်းထူပြီး အားရတုန်းလေး ပေတေအိပ်နေတတ်တဲ့ ကျနော့်ကို လာနှိုးတယ်။ အိပ်ရာက လူးလဲထ ရေမိုးချိုးပြီးတဲ့ အခါ မီးဖိုခန်းစားပွဲပေါ်မှာ မနက်စာ မုန့်ဟင်းခါး၊ ပဲပြုတ်ထမင်းကြော်နဲ့ ဆိတ်သားခြောက်၊ နန်းကြီးသုတ် အစရှိတဲ့၊ ဒီတိုင်းပြေမှာ မရနိုင်တဲ့ ဗမာစာတွေက အသင့်ချက်ပြုတ်ပြီးသားရယ်။ သောက်ဝတ်ကြီး ကျနော့် မှာခွေးဘုရားပွဲတွေသလို တဟီးဟီးနဲ့ အားရပါးရကုန်းကုန်းပြီး တွယ်တာ ကို ကျေနပ်နေတဲ့ အပြုံးမျိုးနဲ့ ကြင်ကြင်နာနာလေး ငေးကြည့်နေတတ် တာရယ်။ ပေါက်တီးပေါက်ရှာတွေ နှိုင်းယှဉ်ပြရရင် အဲ့ဒီအပြုအမူဟာ ကျနော့်အဘွားကို သတိရစေတယ်ဗျာ။ ငါ ဒါမျိုး တစ်သက်လုံး အပြုစုခံ ရရင် ဘယ်လောက်ကောင်းလိုက်မလဲလို့တောင် တွေးမိသေးတယ်။

စားသောက်ပြီးစီးရင် အငွေ့တထောင်းထောင်း ထနေတဲ့ ကော်ဖီတစ်ခွက်စီနဲ့ ဆစ်ကလက်တစ်လိပ်စီ ကိုင်လို့ နောက်ဖေးခြံထဲ ဆင်းတဲ့ပြီး ဆောင်းရာသီ ချမ်းချမ်းအေးအေးမှာ ရောက်တတ်ရာရာ ခဏပြောကြတယ်။ ဆစ်ကလက်ကုန် ကော်ဖီကုန်ရင် … “ကိုင်း အဝတ် လဲ၊ အပြင်ထွက်မယ်” ဆိုပြီး ခေါ်တယ်။

တောစီး ရာဘာဖိနပ်တွေ စီး၊ ကျောပိုးအိတ် ကိုယ်စီလွယ်လို့ မြို့ပြင်ကို လမ်းလျှောက်ထွက်ကြတယ်။ မြို့အပြင်ဖက်က တဖြေးဖြေး နိမ့်ဆင်းသွားတဲ့ လမ်းကလေးတွေ၊ ဘေးတစ်ဖက်တစ်ချက်က အိမ်သေး သေး လှလှလေးတွေကို ကျော်လွန်သွားပြီးရင် စိုက်ခင်းတွေ၊ လီလီပန်း လေးတွေ၊ တောအုပ်အစိမ်းရောင်တွေ၊ တဝေါဝေါစီးနေတဲ့မြစ်ကလေး… အဲ့ဒီ အရမ်းလှလွန်းတဲ့ ပတ်ဝန်းကျင်မှာ ခြေဦးတည့်ရာလျှောက်သွား ကြတာပါပဲ။

မောလာတဲ့အခါ တောထဲက သစ်သားခုံတန်းလေးတွေမှာ ခဏထိုင်၊ ကျောပိုးအိတ်ထဲက ပန်းသီး၊ လိမ္မော်သီးလေးတွေ ထုတ်ပြီး ဖျော်ရည်ဘူးနဲ့ မြည်း၊ ငှက်ကလေးတွေ တေးဆိုတဲ့ အသံကို မိနစ် အတန်ကြာအောင် တိတ်တိတ်ကလေး နားထောင်ရင်း ငြိမ်ယူပြီးရင် ဆက်လျှောက်ကြပြန်ရော။

တစ်ခါတစ်ခါ တောအုပ်ထဲ လမ်းလျှောက်ရင်း အဖေရယ်၊ အမေရယ်၊ သားလေး သမီးလေးတွေရယ် ပါတဲ့ မိသားစုတွေ ပျော်ပွဲစား ထွက်လာတာမျိုးနဲ့ တိုးတဲ့အခါ "ဟားလို" လို့ အင်္ဂလိပ်နှုတ်ဆက်ပြီး ပျော်စရာ မိသားစုလေး ဆိုတဲ့ အပြုံးမျိုးနဲ့ ငေးကြည့်လိုက်၊ တစ်ယောက် နဲ့တစ်ယောက် မျက်လုံးချင်း ဆုံသွားတဲ့အခါ မျက်စအပြန်အလှန် ပစ်ပြ လိုက်၊ ရက်ဝဲဝဲနဲ့ ငါတို့က သမီးရည်းစားဖြင့် မဟုတ်ပါနဲ့ ဆိုတဲ့ အတွေးဝင် သွားကြဟန်နဲ့ ဆတ်ခနဲ မျက်နှာလွှဲပြီး ခိုးရယ်လိုက်ကြနဲ့ အဲ့လိုတွေပေ့ါ။

အိမ်အပြန်ကျရင် ကျနော်က လမ်းလျှောက်ရတာ ညောင်းလို့ မျက်စိမျက်နှာ ပျက်နေပြီ၊ ညီမလေးက အေးဆေးပဲ။ သူက အားကစား သမားကိုး။ ကျင့်သားရနေမှာပေ့ါ။

မရောက်သေးဘူးလားဗျာ ... လို့ မဖြစ်ညစ်ကျယ်လေသံနဲ့

ကျနော် ခဏခဏမေးတိုင်း "တိတ်စမ်း၊ ကလေးလို ညောင်မနေနဲ့၊ အိမ်ရောက်ရင် ကြက်ဆီထမင်း ချက်ကျွေးမှာ" လို့ ချော့တယ်။ အဲ့ဒီတော့မှ ကျနော့်မှာ အားကြိုးမာန်တက်ပြန်ဖြစ်လာပြန်တယ်။

နေ့လယ်ခင်း ထမင်းစားပြီးတဲ့အခါ စာအုပ်ကိုယ်စီနဲ့ ဧည့်ခန်း ထဲမှာ ငြိမ်နေ့နုပ်၊ ညနေစောင်းစပြုလာရင် လူးလဲထ ရေမိုးချိုးကြ၊ မြို့ထဲ လမ်းလျှောက်ထွက်ပြီး တစ်ရုံတည်းသော ရုပ်ရှင်ရုံလေးမှာ ပြသမျှ ဇာတ်ကားအကုန် ဝင်ကြည့်ကြတာပါပဲ။ ရုပ်ရှင်ပြီးရင် အဲ့တာကို အကြောင်းပြလို့ အရက်ဆိုင်တစ်ဆိုင်ဆိုင်မှာ ဝင်ထိုင်မယ်။ တစ်ယောက် ၂ ပက် ၃ ပက်စီလောက် တွယ်မယ်။ လျှာသွက်အာသွက်ဖြစ်လာရင် အရက်ဆိုင်က ထွက်၊ ကိုးရီးယား ခေါက်ဆွဲပြုတ်ဆိုင်ထဲ ဝင်၊ ချမ်းချမ်းစီး စီးမှာ ခေါက်ဆွဲပြုတ်တစ်ခွက်စီ တရှုးရှုးစားကြမယ်။ ဗိုက်ကားသွား တော့မှ တစ်ယောက်နဲ့ တစ်ယောက် ခါးဖက်ထားရင်း ဆစ်ကလက် ကိုယ်စီဖွာရင်း နှင်းမှုန်တွေကြားထဲ သီချင်းတွေအော်ဆိုပြီး အိမ်ပြန်ကြ တယ်။

အဲ့ဒီ ပျော်ရွှင်စရာ နေ့ရက်ကလေးတွေဟာ တိုတောင်းလွန်းခဲ့ ပါတယ်။

ကျနော်ပြန်ရမယ့် ရက်ရောက်လာတဲ့ အခါ ဘူတာရုံ လိုက်ပို့တဲ့ ညီမလေးဒေါနန်းမေမေကြည်ရဲ့ မျက်နှာဟာ မှိုင်းလိုပါပဲ။ အရင်တစ်ခေါက်ကထက် ပိုဆိုးလာခဲ့ပြီ။ စကားလည်း ခပ်ဟဟ မပြောတော့ဘူး။ နှုတ်ခမ်းဖူးဖူးလေးမှာ တစ်လိပ်ပြီး တစ်လိပ် တပ်တပ်ပြီး မီးညှိတယ်။ မျက်လုံးတွေက ခပ်ဆွေးဆွေးရီရီရယ်။ကျနော်ရထားပေါ်တက်ခါနီးမှာ နဂိုက နီရဲရဲပါးအို့လေးတွေ ဟာ စိတ်လှုပ်ရှားမှုကြောင့် ပိုလို့တောင် ရဲတက်လာသလိုပဲ။ ကျနော့်ကို

သိုင်းဖက်ထားတာ အကြာကြီးပဲ။ သူ့ကျောကို တစ်ချက်ပုတ်တဲ့ပြီး သတိ ပေးတဲ့အခါ ကိုယ်ချင်းပြန်ခွာတယ်။ ကျနော့်နားရွက်နား ကပ်ပြီး လေသံ တိုးတိုးလေးနဲ့ တုန်တုန်ရီရီလေး ပြောတယ်။

“မနေနိုင်တဲ့နေ့ကျ လိုက်လာခဲ့မယ် ကြားလား…” တဲ့။ ကျနော် ဘာမှပြန်မပြောပါဘူး။ အတတ်နိုင်ဆုံးပြုံးပြတဲ့ပြီး သူ့နဖူးလေးကို လက်ဖဝါးနဲ့ ဖွဖွ ရိုက်ပေးရင်း ချာခနဲ လှည့်ထွက်ခဲ့တယ်။

ရထားဥသြက “တူ”ခနဲ ဆွဲလိုက်ပြီး အမြန်ရထားဟာ ဘူတာ ထဲက စထွက်ပြီ။ ဘူတာ စ်ကြံမှာ ဆံပင်တိုတိုနဲ့ သိပ္ပံပညာရှင်မလေး တစ်ယောက်တည်း အထီးကျန်ဆန်ဆန် ရပ်ရင်း ကျန်နေခဲ့ရှာတယ်။ လက်လည်း မပြဘူး။ ထွက်ခွာသွားတဲ့ ရထားကြီးကို တွေတွေကြီး ငေးလို့ ရယ်။

ထိုင်ခုံမှာ ထိုင်ရင်း ညီမလေးဆီ **text message** တစ်စောင် ပို့မယ် ဆိုတဲ့စိတ်ကူးနဲ့ ဖုန်းအသစ်လေးကို ထုတ်ယူဖို့ ကျောပိုးအိတ်ရဲ့ ဘေးအိတ်ကို ဟာကြည့်လိုက်တယ်။

၂၀ တန်တွေ အထပ်လိုက်ကြီး။ ကျနော်သူ့ကို ပြန်ပေးခဲ့တဲ့ ၂၀ တန်တွေ။ ဂန်းမလေး • • • ငါ့ကို ဘူတာမှာ သိုင်းဖက်တုန်းက လုပ်သွားတာဖြစ်မယ်။ စိတ်မဆိုးချင်တော့ပါဘူး။ နင့်ကို ငါ ရယ်ချင်တာပဲ သိတော့တယ်ဟာ…။

အရှိန်ပြင်းစွာ ခုတ်မောင်းနေတဲ့ ရထားကြီးပေါ်မှာ ကျနော် အဝ်ရယ်နေတော့တာပါပဲ။

မိမိအား စတင်လှမ်းမိုးခြင်း

အဲ့ဒီ ပိတ်ရက်ကာလတွေက စလို့ နောက်ပိုင်းမှာ ကျနော်ဟာ တစ်ခါတစ်ခါမှာ သူ့ကို စိတ်မကြည်တဲ့အခါ ဟောက်တတ်တာက လွဲပြီး သူကချည့်ပဲ ကျနော့်ကို လှမ်းမိုးစပြုလာတာပါပဲ။ ဒါဟာ ဒေါသကြီးပြီး စကားပြောတာ ထောင့်မကျိုးတဲ့ ဆတ်ဆတ်ထိမခံသူ ကျနော့်အတွက် အင်မတန် ထူးဆန်းတယ်။

ဘာကြောင့်လဲလို့ အဖြေရှာကြည့်တဲ့အခါ ... တစ်ဘဝလုံး ပညာရေးမှာ အစောက်ကျနောက်ကျ ဖြစ်ခဲ့ရသူ ကျနော့်အတွက် အဲ့ဒီ ကောင်မလေးဟာ အထင်ကြီးဖွယ်ရာ ပညာတတ်မလေးသဖွယ် ဖြစ်နေ တာရယ် (သူဟာ ကမ္ဘာ့ထိပ်တန်း အိုင်ဗီလိဂ် တက္ကသိုလ်တစ်ခုက ဘွဲ့ နှစ်ခုလောက် ယူခဲ့တာဖြစ်တယ်)၊ ကျနော့်လိုကောင် (အသက်ကြီးမှ အိုကြီးအိုမ ဘဝနဲ့ တက္ကသိုလ်မှာကျောင်းသားလာလုပ်၊ အမြဲတမ်းထမင်း ငတ် မိုက်ဆာ၊ အဝတ်အစား ဝတ်ပုံစားပုံကအစ ပေတိပေစုတ်၊ ပရိုင်မတ် လို ဈေးပေါတဲ့ ကုန်တိုက်က နှစ်ဆယ်အစိတ်တန် အဝတ်အစားက လွဲပြီး ဘာမှမတတ်နိုင်၊ ဆံပင်ညှပ်ခ နှမြောလို့ ဆံပင်ကအစ ညှင်းသိုးသိုး ရှည်တေတေ ဖွာလန်ကျဲ၊ ဒီကြားထဲ မရှိမာနက ကြီးသေး)၊ သူနဲ့ အဆင့် တန်းချင်း မတူတဲ့ ကောင်အပေါ်မှာ ကြင်ကြင်နာနာ ဆက်ဆံတတ်တာ ရယ်၊ နောက်ဆုံး အဓိက ကျတဲ့ အချက်က ပေါင်းစရာသင်းစရာရယ်လို့

လူမျိုးတူ ဘာသာစကားတူ မရှိ၊ မီးလုံးဝါကျင့်ကျင့်တွေနဲ့ အမြဲတမ်း မှုန်မှိုင်းမည်းမှောင်နေတတ်တဲ့ တိုင်းပြည်ကြီးမှာ ဗမာစကားပြောတဲ့ အဲ့ဒီ သိပ္ပံပညာရှင်မလေးဟာ တစ်ခုတည်းသော အားကိုးရာသဖွယ် ဖြစ်နေ တာပါပဲ။ အင်္ဂလိပ်ဟပ်ပေါ်က နှစ်ဦးတည်းသော လူသားနှစ်ယောက်လိုကို ဖြစ်နေတာပေ့ါ။

အိမ်ပြန်ရောက်ပြီးတဲ့ နောက်ပိုင်းမှာ ကျနော်ဟာ အလူးအလဲ ပဲ ထပ်မံရုန်းကန်ရပြန်တယ်။ စာတိုက်က အလုပ်မရှိတော့ဘူး (ဒီဇင်ဘာ လ ကုန်သွားတဲ့အတွက် ဆက်မခန့်တော့ဘူး)။ တရုတ်ဘူးဖေးဆိုင်က ပန်းကန်ဆေးတဲ့ အလုပ်ကလည်း မီးဖိုခန်းထဲမှာ ကြီးစိုးနေတဲ့ တရုတ် တွေနဲ့ အဆင်မပြေလို့ ထွက်လိုက်ပြီ။ ပုံမှန်ဝင်ငွေရှိနေတဲ့ အလုပ်တစ်ခုမှ မရှိတော့ဘူး။ အတန်းဖော် ကုလားလေးတစ်ကောင်နဲ့ ပေါင်းတဲ့ပြီး မြို့ အနီးအနား ပင်လယ်ကမ်းရိုးတန်း တလျှောက်က ရွာလေးတွေမှာ အိမ်ပေါက်စေ့ လက်ကမ်းကြော်ငြာစာရွက်

လိုက်ဝေတဲ့ အလုပ်လို ကြားပေါက် ကြိုကြား ကြိုကြားလေးတွေလောက်နဲ့ပဲ ရှင်သန်နေရပြန် တယ်။ ကျော်ငြာစာရွက် ၁၀၀၀ တိတိ ကုန်ခါမှ ငွေလေး အစိတ် သုံးဆယ် လောက် ရတာရယ်။ အဆောင်ပြန်ရောက်ရင် လူက တစ်နေကုန် ခြေတို အခောင် လမ်းလျှောက်ခဲ့ရလို့ မလှုပ်နိုင်လောက်အခောင် ဖြစ်ရတယ်။

ဒါတွေကို ညီမလေး ဒေါ်နန်းမေ့မေကြည် ကြားတဲ့အခါ အတော် စိတ်မကောင်းဟန်နဲ့ ဖြစ်ရလေ အကိုရယ် လို့ပဲ ဖုန်းထဲမှာ ပြော ရှာတယ်။ ကျနော့်ရင်ထဲမှာ သိမ်ငယ်စိတ်တွေချည့်ပါပဲလေ။

ဒီကြားထဲ သူ့ဖက်က ကျနော့်ကျောင်းပညာရေးနဲ့ ပတ်သက် တာတွေကို စစ်ဆေးကြပ်မတ်တာတွေ လုပ်စပြုလာတယ်။ မစ်တန်း စာမေးပွဲ အမှတ်တွေထွက်လာတော့ ကျနော့်အမှတ်တွေက အကုန်နီးပါး ဂုဏ်ထူးတွေချည့်ပါပဲ။ ဒါဟာ အသေကျေ စာလုပ်ခဲ့မှုကြောင့်ပါ။ ကျနော် က နဂိုကထဲက သိပ်ပြီး ဉာဏ်ထက်တဲ့ကောင်မျိုးလည်း မဟုတ်ရပါဘူး။ ဝီရိယတော့ ထားတယ်ဆိုပါတော့။ အဲ့ဒီမှာ အခောင်စာရင်း အမှတ်တွေ ကို တောင်းကြည့်ပြီး ဖုန်းထဲမှာ ကျနော့်ကိုဆူတယ်။ ဘာသာရပ်တစ်ခုမှာ အမှတ်နည်းနေလို့တဲ့။ "ပော၆၂ ရာခိုင်နှုန်းဆိုတာ ထင်သလောက်လည်း မနည်းပါဘူး" ဆိုတော့...

"လျှာမရှည်နဲ့၊ ရှင် ဒီကိုလာတာ ကျရှုံးဖို့လာတာမဟုတ်ဘူး၊ ပထမဘွဲ့ကို **First Class Honours** နဲ့ ရမှကို ဖြစ်မယ်" (ဘာသာရပ်တိုင်း ၇၀ ရာနှုန်း အထက်ကို ဆိုလိုတာ)

"ဟ... ဘာလုပ်ဖို့လဲ အဲ့ဒီလောက်ကြီး"

"ဒေါက်တိုရယ် ပရိုဂရမ် ဆက်လုပ်ဖို့ပေါ့"

(ပီအိတ်ချ်ဒီ ဘွဲ့ဆက်ယူရမယ်လို့ ပြောနေတာ။ သိပ္ပံဘာသာရပ်တချို့ ဟာ ပထမဘွဲ့မှာ ထိပ်တန်းအမှတ်ရခဲ့ရင် မာစတာအဆင့်ကို တန်းကျော် ပစ်လိုက်လို့ရတယ်)

"ဟား...ပေါက်ကရတွေဟာ"

"ဟားလို ... အိုင်အမ် ဆီးရီးယက်စ်"

"ငါ အဲ့လောက်ကြီးလုပ်ဖို့ရာ အိုနေပါပြီ ညီမလေးရာ ..." လို့ ရယ်သံစွက်ပြီးပြောတော့"တိတ်စမ်း" လို့ ခပ်မာမာ ဟောက်ပြန်တယ်။ သူ့ပြောစကားတွေဟာ အတည်ဆိုတာ အချိန်နည်းနည်း ကြာလာလေလေ ကျနော်သိလာလေလေပဲ။ ကျနော့် အဆိုင်းမန့်တွေ၊ ကို့စ်ဝပ်ခ်တွေကို အမြဲတမ်း အီးမေးလ်ပို့ခိုင်းပြီး စစ်ဆေးတယ်။ အမှားမှား အယွင်းယွင်း လုပ်ထားတာတွေကို မင်နီတားတဲ့ပြီး ပြင်ဆင်ချက်တွေ လုပ်၊ မှတ်ချက် ခပ်ကြမ်းကြမ်းတွေထည့်ပြီး ပြန်ပို့တယ်။ တခ်ျိုမှတ်ချက်တွေက အတော် နှိမ်တာရယ်။

ဥပမာ ... အင်္ဂလိပ်စာ ရေးသားမှု အင်မတန်ညံ့၊ တက္ကသိုလ် ... အဆင့်မရှိပါ” အဲ့ဒီလိုတွေရယ်။ အဲ့လိုအီးမေးလ်တွေကို ကျနော်ကလည်း ရိုတိုတိုနဲ့ အကြောင်းပြန်တာပဲ။ ဗမာပြေတွင် အထက်တန်းအဆင့်သာ ပညာသင်ခဲ့ဖူးပါသည်။ မွေးကင်းစကတည်းက အင်္ဂလန်တွင် နေထိုင်ခဲ့သူ မဟုတ်ပါ။ သင် ကျွန်ုပ်နှင့် မိခင်ဘာသာစကားဖြစ်သော ဗမာလို ပြိုင်ရေး လိုလျှင် ဖိတ်ခေါ်ပါသည်၊ အဲ့လိုတွေ ပြန်ဗျင်းတယ်။ အင်္ဂလန်တွင် သိပ္ပံ ဘာသာရပ်ကို ဗမာဘာသာစကားဖြင့် သင်ကြားသော တက္ကသိုလ် မရှိပါ။ ထိုကြောင့် သင့်ဆင်ခြေအား ကျွန်ုပ်လက်မခံပါ။ ငြင်းခုံမှုအား ရပ်တန့်၍ အင်္ဂလိပ်စာအရေးအသား တိုးတက်လာရန် ကြိုးစားပါ လို့ ပြန်ပြောလာ တယ်။ တော်တော် စိတ်ညစ်ရသလို တစ်ဖက်ကလည်း ပညာရေးမှာ ကိုယ့်ကို ဂရုတစိုက် ပဲ့ပြင်ပြီး အကူအညီပေးတဲ့ သဘောမို့လို့ ကြည်နူးရပါတယ်။

စာမေးပွဲဖြေဆိုရတဲ့ ဘာသာရပ်တွေနဲ့ ပတ်သက်လို့ကတော့ သူက ကျနော့်ကို စိတ်ချပုံရပါတယ်။ ဘာမှ သိပ်ဝင်မစွက်ဖက်ဘူး။ တစ်ခု ပဲ၊ အီစတာပိတ်ရက် ရောက်တော့ ကျနော့်ဆီ အလည်ရောက်လာတယ်။ ကျနော့်ပြဿနာတစ်ခုကို ပြောပြတော့ သူစိတ်ဆိုးတယ်။ ကျောင်းက လက်ချာချိန်တစ်ခုမှာ ဆရာတစ်ယောက်ဟာ ကျနော့်ကို အငြိုးထားနေ သလိုလို ခံစားရတယ်။ ကျောင်းဘတ်စ်ကားပျက်လို့ ၁၀ မိနစ်လောက် နောက်ကျသွားတာကို အတန်းထဲ အဝင်မခံဘူး။ မောင်းထုတ်တယ်။ ဒေါသကြီးတဲ့ ကျနော်ကလည်း ရီးမှ မတက်ဘူးကွာဆိုပြီး ထွက်သွား တယ်။ နောက်နောင်လည်း အဲ့ဒီ လက်ချာချိန်ကို လုံးဝ သွားမတက်တော့ ဘူး။ ကျောင်းခေါ်ချိန် ပြည့်အောင်တော့ သူငယ်ချင်းတွေကို လက်မှတ်အတု ထိုးခိုင်းထားလိုက်တယ်။ ခု အီစတာပိတ်ရက်ရှည် ပြီးတာနဲ့ ဖိုင်နယ် စာမေးပွဲတွေ လာတော့မယ်။ ခုပြောတဲ့ ဘာသာရပ် (ဆော့ဖ်ဝဲတစ်ခုကို အသုံးပြုပြီး စာမေးပွဲဖြေဆိုရမယ်) ကို တစ်လုံးမှ မသိဘူးရယ်။

အဲ့ဒါကို သိသွားတာနဲ့ ကျနော့်ကို ဆူတယ် ပွက်တယ်။ လက်ချာလည်း သွားမတက်ဘူး။ ကိုယ့်ဖာသာလည်း တစ်လုံးမှ မလေ့ လာထားဘူး။ စာမေးပွဲ ဘယ်လိုဖြေမလဲ။ ကျမှာပေါ့။ စောက်သုံးမကျဘူး။ ဘယ်မှာလဲ အဲ့ဒီဘာသာရပ်ရဲ့ လက်ချာတွေ ဆိုပြီး တစ်နေကုန် ကျနော့် ကွန်ပြူတာဖွင့်ပြီး ထိုင်ဖတ်နေတာရယ်။ ညနေစောင်းတော့ ရေမိုးချိုး ထမင်းတူတူစားပြီးတာနဲ့ ကွန်ပြူတာဖွင့်ပြီး ကျနော့်ကို မောင်းတော့တာ ပဲ။ ၂ ရက်လုံးလုံး အဲ့ဒီဟာချည့်ပဲ ပတ်သင်ပစ်တာ။ ထမင်းစားချိန်နား တာ၊ အညောင်းပြေအညာပြေ လမ်းထွက်လျှောက်ကြတာ၊ အဆောင် ပြင် ထွက်ပြီး ကော်ဖီသောက် ဆစ်ကလက်ထွက်ဖွာ အဲ့ဒါတွေက လွဲပြီး တစ်နေကုန် ဒါချည့်ပဲ ကျင့်ခိုင်းထားတာမျိုး။ သူကဘေးကနေ စာအုပ် တစ်အုပ်ဖတ်ရင်း ကလေးအမေကြီးလိုထိုင်စောင့်နေတာ။ ၃ ရက်မြောက် နေ့ ရောက်တော့ သူကျေနပ်သွားတယ်။ ရပြီ ဒီလောက်ဆိုတဲ့။ ကိုယ့် ဖာသာ အားရင် ပြန်ပြန်လေ့ကျင့်ထားပါ တဲ့။

အီစတာပိတ်ရက်ပြီးလို့ ဖိုင်နယ်စာမေးပွဲတွေ အရောက်မှာ အဲ့ဒီဘာသာ

သုံးနာရီမေးခွန်းကို ကျနော်နာရီဝက်နဲ့ အပြီးဖြေနိုင်ခဲ့တယ်။ အမှတ်ထွက်လာတော့ ၁၀၀ ရာခိုင်နှုန်း အပြည့်ပဲ။ ဒင်းကလေးဟာ အတော်ဟုတ်တဲ့ ဟာလေးပါလား လို့ ကျနော်သူ့ကို အထင်ကြီးမိပါ တယ်။ ဉာဏ်ပညာအရာမှာ ငါ့အားကိုးလောက်ပါပေတယ်လို့ တွေးရင်း လန့်လာတယ်။

ဒေါ်နန်းမေမေကြည်ဟာ အဲ့လောက်ထိ ကြောက်စရာကောင်းလောက်အောင် ကျနော့်အပေါ် လွှမ်းမိုးစပြုလာတယ်။ သူပြောခဲ့သလို ကျနော့်ကို သူလိုချင်တဲ့ပုံစံ မဖြစ်ဖြစ်အောင် တွန်းအားပေးပြီး ပုံသွင်းချင် တဲ့ သဘောမျိုးရှိကြောင်း ကျနော်ရိပ်မိစပြုလာခဲ့ပြီ။ အဲ့ဒီကိစ္စလေးဟာ နောင်တစ်ချိန်မှာ ဝုန်းခနဲ ထတောက်မယ့် မီးစလေး ဆိုတာကိုတော့ နှစ်ယောက်လုံး မသိခဲ့ရိုး အမှန်ပါ။

ချင့်ခ်တစ်ယောက်နှင့် စကယ်လီများ

မြို့ပတ်ရထားပေါ်မှာ မူးရူးနေတဲ့ **working class** လို့ ခေါ်တဲ့ လူ့အစောက်ခြေအလွှာက အင်္ဂလိပ်တွေဟာ ကနဦးအစ ဒီနယ်ကို ရောက် ခါစမှာ ကျနော့်ကို မြင်တိုင်း တစ်ခုခု ပြောသွားတတ်တယ်။ ဒေသသုံး ဒိုင်ယာလက်စကားသံကို အသေချာ နားမလည်တာမို့ ဘာမှ သိပ်မခံစား ဘူး။ သေချာတာကတော့ မျက်နှာအမူအရာတွေ၊ လေသံတွေကို ကြည့် ချင်းအားဖြင့် မနှစ်မြို့စရာ စကားလုံးတွေဖြစ်မယ်ဆိုတာ ရိပ်မိခဲ့တယ်။

အချိန်ကာလတစ်ခု ရောက်လာတော့ ကြားနေကျ စကားသံ တွေကို ကျက်မိနေပြီ။ "ရီး ကြည့်ဘာလား မအရိုး ချင့်ခ်" လို့ ဆဲသွား ကြမှန်း နားလည်လာခဲ့တယ်။

လူမည်းတွေကို "နစ်ဂါ"၊ အိန္ဒိယ အနွယ်တွေကို "ပါကီ"၊ အစ ရှိသဖြင့် စော်ကား နှိမ်ချတဲ့ စကားလုံးတွေ သုံးသလိုမျိုး လူဝါ ဖြစ်တဲ့ ကျနော့်ကို **Chink** ချင့်ခ်၊ တရုတ်မျိုးမစစ်ကောင်လို့ ခေါ်ပြီး ဆဲရေး တိုင်းထွာနေကြတာကိုး။ အဲ့ဒီ လူမျိုးရေးခွဲခြားတတ်တဲ့ လူတွေနဲ့ ရင်ဆိုင် ရတိုင်း ကျနော် ပြုံးပြီး ငြိမ်နေတာပါပဲ ခွန်းတုံ့မပြန်ဘူး။ ထမင်းနပ်မှန်ဖို့ ရုန်းကန်နေရတဲ့ ဘဝမှာ သူတို့နဲ့ရန်ဖြစ်ဖို့ ကျနော့်မှာ နှအားမရှိပါဘူး။ ကြောက်သလားလို့ မေးရင် ကျနော့်မှာ အဖြေမရှိဘူး။ ကျနော်က ဒီတိုင်းပြေကို ပညာလိုချင်လို့ရောက်လာတာပဲ။ လက်ဝှေ့ထိုးဖို့လာခဲ့တာ မဟုတ်ဘူးလေ။

အံ့ဩစရာကောင်းတာက အဲ့ဒီဖြစ်ရပ်တွေ ကြုံရတိုင်း နှစ်ခါ မှာ တစ်ခါလောက်ကတော့ ဘေးက ဘာမှမဆိုင်တဲ့ အင်္ဂလိပ်တွေ ထလာ တတ်တယ်။ ကျနော့်ကို ဆဲဆိုနေတဲ့ ငမူးတွေကို လက်ညှိုးငေါက်ငေါက် ထိုးပြီး၊ "ရှတ်အပ် ... ယူ ဒစ္စဂရေ့စ် အပ်စ် ဘရစ္စ (တိတ်စမ်း ငါတို့ဗြိတိသျှ တွေကို မင်း သိက္ခာချတယ်)" လို့ အော်ဟစ် ရန်တွေ့တတ်ကြတယ်။ ယောက်ျား၊ မိန်းမ ဘယ်သူမဆို အဲ့လိုမျိုး ကျနော့်ကို ကာကွယ်ဖို့ ကြိုးစား ကြတာမျိုး မကြာခဏ ကြုံရတယ်။ တချို့ အဖွားကြီးတွေဆို တစ်ဖက်ကို ရန်တွေ့ရုံတင်မက ကျနော့်ကို ကြင်နာတဲ့ မျက်လုံးတွေနဲ့ လှမ်းကြည့်ပြီး "စိတ်ထဲမထားနဲ့ ကောင်လေး" လို့ ပြောရင်း နှစ်သိမ့်တတ်တယ်။ ကျနော် ကတော့ ပြုံးနေတာပါပဲ။ လူမျိုးရေးခွဲခြားတာဟာ ရှက်စရာလို့ လက်ခံ ထားတဲ့ လူတွေဟာ ပညာတတ်ပြီး သောင်သာနေတဲ့ လူတန်းစားဖြစ်ပြီး၊ အသားအရောင် မတူတဲ့သူတွေကို အလကားနေရင်း

ရန်လိုနေတဲ့သူ တွေဟာ အခောက်ခြေလျှတန်းစား ပညာမဲ့ အလုပ်လက်မဲ့တွေ အများစု ဆိုတဲ့ အသိအမြင်တော့ ရလာခဲ့တယ်။

ဒါပေမယ့် အဲ့ဒီလို မြို့ပတ်ရထားပေါ်က ဖြစ်ရပ်တွေထက် ဆိုးတဲ့ အဖြစ်အပျက်တစ်ခုက ကျနော့်ကို ဆီးကြိုနေခဲ့မှန်း မရိပ်မိခဲ့ဘူး။

ကြော်ငြာစာရွက်ဝေတဲ့ အလုပ်က ထမင်းမဝဘူး။ ခြေတို အခေါင်လည်း လျှောက်ရသေးတယ်။ ရှာကလေးတွေကို ပတ်ချာလည် လျှောက်သွားရင် ခွေးအုပ်ကြီးက လိုက်ကိုက်လို့ သေလုမျောပါး ထွက် ပြေးရတာမျိုးလည်း ကြုံရတယ်။ ငယ်ငယ်က ပလတ်စတစ်ကောက်တဲ့ လူတွေကို ခွေးလိုက်ဆွဲတာတွေ မြင်ယောင်မိသေးတယ်။ ငါ့မလည်း ဘယ်လိုဘဝမျိုး ရောက်နေရပြန်တာလဲပေါ့။ အဲ့ဒီလိုနဲ့ ဘဝက မှောင်မိုက် လာပြန်ရော။

ကျနော် ခဏခဏ နားပူနားဆာ လုပ်လွန်းတာ ခံရတဲ့၊ မြို့လယ် ခေါင်မှာ ရှိတဲ့ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီက ကိုင်း ... ဒီလောက် တောင် အလုပ်လိုချင်လှတာ သွားလုပ်ပေတော့ ဆိုပြီး လိပ်စာတစ်ခု ပေးလိုက်တယ်။

သူတို့ လွှတ်တဲ့နေရာကို မြေပုံကြည့်ပြီး ရောက်သွားတော့ ဆိပ်ကမ်းတစ်ခုပဲ။ ကူလီခေါင်းလုပ်တဲ့ကောင်ကအိုင်းရစ်ရှ် လူ့ဘီလူးကြီး၊ လူမိုက်လိုလို ကောင်ကြီး။ အရက်ပုလင်းကို လက်ကမချဘူး။ တစ်ချိန်လုံး စကားတစ်ခွန်း အဆဲတစ်ခွန်းပဲ။ အလုပ်သမားတွေကလည်း မထူးပါဘူး။ အကုန်မူးရူးဆဲဆိုပြီး ကူလီတွေထမ်းနေကြတယ်။ ကျနော်ငယ်ငယ်က မြင်ဖူးတဲ့ မနက်မိုးမလင်းခင်လေး မူးမူးရူးရူးနဲ့ ကုန်စိမ်းတွေ ထမ်းပိုးနေတဲ့ သီရိမင်္ဂလာဈေးက အရက်သမားကူလီတွေလိုပဲ။

ကိုင်း ... မအရိုးလေး၊ ရပ်ကြည့်မနေနဲ့ အလုပ်လာပြီး ရီးလုပ်နေတာလား ... ဆိုပြီး ကူလီခေါင်းက ကလော်ဆဲတာ ကြားတာနဲ့ ကျနော်လည်း ကျောပိုးအိတ်ချွတ်ချ၊ အနွေးထည် အင်္ကျီလေး ချွတ်တဲ့ပြီး ရေခဲရိုက်ငါးတွေ ထည့်ထားတဲ့ တောင်းတွေကို ဝင်ထမ်းတယ်။ ဒီလောက် အေးခဲကျဉ်ထုံနေတဲ့ ရာသီဥတုမှာတောင် လူက မိနစ်ပိုင်းအတွင်း ချွေး စက်လက်ဖြစ်လာရော။

နှစ်နာရီလောက် ကြာတဲ့အထိ ဇယ်ဆက်သလို ဆက်တိုက် ထမ်းပိုးနေတဲ့ ကျနော့်ကို ကြည့်ပြီး (အမှန်က အသက်ထွက်တော့မတတ် ပင်ပန်းနေပြီ) ကူလီခေါင်း အိုင်းရစ်ရှ်က၊ “အမယ် ... ထွက်မပြေးသေး ဘူးလား” လို့ အခေါ်မေးရင်း အံ့ဩဟန်ပြတယ်။ တခြား ကူလီ ဗြိတိသျှ ကောင်တွေကလည်း ဝါးဟားဟား ဆိုပြီး ဝင်ရယ်သေးတယ်။ ကျနော့်မှာ မောရတဲ့ကြားထဲ ဘာမှန်း အသေချာ နားမလည်နိုင်ဘူး။ တောင့်ထား

တောင့်ထား မျက်နှာ တစ်ချက်မှ မပျက်စေနဲ့ လို့ ကိုယ့်ကိုယ်ကိုယ် အားပေးရင်း ဆက်ကြိတ်နေလိုက်တယ်။ ညနေစောင်းမိုးချုပ်လို့ အလုပ် သိမ်းတော့ ကျနော့်ခန္ဓာကိုယ်မှာ အားအင်ရယ်လို့ တစ်စက်မှတောင်

မကျန်တော့သလိုဖြစ်သွားပြီ။

ကူလီခေါင်း ဗလကြီးက ပြုံးတုံ့တုံ့နဲ့ ကျနော့်ကို မေးတယ်။ နောက်နေ့ လာနိုင်သေးလားတဲ့။ နေ့တိုင်းလာနိုင်တယ်လို့ ခပ်မာမာ ပြန် ဖြေရင်း သူ ကမ်းပေးတဲ့ အရက်ပုလင်းကို လှမ်းယူပြီး နှစ်ကျိုက်လောက် ဂလုဂလုမြည်အောင် မော့ချလိုက်တယ်။ လည်ချောင်းထဲ ပူခနဲ ပဲ။ ဒါပေ မယ့် မျက်နှာအပျက်မခံဘူး။ ကျေးဇူးပဲလို့ လှမ်းပြော၊ ဆစ်ကလက် တစ်လိပ်ကို မီးညှိဖွာရင်း ထီမထင် လူမိုက်မျက်နှာပေးနဲ့ သူ့ရှေ့မှာ ရပ်နေလိုက်တယ်။ ဒီကောင် တယ်ဟုတ်ပါလား ဆိုတဲ့ သူ့အကြည့်ကို မြင်လိုက်ရတော့ ငါ ဒီနေ့ကစပြီး သူတို့ ကူလီဂိုဏ်းသားဖြစ်ပြီ ဆိုတာကို အတပ် ရိပ်မိလိုက်ပြီ။

ဆိပ်ကမ်းက အိမ်အပြန်မှာတော့ ကျနော် အခြေနေ မကောင်း တော့ဘူး။ ခြေတရွတ်ဆွဲနေပြီ။ ဆိပ်ကမ်းနဲ့အနီးဆုံး ဘတ်စ်ကားဂိတ်ကို ခြေလျင်သုတ်နေရတာ။ ဘတ်စ်ကားဂိတ် မရောက်ခင် ရပ်ကွက်တစ်ခု ကို ဖြတ်ရတယ်။ ရပ်ကွက်ထဲက အိမ်တွေဟာ ကောင်ဆယ်ဟောက်စ် လို့ခေါ်တဲ့ အိမ်တွေ။ မြို့ကောင်စီက အလကားပေးတဲ့ အိမ်တွေ ဆိုပါ တော့။ ဘယ်လို မိသားစုတွေကို ပေးလဲဆိုတော့ အလုပ်အကိုင်မရှိတဲ့ မိသားစုတွေ၊ အစိုးရ ထောက်ပံ့ကြေးလေးနဲ့ မသေရုံတမယ် စားသောက် နေရတဲ့ လူတွေ အဲ့လို လူတန်းစားတွေပေ့ါ။

တစ်ပတ်တစ်ခါ **Job Centre** ဆိုတဲ့ နေရာမှာ တန်းစီပြီး အစိုးရ အလကားပေးတဲ့ ပက်ဆံကို ထုတ်မယ်။ ရတာနဲ့ အရက်ဆိုင် တန်းသွားကြတာပါပဲ။ သားသမီးတွေကလည်း ကျောင်းမတက် ဘာမတက် လမ်းပေါ်မှာချည့်ပဲ။ အတော်ဆိုးရွားတဲ့ လူ့အသိုက်အမြုံပေ့ါ။ အဲ့ဒီလို ရှင်သန်နေကြရင်း မျိုးဆက်တစ်ခုပြီး တစ်ခုသာ ပြောင်းသွားတယ်၊ ဘာမှ မထူးဘူး။ ချမ်းသာပါတယ်ဆိုတဲ့ ကမ္ဘာ့ထိပ်တန်း တိုင်းပြေတစ်ခုရဲ့ အစွန့်ပစ်ခံ လူတွေပေ့ါ။

အဲ့ဒီမှာ ပထမဆုံး အလုပ်ဆင်းတဲ့ညမှာတင် ကျနော် ဒုက္ခတွေ့ တာပါပဲ။

လမ်းမီးတိုင် ဝါကျင့်ကျင့်နဲ့ တိတ်ဆိတ်ငြိမ်သက်နေတဲ့ အဲ့ဒီ ရပ်ကွက်လေးထဲ အဖြတ်မှာ ချာတိတ်တစ်စုက ကျနော့်ကို တားတယ်။ စကယ်လီလေးတွေပေ့ါ။ စကယ်လီဆိုတာ အဲ့ဒီလမ်းပေါ်က လူမိုက်လေး တွေကို ဗန်းစကားနဲ့ ခေါ်တာပေ့ါ။ သူတို့ “ဇ”တွေအကြောင်း ကျနော် ကြားဖူးပြီးသား။ တစ်ခါသား မြို့အဝင် ထောင်စုနှစ်တံတားအောက်မှာ မူးရူးနေတဲ့ ဘောလုံးလူရမ်းကားအုပ်စုနဲ့ စကယ်လီ ၃ ယောက် တွေ့တာ ဘောလုံးလူရမ်းကား ၅ ယောက်လောက် ဓားထိုးခံလိုက်ရတယ်။ လူ ရမ်းကားနဲ့ ပရော်ဖက်ရှင်နယ် လူမိုက် မတူဘူး။ တော်ရုံ လမ်းသရဲတွေက အဲ့ဒီလို ကောင်ဆယ်ဟောက်စ်တွေ ရှိတဲ့ ရပ်ကွက်ထဲက စကယ်လီတွေ ကို ရင်မဆိုင်ရဲကြဘူး။ အပျော်မူးရူးပြီး ရန်ဖြစ်တာထက် ဆေးရောင်းမယ်၊ လုမယ်ယက်မယ်၊ ခုခံရင် ဓားနဲ့ ထိုးသတ်မယ် ဆိုတာမျိုးက ပိုကြောက် စရာ ကောင်းတာကိုး။ သူတို့မှာ အနာဂတ်မရှိဘူး။ ဒါကြောင့် မိုက်ကန်း ကြတယ်။

ဒါနဲ့ ကျနော့်ကို တားတဲ့ ချာတိတ်တွေကို ပြုံးပြုံး ပက်ဆံအိတ် ထုတ်ပြလိုက်တယ်။ ကျောင်းသားကဒ်နဲ့ တစ်ဆယ်တန်တစ်ရွက်ပဲ ပါတာ ကိုး။ ငါ ဒီနားက ဆိပ်ကမ်းမှာ အလုပ်လာလုပ်တာပါ၊ တက္ကသိုလ်ကျောင်းသားပါ၊ ပါတဲ့ ပက်ဆံယူသွား၊ ငါ့ကို လွှတ်ပေးပါဆိုတော့ အသာတကြည် ပဲ ပက်ဆံဆယ်တန်ကို ယူထားလိုက်တယ်။ လူကို လွှတ်ပေးလိုက်တယ်။

ဒုတိယရက် ထပ်သွားတယ်။ အန္တရာယ်ရှိမှန်းသိပေမယ့် ရထား တဲ့ အလုပ်လေးကို လက်မှမလွှတ်နိုင်တာကိုး။ အပြန်မှာ အေးအေးဆေး ဆေးပဲ။ တတိယရက် ရောက်တော့ မအေးဆေးတော့ဘူး။ လမ်းမီးတိုင် အောက်မှာ စကယ်လီအုပ်စု ကျနော့်ကို ထပ်လုပြန်ရော။ ကျနော်က ခပ်တည်တည်ပဲ။ ပက်ဆံအိတ် ထုတ်ပြတယ်။ ငါးကျပ်တန်နဲ့ အကြွေတွေ ပဲ ပါတယ်။ ဒါကို ဒီကောင်တွေက မကျေနပ်ဘူးရယ်။ မလှုပ်နဲ့ဆိုပြီး ကျနော့်ကို တစ်ကောင်က နောက်ကနေ သိုင်းဖက်ပြီး ချုပ်ထားတယ်။ ကျန်တဲ့ ကောင်တွေက ဂျာကင်အိတ်တွေ၊ ဂျင်းပန်အိတ်တွေကို နှိုက်ပြီး ရှာတော့တာပဲ။

အဲ့ဒီမှာ ဂျင်းဘောင်းဘီ အိတ်ကပ်ထဲက ကျနော့်ဖုန်းလေးကို တွေ့သွားတယ်။ ဝက်ဖို့ မေ့သွားခဲ့တာကလည်း ကျနော့်အမှားပါပဲ။ ညီမ လေး ပေးထားတဲ့ ဖုန်းဗျ။ ဘဝမှာ အဖိုးတန်တာဆိုလို့ ဒါလေးပဲ ရှိတာ။ ပက်ဆံတန်ဖိုးထက် သံယောဇဉ်တန်ဖိုးလေးကို ကျနော့်မှာ အင်မတန် တွယ်တာနေမိတာ မဟုတ်လား။ ကျနော် တတွတ်တွတ် တောင်းပန် တယ်။ မလုပ်ကြပါနဲ့ကွာ၊ ဒီဖုန်းလေးကို မယူကြပါနဲ့၊ လို့။ မရဘူး။ ဖုန်းကို အတင်း နှိုက်ထုတ်တယ်။ စိတ်က သတိလက်လွတ် ဖြစ်သွားရော။ မိုက် ကန်းတဲ့ ငယ်စိတ်ကလေး ဘယ်နားက ဖျတ်ခနဲ ဝင်လာတယ်မသိဘူး။

အချုပ်ခံထားရတဲ့ ကြားက ဆတ်ခနဲ ကိုယ်ကို နွဲ့ပြီး ဘေးကို ထွက်လိုက်တယ်၊ ချုပ်ထားတဲ့ ကောင်ရဲ့ ဒခေါက်ကွေးကို နေရာကို ခြေထိုးခံပြီး ကလန့်လိုက်တယ်၊ တံတောင်နဲ့ မေးစိကို ခွပ်ခနဲ ချတယ်။ ချုပ်ထားတဲ့ လက်တွေ ပြေသွားတာနဲ့ အရှူးတစ်ယောက်လို ခုခံတော့တာပဲ။ ပါးစပ်ကလည်း အိုင်အမ် ဖော့ကင်း ဘားမိစ် ဘာညာနဲ့ သွေးရူး သွေးတမ်းတွေ အော်ဟစ်နေမိတယ်။ ကျနော့် လက်သီးတွေ၊ ခြေကန် ချက်တွေဟာ မည်းမည်းမြင်ရာ ထိုးလိုက် ကန်လိုက်နဲ့ စိတ်ထဲမှာလည်း ငါသေချင် သေပလေ့စေတော့ရယ်လို့ သဘောထားမိသွားပြီ။

ကျနော့် တစ်ကိုယ်လုံးလည်း ထူပူနေအောင် အထိုးအရိုက်ခံ နေရတယ်။ ကံကောင်းတာက သူတို့ လက်ထဲမှာ အခါတိုင်းလို ဓားမြှောင် တို့၊ သံချွန်တို့လို လက်နက်တွေ ပါမလာဘူးထင်တာပဲ။ ဒါမှမဟုတ် ကျနော့်ကို ကံကောင်းထောက်မပြီး မထိတာလည်း ဖြစ်နိုင်တယ်။ ကျနော်ဟာ ဘယ်လောက်ထိ ဒေါသအိုး ပေါက်ကွဲနေသလဲ ဆိုတော့ကာ ထွက်ပြေး လွတ်မြောက်ဖို့ မစဉ်းစားပဲ လူလေးငါးယောက် အုပ်စုကို အသေအကြေ ပြန်ခုခံနေမိတာရယ်။

နောက်တော့ ထောင်းခနဲ မြည်သံနဲ့ ကျနော့်နားထင်မှာ ပူခနဲ

ဖြစ်သွားတယ်။ ကြိုးပြတ်သွားတဲ့ ရုပ်သေးတစ်ရုပ်လို လမ်းပေါ် ခွေကျ သွားတယ်။ သံပိုက်လုံးလို ခပ်မာမာ အရာဝတ္ထုတစ်ခုနဲ့ အရိုက်ခံလိုက်ရ တယ် ထင်တာပါပဲ။ လမ်းမပေါ်မှာ ခွေခွေလေး လှဲနေရင်းက နံစောင်းကို အဆက်မပြတ် ဝင်လာတဲ့ ကန်ချက်တွေကို တံတောင်ဆစ်တွေနဲ့ ကာဖို့ ကြိုးစားနေရတယ်။ အဲ့ဒီနောက်တော့ ရဲကား ဥသြသံတွေ၊ ထွက်ပြေး သွားတဲ့ ခြေသံတွေ မပီဝိုးတဝါး ကြားရင်း သတိလစ်သွားရတယ်။

အဲဒါဖြစ်ပြီးတော့ အိမ်မှာ ၃ ရက်လောက် နားလိုက်ရတယ်။ ကျောင်းမတက်နိုင်၊ အလုပ်မသွားနိုင်ဘူး။ ကျေနပ်စရာကောင်းတာက ကျနော့်ဖုန်းလေး ပါမသွားဘူး။ ရအောင် ပြန်လုနိုင်ခဲ့တယ်။ အသက်စွန့်ရ ကျိုးနပ်ခဲ့တယ်လို့ ပြောရင် လူတွေရယ်ကြလိမ့်မယ်။

ထူထူထောင်ထောင် ဖြစ်လာတာနဲ့ နဂို ကူလီအလုပ်ကို သွားမြဲသွားဆဲပဲ။ ကိုယ့်မှာ ရွေးစရာလမ်းမှ မရှိတာကိုး။ ဆင်းရဲစုတ်ပြတ်နေခဲ့ပြီး မှတော့ သေမှာ ကြောက်ပါဦးမလား။ ဟိုရုပ်ကွက်ကလေးကိုလည်း ခ တည်တည် နေ့တိုင်း ဖြတ်ပြန်တာပါပဲ။ ဟိုနား ဒီနား စုဖွဲ့နေတတ်တဲ့ စကယ်လီတွေကလည်း ကျနော့်ကို ကွက်ကြည့်ကွက်ကြည့် လုပ်ရုံက လွဲပြီး လုတာယက်တာတွေ မလုပ်တော့ဘူး။ နှစ်ပတ်လောက် အလုပ် ဆက်ဆင်းပြီးတော့ လစာထုတ်တယ်။ ပန်းကန်ဆေး၊ ကြော်ငြာဝေ အစရှိ တဲ့ အလုပ်တွေထက် ပင်ပန်းခဲ့ပေမယ့် လစာက မြိုးမြိုးမြက်မြက် ဆိုသလို ရလာတယ်။ ဒီအတိုင်းသာဆို ငါ ဒီအလုပ်နဲ့ ငွေရှာပြီး စုဆောင်းနိုင်ပြီ ဆိုတဲ့ စိတ်နဲ့ ရွှင်မြူးနေတယ်။

လစာပက်ဆံ အထပ်ထဲက ၂၀ တန် နှစ်ရွက်ကို ဖယ်ထုတ်ပြီး အိတ်ကပ်ထဲ ထည့်တယ်။ ကျန်တဲ့ ပက်ဆံတွေကို အခေါက်ကလေး လုပ် ပြီး အတွင်းခံဘောင်းဘီထဲ ထိုးထည့်ပြီး ဝှက်တယ်။ အဲ့ဒီနေ့က အလုပ် သိပ်မများတော့ အိမ်အပြန်မှာ အလင်းရောင် မပျောက်သေးဘူး။ အန္တရာယ်ရပ်ကွက်ကလေးကို ဖြတ်ပြန်တော့ ရပ်ကွက်ထိပ် မြက်ခင်းပြင် မှာ စကယ်လီတွေ အရက်ထိုင်သောက်နေကြတာ မြင်တယ်။ အခါတိုင်း အဲ့လို အုပ်စုတွေရင် လမ်းတစ်ဖက်ကနေ ကပ်ပြီး ရှောင်လေ့ရှိပေမယ့် ဒီတစ်ခါ တမင် သူတို့ရှိနေတဲ့ မြက်ခင်းအစပ်နားကို ခပ်တည်တည်နဲ့ တန်းလျှောက်သွားလိုက်တယ်။ သူတို့လည်း ကျနော် ဘာလို့တည့်တည့်ကြီး လျှောက်လာတာလဲ ဆိုတာ ဝေခွဲလို့မရဟန်နဲ့ ကြည့်နေကြတာပေါ့။ အနားရောက်တာနဲ့ အေးစက်စက်လေသံနဲ့ မေးလိုက်တယ်။ “ငါ့ကို ဟိုတလောက ဒီနေရာကို (နားထင်ကို ထောက်ပြရင်း) ရိုက်သွား တာ ဘယ်မအရိုးလေးလဲ” လို့။ အဲ့ဒီလို လာမေးရဲတာကို စကယ်လီတွေ မယုံသလို ဖြစ်နေပုံရတယ်။ .သေချင်နေပြန်ပြီလားပေါ့• “ရီး ...

တရုတ် ချင့်ခ်၊ ဘာကောင်လဲကွ” တဲ့ တစ်ယောက်တစ်ပေါက် ဆဲရင်း အရက်ဝိုင်းက ထဖို့ပြင်ကုန်ရော။

ကျနော် လက်ကာပြတယ်။ ကျောပိုးအိတ် ချွတ်တယ်။ ဂျာကင် ချွတ်တယ်။ ဆက်တိုက်ဆိုသလို အရက်ဝိုင်းထဲက ပုလင်းကို လှစ်ခနဲ ဆွဲယူပြီး

မော့ပစ်လိုက်တယ်။ အသင့်ဝယ်လာတဲ့ အပြာရောင် ရစ်ချ်မွန် တံဆိပ် ဆစ်ကလက်ဘူးအသစ် နှစ်ဘူးကို ဝိုင်းထဲ ပစ်သွင်းတယ်။ အိတ်ကပ်ထဲက ၂၀ တန် နှစ်ရွက်ကို ထုတ်ပြီး၊ "ကိုင်း ... လူများနေတော့ ကာ အရက်မလောက်ဘူး၊ ဒီမယ် ငါ ၄၀ စိုက်တယ်ကွာ၊ အရက် ထပ်ဝယ် လိုက်၊ ဗော့ဒ်ကာ နှစ်လုံးတော့ ရမယ်၊ ဆစ်ကလက်လည်း သောက်ကြ .." လို့ ပြောလိုက်တယ်။

စကယ်လီတွေ ကျနော့်ကို တစ်ယောက်တစ်ပေါက်နဲ့ ဘာတွေ ပြောနေမှန်းမသိဘူး။ သူတို့ပြောတဲ့ ဝဲတဲတဲ အင်္ဂလိပ်ဘာသာစကားကို အကုန်လုံး ဘယ်လိုနားလည်နိုင်မှာလဲ။ ချာတိတ်တစ်ကောင်ကတော့ ကျနော့်လက်ထဲက ပက်ဆံကို ယူပြီး ထွက်သွားတာပဲ။ ခဏနေတော့ အရက်ပုလင်းတွေနဲ့ ပြန်ရောက်လာတယ်။ ဆက်သောက်ကြရင်း မိတ်ဖွဲ့ ကြ၊ သူတို့ပြောသမျှ နားလည်တစ်ဝက် နားမလည်တာ တစ်ဝက်နဲ့ ခဏ နေတော့ ကျနော်လည်း အတော်မူးလာပြီး ရဲစိတ်ဝင်လာပြီ။

ငါရိုးမ တရုတ်၊ ငါရိုးမ တရုတ်၊ ဆိုတဲ့ နာမ်စားကိုလည်း နားခံ နိုင်လာတယ်။ သေချာတာကတော့ ဒီကောင်တွေ ကျနော့်ကို ရန်မပြု တော့ဘူး ဆိုတာပဲ။ ကျနော်ဟာ တက္ကသိုလ်ကျောင်းသားပါ ဆိုတာ သူတို့ သိသွားတယ်။ သူတို့ ရပ်ကွက်လေးထဲကို မိုးချုပ်တာနဲ့ ရဲတွေ မလာရဲဘူးဆိုတာ သူတို့ ကြွားလုံးထုတ်လို့ ကျနော်သိခဲ့ရတယ်။ ကျနော့် ကို အသေသတ်စဉ်က နောက်မဆုတ်ပဲ သူရူးတစ်ယောက်လို ခုခံရဲခဲ့တာကို သူတို့ သဘောကျတယ်ဆိုတာ သိခဲ့ရတယ်။ အဲ့ဒီ အဖြစ်အပျက်ပြီး ကတည်းက ရပ်ကွက်ထဲ ဖြတ်ဖြတ်သွားတတ်တဲ့ ကျနော့်ကို တရုတ် ခွေးရူး လို့ နာမည်ပေးပြီး ဘေးမဲ့ပေးထားခဲ့တာ ဆိုလား။ ကျနော့်မှာ အရက်မူးမူးနဲ့ တယ်လှတဲ့ နာမည်လေးပါလားလို့ ပြောရင်း အော်ဟာစ် ရယ်မောနေမိခဲ့တယ်။

နောက်တော့လည်း လစာထုတ်တဲ့ ရက်တိုင်း အဲ့ဒီရပ်ကွက် ထိပ်က စကယ်လီတွေရဲ့ အရက်ဝိုင်းမှာ ကျနော့်ကို တွေ့ရတော့တာပါပဲ။ တစ်ခါတလေ အပြန်မိုးချုပ်တဲ့အခါ ဘော်ဒါလူမိုက်တွေရဲ့ အိမ်တွေထဲ ဝင်အိပ်တတ်တဲ့ အကျင့်တောင် ရလာခဲ့ပြီ။ သူတို့ မိတ်ဆွေ တရုတ်ခွေးရူး ကို နာတာလူးပွဲတော် ညစာစားတွေဘာတွေတောင် ဖိတ်လို့ရယ်။

တစ်ခုပဲ၊ ညစာစားကြတဲ့အခါ မင့်တို့ ကြက်ဆင်သားက ဘယ်ကောင်းပါလား၊ ဘယ်က ဝယ်လာတာတုံးလို့ ချီးကျူးမိတဲ့အခါ ကျေးဇူးရှင်တွေက "ရှော့ကာဘီချ်နားက ကုလားစတိုးဆိုင်က လုလာ တာ" လို့ ပြန်ဖြေတော့ စားနေရင်း နင်သလိုလိုတော့ ဖြစ်တာပေါ့။

သူတို့ဟာ စာတစ်လုံးတလေတောင် မဖတ်တတ်ဘူး။ ငါ့ နာမည် ဘယ် ဘယ်လိုစာလုံးပေါင်းလဲလို့ မေးရင် **Theft** မလားတဲ့။ ငါ့လခွမ်း သူခိုးဖြစ်ကုန်ပြီ ကုန်ပြီ ဆိုပြီး ရယ်မိရော။ အစိုးရထောက်ပံ့ကြေး တောင်းတဲ့အခါ ဖြည့်ရတဲ့ ဖောင် ဖောင်တွေကို ကျနော့်ကို ဖြည့်ခိုင်းတတ်ကြတယ်။

မင်းက တက္ကသိုလ်မှာ သိပ္ပံပညာသင်နေတာ ဆိုတော့ ကျောင်းပြီးရင် သိပ္ပံပညာရှင်ကြီး ဖြစ်မှာပေါ့ အိုင်းရှန်းမန်းဝတ်စုံ ထွင်ပေးနော်…” တဲ့။

ကျနော်က ရယ်ကျဲကျဲနဲ့ ဘာလုပ်မလို့တုံး ဆိုတော့. “အဲ့ဒီ

ဝတ်စုံကြီး ဝတ်တဲ့ပြီး မိုးပေါ်ပျံ၊ မြို့ထဲက ရတနာဆိုင်တွေ ဝင်လုမယ်လေကွာ“တဲ့

ံ ကျနော် မရယ်မိပါဘူး။ ပညာမတတ်၊ စာမတတ်၊ အသိဉာဏ်မဲ့ အနာဂတ်ပျောက်နေရှာတဲ့ ကလေးတွေဆိုပြီး စိတ်ထိခိုက်ရတယ်။

အဲ့ဒီ အဖြစ်အပျက်တွေကို ကျနော် ညီမလေး ဒေါ်နန်းမေမေ ကြည်ကို အသိမပေးခဲ့ပါဘူး။ သူ စိတ်မကောင်းဖြစ်မှာစိုးလို့ ဖုံးကွယ်ထား ခဲ့ပါတယ်။ ဖုန်းကလေးတစ်လုံးအတွက်နဲ့ အသက်ကို စွန့်ရသလားဆိုတဲ့ အပြစ်တင်မှုမျိုးတွေ လာနိုင်တာကိုလည်း ကြိုသိတာကိုး။ သူမရဲ့ လက် ဆောင် ဖုန်းကလေးရဲ့ ဆန်တယ်မန်တယ် မဲလျူး (တွယ်တာ တန်ဖိုး) ကို ကျနော် ဘယ်လောက်တန်ဖိုးထားလဲ နားလည်မှာမှ မဟုတ်တာ။

အဲ့ဒါအပြင် လူအဓောက်ခြေအလှာက လူ့မိုက် ဓားပြတွေနဲ့ ရော ထွေးယှက်တင် ဖြစ်နေတာကိုလည်း ကြည်ဖြူလိမ့်မယ်လို့ မထင်ပါဘူး။

နွေဦးရာသီမှာ ရိုးမန့်စ်

နွေကျောင်းပိတ်ရက် အစမှာ အရာရာဟာ လှုပလွှန်းနေခဲ့ တယ်။ ပထမဆုံးက ရာသီဥတုပဲ။ ဘီးတဲလ်စ်ရဲ့ ဒီဥတုပဲ။ ဘီးတဲလ်စ်ရဲ့ **Here comes the Sun** သီချင်းကို ဗမာပြေမှာ နေစဉ်က နားထောင်ရင်း နားမလည်ခဲ့ဘူး။ နေထွက်တာများ ဘာကြောင့် ပျော်ရွှင်မြူးတူးနေရတာလဲပေါ့။ နေရောင် အရလွှန်ပြီး ပူပြင်းခြောက်သွေ့တဲ့ ဗမာပြေသားတစ်ယောက်အဖို့ နားမလည်နိုင်ခဲ့တဲ့ သီချင်း။ ခု ကျနော်နားလည်တဲ့အပြင် တစ်ချိန်လုံး ဖွင့်ပြီး နားထောင်နေမိတယ်။ ကျူးလစ်ပန်း ရောင်စုံတွေ၊ ဒက်ဖာဒေး ပန်းကလေးတွေက တစ်မြို့လုံး ဝေဆာဖူးပွင့်နေတယ်။ သစ်ပင်တွေက အကုန် အစိမ်းရောင်တွေချည့်ပဲ။ အစိမ်းရောင် မြက်ခင်းတွေကလည်း မြင်မြင်လေရာမှာ ကောဇောခင်းထားသလို လှပလွှန်းနေတယ်။ မှုန်မှိုင်း ပြာဝေပြီး ကြောက်မက်ဖွယ် ကောင်းလောက်အောင် အေးစက်ခဲ့တဲ့ မြို့ကလေးဟာ သာယာလှပနေတယ်။ လူတွေက ပလက်ဖောင်းကဖီး တွေမှာ ပြည့်ကြပ်နေတာရယ်။ အားလုံးရဲ့မျက်နှာဟာ ပျော်ရွှင်မြူးတူးလို့။

ကျနော့်မှာ နွေမတိုင်ခင်ကတည်းက လုပ်လာတဲ့ အချိန်ပြည့် အလုပ်အကိုင်ကောင်းကောင်း ရှိလာပြီ။ ကူလီထမ်းတဲ့ အလုပ် ဆိုပါ တော့။ သေလောက်အောင် ပင်ပန်းပေမယ့် အင်မတန် ပိုက်ဆံရတဲ့ အလုပ်။ ကျနော့်ဘဏ်အကောင့်ထဲမှာ ငွေကြေး အတော်စုဆောင်းနိုင်ခဲ့ ပြီ။ ဘာသာစကား အခက်အခဲကို ကျော်လွှားနိုင်ခဲ့ပြီ။ ဒေသသုံး ဒိုင်ယာ လက်ကို ကောင်းကောင်း နားလည်လာတယ်။ လူပေါင်းဆံ့လာတယ်။

အတန်းဖော်တွေထဲက မိတ်ဆွေကောင်းတွေလည်း ရလာခဲ့ပြီ။ ဒီအခြေ နေ မရောက်ခင် လမ်းပေါ်က အင်္ဂလိပ်လမ်းသရဲလေးတွေနဲ့ ရိုက်ပွဲဖြစ်ခဲ့ ရတာတွေ၊ အလုပ်သွားရင်း ညဖက် လုယက်ခံခဲ့ရတာတွေ၊ လမ်းပေါ် ရထားပေါ်တွေမှာ အင်္ဂလိပ်ခုခံရေးအဖွဲ့လို့ နာမည်ပေးထားတဲ့ လူမျိုးရေး မုန်းတီးသူ အဖွဲ့ဝင်တွေက ရန်ရှာတာတွေ အများကြီး ရင်ဆိုင်ခဲ့ရပေမယ့် ခုခါမှာ ကျနော်ဟာ ကျီးကန်းတစ်ကောင်လို အထိတ်တလန့်နေတတ် တဲ့ ဖရက်ရှာကျောင်းသားလေး မဟုတ်တော့ဘူး။ ထုလေ မာလေ ငါးဖယ် တစ်ကောင်ဖြစ်လာခဲ့ပြီ။

တစ်ခါညှပ် ငါးကျပ်တန် ဘာဘာဆိုင်မှာ ဘေးနှစ်ဖက်ကို နံပါတ်တုံး ကိုက်တံနဲ့ အပြောင်ထိုးပြီး ဦးစွန်းဖုတ်နေရာလေးပဲ ကွက်ချန် ထားတတ်တဲ့ အင်္ဂလိပ်လူမိုက်ဆံပင်ကေနဲ့ ဖြစ်လာပြီ။ အလုပ်ကြမ်းလုပ် ရလွန်းလို့

ပိန်ညှော်ညှော်လေးကနေ လူကောင်ကြီးပြီး တောင့်တင်း လာပြီ။ အားကစားအင်္ကျီ လက်ရှည်ဝတ်တယ်။ ဂွမ်းခံဘောင်းဘီ အရှည် ဝတ်တယ်။ စနီကာ ဖိနပ်စီးတယ်။ လမ်းလျှောက်ရင် အရင်လို ကုပ်ချောင်း ချောင်းလေး မဟုတ်တော့ဘူး။ ရင့်ကော့ပြီး မြောက်ဆွဆွလျှောက်တယ်။ လူတွေကို ကြည့်တဲ့အခါ မထီတရီကြည့်တယ်။ လမ်းသရဲလေးတွေ၊ အရက်သမားတွေက “ဝေ့ ယူ ဖော့ကင်း ချင့်ခ်” (တရုတ်ရုပ် ပေါက်နေလို့ ဆဲတာ) လို့ ဆဲလာရင် “ဖော့ကင်း ဝန့်ကာ” (အတော်ညစ်ပတ်တဲ့ စကား လုံး) လို့ ပြန်ဆဲရင်း မေးငေါ့ပြတတ်လာတယ်။ အဲ့လို ပြန်ဖြဲပြရင် တော်ရုံကောင်တွေက ရန်မရှာရဲတော့ပဲ လစ်သွားတာပါပဲ။ တစ်နည်း အားဖြင့် ဘာကိုမှ မကြောက်တတ်တော့တဲ့ လူလည်တစ်ယောက် ဒါမှ မဟုတ် ရှေးခေတ်က ပညာတော်သင်သွားတဲ့ လူကြီးတွေသုံးတဲ့ အသုံး အနှုန်းအရ“ဘိလပ်ဂျပိုးတစ်ကောင်” အဲ့လို ဖြစ်စပြုလာပြီ ဆိုပါတော့။

အခေါင်စာရင်းတွေ ထွက်တော့လည်း ပထမနှစ်ရဲ့ အမှတ် စာရင်းတွေဟာ ဒေါ်နန်းမေမေကြည်လိုချင်တဲ့ အတိုင်းရတယ်။ အကုန် ၇၀ ရာခိုင်နှုန်းအထက် **First Class** ဆိုပါတော့။ အဲ့သတင်းကြားတော့ ညီမလေး ဒေါ်နန်းမေမေကြည်ဟာ အင်မတန် ပြုံးပျော်ရွှင်နေခဲ့တာပေါ့။ ချက်ချင်းဆိုသလို ကျနော့်ဆီ ရောက်လာတယ်။ လက်ဆွဲခေါ်သွားပြီး မြို့လယ်ခေါင် ရှော့ပင်းစန်တာထဲက ကျနော်တစ်ခါမှ ဝင်မကြည့်ဖူးတဲ့ အဝတ်အထည်ဆိုင်တွေထဲ ရောက်သွားတယ်။ ကျနော် ဝင်ဖူးတာဆိုလို့ ပရိုင်းမတ် လို့ ခေါ်တဲ့ အပေါစားကုန်တိုက်လောက် ရှိတာရယ်။ အဲ့ဒီမှာ ပိုင်စိုးပိုင်နင်းနဲ့ အဝတ်တွေ တစ်ထည်ပြီးတစ်ထည် လျှောက်ကိုင်ပြီး ဒါ သွားဝတ်ကြည့်စမ်း၊ နှင်းကာဂျာကင် ခေါင်းမှာ သားမွှေးအဆောင်းပါ ပါပြီးသားလေး လှလှလေး၊ ဟုတ်ပြီ ဒါ ထပ်ဝတ်စမ်း … အဲ့လိုတွေ လုပ် တဲ့ပြီး အကုန်လျှောက်ဝယ်ပေးတော့တာပဲ။

နွေဖက်ကြီးမှာ အနွေးထည်တွေ ဘာလုပ်ဖို့လဲ လို့ မေးတော့ ဒါမျိုးတွေ ဆောင်းတွင်းမှာ ဈေးနှစ်ဆလောက်တက်တာ လူအကြီးရဲ့ တဲ့။ အမယ် တယ်ဉာဏ်ရှိပါလား လို့ ပြန်ပြောရင်း သူခိုင်းသမျှ လုပ်၊ သူဝယ် ပေးသမျှ ယူရတော့တာပါပဲ။ အနွေးထည်တွေ အပြင် နွေနဲ့ နွေနှောင်းပိုင်း ဝတ်ဖို့ အဝတ်အစားတွေပါ တစ်ထုပ်ကြီးရယ်။

ဈေးဝယ်ပြီးတော့ ထမင်းဆိုင်ကောင်းကောင်းကို ခေါ်သွားပြီး နေ့လယ်စာ ကျွေးတယ်။ အမှန်တိုင်းပြောရရင် အဲ့လို ပေါ့ရှ်ဖြစ် (အထက် တန်းကျ) တဲ့ ဆိုင်မျိုး ကျနော် ယောင်လို့တောင် မဝင်ခဲ့ဖူးပါဘူး။ ကိုယ့် အဆင့်က ငါးကျပ်တန် အဝစား တရုတ်ဘူဖေးလောက်တောင် တစ်လ တစ်ခါ နှပ်မမှန်တာကိုး။ နေ့လယ်စာ စားပြီးတော့ ပလက်ဖောင်းကဖီး တစ်ခုမှာ တူတူထိုင် ကော်ဖီတစ်ခွက်စီ ဆစ်ကလက်ကိုယ်စီနဲ့ နေရောင်အောက်မှာ ဇိမ်ယူနေကြတယ်။

“ကျောင်းစာကို ဒီအတိုင်းသာ ဆက်ထိန်းထား၊ ဘုရင့်ကော လိပ် မှာ ဆရာလုပ်နေတဲ့ သူငယ်ချင်းရှိတယ်၊ အကို့မေဂျာနဲ့ တူတူပဲ”

“ဘာလုပ်ဖို့လဲ”

"ဘာလုပ်ရမှာလဲ၊ ရှင့်ကို ဒီကျောင်းက ဘွဲ့ရပြီးရင် အဲ့ဒီမှာ ဆက်ထားမှာပေါ့"

"ဟာ ... လာပြန်ပြီ၊ ဒီတစ်ဘွဲ့နဲ့တင် တော်ပါပြီဆိုနေ၊ နို့ အကို့ အင်္ဂလိပ်စာက အဆင့်မမီဘူးလေ"

"တိတ်စမ်း၊ အခု အဲ့တုန်းကလောက် မဆိုးတော့ဘူး ဟုတ်ပြီ လား၊ မဖြစ်နိုင်ဘူးထင်ရင် မပြောသေးဘူး လျှာမရှည်နဲ့"

စွတ်ကြီးရယ်။ ဒုက္ခဗျာ။ သူ့ခမျာ ရထားလက်မှတ်ခတွေ သောက်သောက်လဲ ကုန်မယ်ထင်တာပါပဲ။ အဲ့ဒီနေ့က စာမေးပွဲအခေါင် မှတ်ကို ကျေနပ်လို့ ဆုလာချ၊ နေ့လယ်စာအတူစား၊ ကော်ဖီအတူသောက် ပြီး ပြန်သွားတယ်။ ကျနော့် အလုပ်အားရက်နဲ့ ချိန်ပြီး နောက် ၃ ရက် လောက် နေတော့ ထပ်ရောက်လာပြန်ရော။ စားစရာသောက်စရာတွေ တစ်ပုံတပင် ချက်ပြုတ်လာတယ်။ သေချာ ထုပ်ပိုးသိမ်းဆည်းပေးတယ်။ အားတဲ့ ရက်ကလေး လျှောက်လည်ကြမယ် ဆိုပြီး ရဲတိုက်တွေ၊ ရာစု အတော်များများကတည်းက ဆောက်ထားတဲ့ ရှေးဟောင်း ကျောက်တုံး အိမ်ကလေးတွေ ပြည့်နှက်နေတဲ့ မြို့ကလေးဆီကို လစ်ကြတယ်။ တစ်နာရီလောက် ရထားစီးသွားရင် ရောက်သွားတဲ့ မြို့ကလေး။ ရဲတိုက် ကြီးရဲ့ဘေးမှာ ရစ်ခွေစီးဆင်းနေတဲ့ မြစ်ကလေးထဲ ဆင်းပြီး လှေလှော် ကြတယ်။ နှစ်ယောက်သား စွပ်ကျယ်လက်ပြတ်နဲ့ ဘောင်းဘီတိုလေး တွေ ဝတ်လို့၊ လှေလှော်ရင်း အော်ဟာစ်ရယ်မောလို့၊ ဆယ်ကျော်သက်ကလေးတွေလိုပါပဲ။ နေရောင်ခြည်အောက်မှာညီမလေးဟာ ချစ်စရာကောင်း လေးပဲ။ လှေကို လူးပြီး ကျနော် စတဲ့အခါ "ဟေ့လူ ... ဟေ့လူ... မလုပ်နဲ့ မှောက်တော့မယ်၊ ချီးတယ်လိုမှပဲဗျာ"ဆိုပြီး မျက်လုံးလေးပြူးပြီး အော် ဟာစ်နေတာရယ်။ အဲ့လိုတွေ နောက် ပြောင်နေရင်း ကျနော် စိတ်ထိန်းလို့ မရတော့ဘူး။ လှေဦးမှာ ထိုင်နေတဲ့ သူ့ဆီကို တိုးကပ်သွားတယ်။ လှော် ဘက်ကို ကန့်လန့်လုပ်လိုက်ပြီး သူ့ရှေ့မှာ ဒူးထောက်တယ်။ အလယ် ခေတ်က စစ်ထွက်ခါနီး သူ့ရဲကောင်းလိုလို ဘာလိုလို ဂိုက်ဖမ်းတယ်။ရီဝေဝေအကြည့်နဲ့ စိုက်ကြည့်တော့ ညီမလေးက မျက်လွှာချထားတယ်။

"ညီမလေး ... အကိုတို့ ခရစ်စမတ်ပိတ်ရက်တုန်းက ဟိုတော အုပ်လေးထဲမှာ ခုံတန်းလေးတစ်ခုတွေ့လို့ ဝင်ထိုင်ကြတာ မှတ်မိတယ်မလား"

"အဲဒီခုံတန်းလေးပေါ်မှာ ပန်းစည်းလေးတစ်ခု တွေ့တယ်လေ၊ အကိုတို့ ယူကိုင်ကြည့်တော့၊ ဒီ့ရာ အချစ်ရေ မင်းထွက်သွားတာ ၄ နှစ် ကြာခဲ့ပေမယ့် အတူထိုင်နေကျ နေရာလေးကို ငါမနက်တိုင်း ရောက်လာတုန်းပဲ၊ မင်းရဲ့ ထာဝရ - ဘော့ပ် - ဆိုတဲ့ စာသားပါတဲ့ ကတ်ပြားလေး တွဲလို့ စိတ်ထဲတစ်မျိုးလေးပဲလို့ မင်းတောင် ပြောပါသေးတယ်"

"အင်း... ဘာဖြစ်လဲ အဲ့ဒါ"

“အကိုက အဲ့ဒီ ပန်းစည်းပိုင်ရှင် အဘိုးကြီး ဘော့ပ်ကို သဘော | အားကျတာကိုး”

“အဲ့ဒီတော့ … ဘာဖြစ်တုံး (သူ့မျက်နှာလေးက မချိုမချဉ်ဖြစ် လာတယ်)။

“ရိုက်ညီနောင်ဟာ အိမ်ထောင် မပြုသွားကြဘူး၊ ဘဝမှာ လေယာဉ်ပျံတီထွင်တာနဲ့ မိန်းမ ယူတာ နှစ်ခုစလုံး လုပ်ဖို့ သူတို့ မတတ် နိုင်ဘူးတဲ့၊ အကို လေယာဉ်ပျံ မတီထွင်တတ်ဘူး ညီမလေးရာ…”

“အမယ်….မယ်….”

“အကို မအောင့်နိုင်တော့ဘူးဗျာ၊ ဒီမယ် ညီမလေးသာ အကို့ ကို ပြန်မချစ်နိုင်ဘူး ဆိုရင် ဟိုးမိုးကုတ်စက်ဝိုင်းအထိ လှေကို လှော်သွား လိုက်တော့မယ် သိလား” လို့ ခပ်တိုးတိုးလေး ပြောလိုက်မိတယ်။

ရုတ်တရက် ဘာဖြစ်သွားမှန်း မသိဘူး။ အလစ်အငိုက်မိသွား တယ်။ ညီမလေး ဒေါ်နန်းမေမေကြည်ဟာ ကျနော့်ကိုယ်ပေါ် ခုန်အုပ် လာတယ်။ လှေလူးသွားလို့ လှေနံနှစ်ဖက်ကို လက်နဲ့ တင်းတင်းဆုပ် ကိုင်ထားလိုက်ရတယ်။ တစ်ခါက အင်မတန်လှတယ်လို့ ထင်ခဲ့ဖူးတဲ့ ပါးအို့နီနီလေးတွေဟာ ကျနော့်ပါးပြင် နှစ်ဖက်ကို ဘယ်ပြန်ညာပြန် လာ ပွတ်သပ်နေတော့တာပဲ။ ကျနော့်ကို အတင်း သိုင်းဖက်ထားရင်း နဖူးတွေ နားရွက်တွေ နှုတ်ခမ်းတွေ နေရာလပ် မရှိအောင် အားပါးတရ လျှောက် နမ်းနေတယ်။ ကျနော့်မှာ ရင်တွေ တဒိတ်ဒိတ်ခုန်ပြီး တောင့်တောင့်ကြီး ရယ်။ သူလုပ်ချင်တိုင်း လုပ်လို့ဝတော့မှ မောဟိုက်နေတဲ့ အသံလေးနဲ့ ပြောတယ်။

“အကိုက သောက်အ ကြီး၊ ညီမလေးကဖြင့် လွန်ခဲ့တဲ့ ၅ မိနစ် လောက်ကတည်းက ဒင်းငါ့ကို ဘာမှမပြောရင် ငါအရင်ပြောပစ်ပြီး ဖက်နမ်း သောင်းကျန်းပစ်မယ်၊ ရေထဲခုန်ချပြီး ဆင်းပြေးပလေ့စေလို့ တွေးနေတာ သိရဲ့လား အရှက်သည်းတဲ့လူကြီးရဲ့…” တဲ့။

ဩော်…ဒီလိုလား လို့ အံကြိတ်သံနဲ့ ပြန်ပြောရင်း ညီမလေးကို ဆွဲခွာတယ်။ မျက်နှာကို ကျနော့်လက်ခုပ်ထဲ ထည့်ပြီး စိုက်ကြည့်တယ်။

သူ့မျက်နှာဟာ ရှက်စိတ်နဲ့ ပန်းသွေးရောင်လေး သန်းနေတာပဲ။ နှုတ်ခမ်း တွေက တဆတ်ဆတ် တုန်နေတယ်။ ကျနော် အောက်နှုတ်ခမ်းကို ကိုက် ပြီး မချင့်မရဲလုပ်ပြလိုက်တော့

“အကိုနော် … အဲ့လိုကြီး မကြည့်စမ်းနဲ့၊ ညီမလေး ရင်တုန်လို့ သေကုန်မှာ” တဲ့။

ကျနော့်မျက်နှာဟာ ဆတ်ခနဲ သူ့မျက်နှာကို အုပ်မိုးပစ်လိုက် တယ်။

အိုး ... လို့ သူအာ်ဖို့ကြိုးစားသေးတယ်။ ဒါပေမယ့် အဆုံးထိ မအာ်နိုင်ခဲ့ဘူး။ သူ့နှုတ်ခမ်းလှလှလေးဟာ ကျနော့် အနမ်းအောက်မှာ နစ်မြုပ်ပျောက်ဆုံးသွားခဲ့ရတယ်။

အဲ့ဒီနေ့ရက်တွေဟာ တစ်သက်မမေ့နိုင်စရာ ရက်တွေပေါ့။

ကျနော်ဟာ အလုပ်ကို အသည်းအသန်လုပ်ရင်း ပိုက်ဆံ တွေ ကြိုးစားပြီးစုဆောင်းတယ်။ နောက်တစ်နှစ်အတွက် ကျောင်းလခ ဆိုတာကြီးကို ပြည့်မီဖို့အတွက် အလုပ်ပြီးရင်း အလုပ်တွေချည့်ပဲ။ ဘယ်လောက် ပင်ပန်းဆင်းရဲနေပါစေ လေကလေး တချွန်ချွန်နဲ့ရယ်။ အလုပ်က ပြန်လာရင် ထမင်းဟင်းမြိန်မြိန်စားဖို့ ကျနော့်ချစ်သူ ညီမလေး က တစ်ပတ်စာ ချက်ပြုတ်ပြီး ထားသွားပေးနေကျဆိုတော့ ပူပင်စရာမှ မလိုတာကိုး။ သူ့လက်ရာ ဟင်းကောင်းကျွေးမွန်တွေကို နွေးပြုပြီး စား လိုက်ရုံပဲ။ ဒါ့အပြင် အပန်းဖြေစရာ ဝီစကီ တစ်လီတာပုလင်းတစ်ပုလင်း နဲ့ ဘီယာပုလင်း အစိမ်းလေးတွေပါ ဒါဇင်လိုက်ဝယ်ပြီး သိုလှောင်ထား ပေးခဲ့သေးတာရယ်။

ညစဉ်နီးပါး ကျနော် အလုပ်က ပြန်ရောက် ရေမိုးချိုးစား သောက်ပြီးစီးလို့ ဘီယာလေးမော့ ဆစ်ကလက်လေးဖွာရင်း ဇိမ်ယူနေပြီဆိုရင် ကွန်ပျူတာ ဝက်ဘ်ကမ်ကို ဖွင့်ထားပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း စကားတွေအများကြီး ပြောကြတာပါပဲ။ ဘာတွေ ပြောကြတာလဲ ဆိုတော့ကာ စာအုပ်တွေအကြောင်း၊ ရုပ်ရှင်တွေ အကြောင်း၊ ကမ္ဘာ့အရေး အစရှိသဖြင့် အမျိုးစုံပေါ့။ နောက် သူ့ဘဝ ကိုယ့် ဘဝ ဇာတ်ကြောင်းလေးတွေပေါ့။ ကျနော်ကချည့်ပဲ ကျနော့်ဘဝဇာတ် ကြောင်းကို ဆရာသော်တာဆွေ့လေနဲ့ ပြောပြဖြစ်တာ များပါတယ်။ ညီမ လေးက ပါးစပ်အဟောင်းသားနဲ့ ငေးရင်း နားထောင်နေတာပါပဲ။ ဇာတ် လမ်း တစ်ဖြတ်လောက် ဆုံးသွားတိုင်း အတော်ဆိုးတေတဲ့ လူပါလား လို့ မှတ်ချက်ချပြီး ပြုံးစိစိလုပ်နေတတ်တယ်။ ကျနော်ပြောပြတဲ့ အရာတွေ ဟာ သူရင်းသန်ခဲ့တဲ့ ကမ္ဘာနဲ့ ဝေးကွာလွန်းနေတာကြောင့် ကျနော် ဘာ ပြောပြော အံ့ဩမင်တက်နေတဲ့ မျက်နှာပေးမျိုးနဲ့ ငြိမ်ငြိမ်လေးနားထောင် နေတာပါပဲ။

အချစ်အကြောင်းကော မပြောကြဘူးလား ဆိုတော့ကာ ဟင့်အင်း မပြောဖြစ်ကြဘူးဗျ။ ကျနော်တို့က လက်တွေ့ကျတဲ့ စုံတွဲပဲ။ ကျနော် အားတဲ့ရက်ဆို သူရောက်လာတယ်။ အဲ့ဒီတော့မှ တစ်ယောက်နဲ့ တစ်ယောက် မျက်စိအောက်က အပျောက်မခံတော့အောင် အဖြစ်သည်း ကြတာပေါ့။ သူ့ချွဲသမျှ ကျနော်က တပြုံးပြုံးနဲ့ ခံ၊ ကျနော့်ကို သူက ဇက် ကြော ဆွဲပေး နှိပ်ပေးနယ်ပေးတွေ လုပ်ပြီး ပြုစုယုယပြ၊ ထမင်းဟင်းတွေ ချက်ပြု ပြုတ်ပေး။ အခန်းသန့်ရှင်းရေး လုပ်ပေး၊ အဝတ်အစားတွေ လျှော် ဖွတ် မီး မီးပူတိုက် အစရှိသဖြင့်တွေနဲ့ အိမ်ရှင်မလေး ကျနေတာပါပဲ။

ညနေစောင်းပြီဆို(နွေဖက်ဆိုတော့ ည ၈ နာရီလောက်ထိ င်မပျောက်ဘူး) နှစ်ယောက်သား မြို့ထဲဖက်ထွက်၊ လူရှင်းတဲ့ နေရောင်မ အရက်ဘာ ားတစ်ခုမှာ

ဝင်ထိုင်၊ ဘီလီယက်ထိုးလိုက်၊ တစ်ခွက် တစ်ဖလားချလိုက်၊ မြားပေါက်တယ်။ ဆော့လိုက်နဲ့ အပျော်လွန်တဲ့နေ့ရက်တွေပေ့ါ။ တချို့သော အလုပ်ပိတ်ရက်တွေမှာကျတော့ ခရီးထွက်ကြ ၊ တူးရစ္စတွေ အသွားများပြီး ဓာတ်ပုံရိုက်လို့ ကောင်းတဲ့ နေရာတွေ မဟုတ်ဘူး။ ကျနော်တို့က စာသမားတွေမဟုတ်လား။ ငယ်ငယ်က ဖတ် ဖူးခဲ့သမျှ ဝတ္ထုဇာတ်လမ်းတွေထဲက နေရာလေးတွေကို သွားရှာကြတာ မျိုး။ စိတ်ကူးယဉ်ဆန်လွန်းပေမယ့် တကယ်တော့ လူဖြစ်ရတာ တန် ဘယ်ဆိုတဲ့ ခံစားချက်မျိုး နှစ်ယောက်လုံးမှာ တကယ်ရှိကြတာကိုး။

ဥပမာ၊ လန်ဒန်မြို့ကို တက်သွားကြတဲ့အခါ၊ သိမ်းမြစ်ထဲမှာ

လှေလှော်ကြရင်းနဲ့

ဟေး ... မျှော်တလင့်လင့်ထဲက ပစ်နဲ့ သူ့မွေးစားအဖေ

ပရိုးဒစ်ကြီးတို့ တို့ နောက်ဆုံးအခန်းမှာ ထွက်ပြေးကြတာ မှတ်မိသေးတယ်

မလားပေ့ါ။ အဲ့လိုတွေရယ်။ အိုဟောင်းနေတဲ့ အရက်ဘားတစ်ခုမှာသွားထိုင်ကြပြီး အတန်ငယ်မူးလာတဲ့ အခါ၊ ညီမလေး မှတ်ထား

ဒုတိယ ကမ္ဘာစစ်အတွင်းက ဗြိတိန်တိုက်ပွဲမယ် ဂျာမန်လေယာဉ်တွေက

လန်ဒန်ကို အသည်းအသန် ဗုံးတွေကြဲချနေစဉ်က နန်းရင်းဝန် ချေးဘီလူး

ချာချီဟာ ဒီဘားမှာ အရက်လာထိုင်သောက်နေတတ်တာ တဲ့။ အတော်

လေးများ မူးလာပြီလားဆိုရင် ဒီအရက်ဘားရဲ့ ခေါင်မိုးထပ်ပေါ် တက်တဲ့

ဗုံးတွေကြဲချနေတဲ့ ဂျာမန်လေယာဉ်တွေကို အဓ်ာဟစ်ဆဲဆိုနေတော့

တာပဲ တဲ့။ အဲ့လိုတွေ အာလူးဖုတ်တဲ့ပြီး ပါးနှစ်ဖက်ကို ဖောင်းဖောင်းကြီး

ဖြစ်အောင်လုပ် ပါးစပ်က ဆေးပြင်းလိပ် ချွတ်တဲ့ဟန်ပြင် ကောင်းကင်ပေါ်

မော့ကြည့်ပြပြီး ဗြိတိသျှအဘိုးကြီးလေသံနဲ့ “ဘလတ်ဒီး ဘားစတတ်စ်”လို့ ဆဲရင်း သရုပ်ဆောင်ပြတော့ ညီမလေးမှာ တခွိခွိနဲ့ ရယ်နေလိုက်တာရယ်။ ရယ်လို့ဝတော့မှ ကျနော့်ပါးကို လက်ဖဝါးနဲ့ လာပွတ်ပြီး ရီဝေဝေနဲ့ပြောတယ်။

“I knew when I met you, an adventure was going to happen”တဲ့။

အဲ့ဒါကြီးက ဝင်းနီ သဖူး ထဲက စာသားကြီးပါလို့ ကျနော်က မူးမူးနဲ့ ပြန်စတော့ ဟာ ဗီးလ်ပျက်တယ်ကွာ ဒီမှာ ဗီလင်အပြည့်နဲ့ပြောနေ ပါတယ်ဆိုနေမှ ဆိုပြီး စိတ်ကောက်သွားရော။

ပျော်ရွှင်ဖွယ်ရာ နေ့ရက်တွေနဲ့ အဲ့ဒီတစ်နွေဟာ ကုန်ဆုံးသွားခဲ့ တယ်။ စက်တင်ဘာလမှာ ကျောင်းတွေ ပြန်ဖွင့်တဲ့အခါ ကျနော်ဟာ လက်မတင်လေး ကျောင်းလခ သွင်းနိုင်ခဲ့တယ်။ ပထမနှစ်က အမှတ် ကောင်းတဲ့အတွက် ကျောင်းလခအနည်းငယ် ကင်းလွတ်ခွင့်ရတယ်။ ဒါဟာ နိုင်ငံတကာ ကျောင်းသားတွေအတွက် သတ်မှတ်ထားတဲ့ ပေါ်လစီ တစ်ခုပဲ။ ကျန်တဲ့ ငွေပမာဏဟာ ကျနော်သေလောက်အောင် ရှာထားတဲ့ ပိုက်ဆံတွေနဲ့ ကွက်တိဆိုသလောက်ကို လောက်ငသွားခဲ့တဲ့ အတွက် သက်ပြင်းချနိုင်ခဲ့ပြီ။

တက္ကသိုလ်ကျောင်းကို နောက်တစ်ခါ ပြန်တက်ရတဲ့အခါ ကျနော်ဟာ အရင်နှစ်ကလို ကျီးကန်းတစ်ကောင်ကဲ့သို့ ထိတ်လန့်တုန် လှုပ်မနေတော့ပါဘူး။ အလုပ်အကိုင် ဘယ်လိုရှာပြီး ဘယ်လိုရပ်တည်ရ မလဲ သိသွားတဲ့ လူလည်တစ်ယောက် ဖြစ်နေပြီ။ ဒီပတ်ဝန်းကျင်မှာ အသားကျစ ပြုလာပြီ။ အပေါင်းအသင်းဝင်ဆံ့တဲ့ စီနီယာကျောင်းသား တစ်ယောက်ဖြစ်လာပြီ။ အဲ့ဒီဟာတွေထက် အရေးကြီးတဲ့ အချက်က တစ်ခုခုဆို ကျနော့်နောက်မှာ အသင့်ရပ်ပေးမယ့် ချစ်သူ သိပ္ပံပညာရှင်မ လေး ရှိနေပြီ မဟုတ်လား။

ယုံကြည်မှုအပြည့်နဲ့ တက္ကသိုလ်ကို ကျနော်ပြန်သွားခဲ့ပါတယ်။

အစွန်းနှစ်ဖက်က လူ

စက်တင်ဘာလ ကျောင်းတွေပြန်ဖွင့်တော့ နေရောင်ခြည်က ပေါ်တစ်လှည့် ပျောက်တစ်လှည့် ပြန်ဖြစ်စပြုလာပြီ။ အဖေးစက်စက် မိုးပေါက်တွေ တစ်ခါတစ်ခါ ကျလာတတ်တယ်။ ဒုတိယ စာသင်နှစ်ဟာ ပထမနှစ်လို မလွယ်ကူလှဘူး။ စကတည်းကယဉ်သကို ဆိုသလို ရှုပ် ထွေးလွန်းတဲ့ သင်ခန်းစာတွေနဲ့ နပန်းလုံးနေရပြီ။ ထင်သလောက် မလွယ်ပါလား လို့ ညည်းညူမိတဲ့အထိပဲ။ အလုပ်ချိန်ကို နည်းနည်းလျှော့ ချပြီး တတ်နိုင်သလောက် စာကြည့်တိုက်မှာ သွားသွားထိုင်ပြီး စာအုပ်ပုံ တွေနဲ့ ကွန်ပြူတာရှေ့မှာ ထုပ္ပနေအောင် စာလုပ်နေရတယ်။ ကျနော့် ချစ်စ ခင်စ ကြင်နာစလေးကိုတောင် ခါတိုင်းလို ဖုန်းခေါ်ပြီး စကားပုံမှန် မပြောနိုင်တော့ဘူး။

တစ်ပတ်နှစ်ပတ်လောက် ကြာတော့ ညီမလေး ကျနော့်ဆီ ရောက်လာပြန်တယ်။

"ဟေး ဆရာကြီး၊ မျက်နှာက မှုန်တေတေနဲ့ ဖိအားများနေတာ လား၊ ကျောင်းစာတွေ ခဏပစ်ထားပြီး တစ်ရက်လောက် ခရီးထွက်ကြရ အောင်လား" တဲ့။

သွားကြတာပေါ့ဆိုပြီး အလုပ်ကော ကျောင်းစာတွေကော ပစ်ချထားပြီး ခရီးတူတူထွက်ခဲ့ကြတယ်။

ရော့ခ်ရှိုင်းယား မြောက်ပိုင်းက **Scarborough**(ဗြိတိသျှအသံထွက်အရ "ဆကာဘရာ") ဆိုတဲ့ မြို့ကလေးဆီပေါ့။ ပင်လယ်ကမ်းဘေးက ရှေးဟောင်းမြို့ကလေး။ **Scarborough Castle** လို့ခေါ် တဲ့ဒဏ္ဍာရီဆန်တဲ့ ၁၂ ရာစုကရဲတိုက်ကြီးမြို့။နီညိုရောင်ရှေးဟောင်း အိမ်အိုကလေးတွေက ပင်လယ်ကမ်းရိုးတန်းအတိုင်း ဝေ့ဝိုက်လို့။ တချို့က တောင်ကုန်းပေါ်မှာ၊ မြက်ခင်းအစိမ်းရောင်လေးပေါ် မှာ ထီးထီးလေးတွေ။

အဲ့ဒီနေ့က နေ့က ရာသီဥတု မသာယာဘူး။ နေမထွက်တဲ့ အပြင် ရှားဝါး လို့ ခေါ်တဲ့ မိုးမြူမှုန်တွေ ကျနေတယ်။ ကျနော်တို့ နှစ်ယောက်တစ်ယောက်နဲ့တစ်ယောက် ခါးကို တင်းတင်းဖက်ထားရင်း ဂျာကင်အင်္ကျီကခေါင်းဆောင်းဦးထုပ်လေးတွေ ဆောင်းထားရင်း အဲ့ဒီ မြို့ကလေးထဲမှာ ခြေဦးတည့်ရာ လျှောက်သွားနေခဲ့ကြတယ်။ ဘယ်လို

ခံစားချက်မျိုး ကြီးမှန်း ကျနော် မပြောပြတတ်ဘူး။ အိပ်မက်ထဲမှာ လမ်းလျှောက်နေ သလိုလို ဘာလိုလိုကြီးရယ်။

အားလပ်ရက် ခရီးသွားရာသီလည်း မဟုတ်တော့ လူသူ လေးပါးကလည်း ကင်းရှင်းလွန်းနေတာကိုး။ ဘေးပတ်ဝန်းကျင်ဂ မြင်ကွင်းရယ်၊ ရာသီဥတုရယ်က စိတ်ထဲမှာ အလယ်ခေတ်က ဥရောပကို ပြန်ရောက်နေသလို ခံစားမိနေစေတာမျိုး။

မြို့တစ်နေရာ အရောက်မှာ ကုန်းခပ်မြင့်မြင့်ပေါ်ကနေ ပင်လယ် စီးပီး မြင်နေရတဲ့ အရက်ဘားလေးတစ်ခု တွေ့တာနဲ့ ဝင်ထိုင်ဖြစ် တယ်။ အရက်ဘားက အိုဟောင်းနေပေမယ့် အတွင်းဖက် မှန်ချပ်က ပင်လယ်ကမ်းခြေနဲ့စက်ဝိုင်းပုံသဏ္ဍာန်မြို့တစ်ခြမ်းကိုလှမ်းမြင်နေရတဲ့ မြင်ကွင်းကြောင့် အံ့သြမင်တက်နေမိကြသေးတယ်။ မှုန်ပြာရီမှိုင်း ပင်လယ်ကြီး၊ သဲပြင်ဖြူလွလွ၊ အိမ်အနီရောင် စီစီရီရီလေးတွေ။ ဆာရီယဲလ် ဆန်လွန်းတယ်။

နှစ်ယောက်သား တစ်ခွက် တစ်ဖလားစီ ချလိုက်တော့မှ အအေးဒဏ်ခံခဲ့ရသမျှ နွေးသွားတယ်။ နားရွက်တွေ နီ၊ မျက်နှာတွေ ပန်းသွေးရောင် သန်းလာကြတယ်။ ပူးကပ်ပြီး ထိုင်နေကြပေမယ့် စကား တစ်လုံးမှ မဆိုဖြစ်ပဲ ကိုယ့်အတွေးနဲ့ကိုယ် ပင်လယ်ကြီးကို ငေးမောနေ ကြတယ်။

ခဏကြာမှ ဆိုင်ထဲကို ကျနော် အကဲခတ်ကြည့်တော့ လူသူ လေးပါး ကင်းရှင်းနေတဲ့ အရက်ဆိုင်လေး။ ဆိုင်ရှင်တစ်ယောက်ပဲ ဘားကောင်တာနောက်မှာ တကုပ်ကုပ်နဲ့။

မလှမ်းမကမ်းက နံရံမှာ နိုင်လွန်ကြိုးတပ် ဂစ်တာလေးတစ်လုံး ချိတ်ထားတာ မြင်တော့ ကျနော် အသာလေး ထသွားပြီး ဆိုင်ရှင်ကို ခွင့်တောင်းတယ်။

ဂစ်တာကို လက်ညှိုးထိုးပြပြီး မေ အိုင်...” ဆိုတော့၊“ရတယ် ငါ့သား... တဲ့။

ဂစ်တာကို ဖြုတ်ယူလိုက်ပြီး ညီမလေးအနား သွားထိုင်တော့ သူက ရယ်ကျဲကျဲနဲ့ “ဟေး အကို . . . ဆိုင်ရှင် မောင်းထုတ်မယ်နော် တီးကော တီးတတ်လို့လား” တဲ့။

ကျနော် ဘာမှပြန်မပြောဘူး။ ဂစ်တာကြိုးတွေကို လျှောက်စမ်း ပီး နည်းနည်းညှိတယ်။ အဆင်ပြေသွားတော့မှ **Romance de Amor** ဆိုတဲ့ စပိန်သီချင်းတစ်ပုဒ်ကို စတီးတယ်။

တစ်ကျော့ပြီးသွားတော့ ဂစ်တာကြိုးတွေကို ကုတ်တွယ်တီးခတ်ရတာ သွေးပူလာပြီ။ နောက် တစ်ကျော့ ထပ်တီးတယ်။ ဘယ်လက်ချောင်းတွေက ဂစ်တာဖင်းဂါး ဘုတ်ပေါ်မှာ အလိုလျောက် ပြေးလွှားနေသလို ညာလက်ချောင်းတွေက ဂစ်တာကြိုးတွေကို ပိုင်ပိုင်နိုင်နိုင် ကုတ်တွယ်

ပြေးလွှားနေတယ်။

ကျနော့် မျက်လုံးတွေကို ပင်လယ်ကို ငေးတယ်။ ရေလှိုင်းတွေကို ငေးတယ်။ ကျနော်ဟာ ကျနော်မဟုတ်တော့ဘူး။ ကျနော်ဟာ စပိန်ဂစ်တာတစ်လက်ပဲ။

သီချင်းဆုံးသွားတာနဲ့ ခဏလေး နားတယ်။ တစ်စက္ကန့်... နှစ်စက္ကန့်... သုံးစက္ကန့် လက်က အလိုလျောက် နောက်တစ်ပုဒ် ဆက်တီးတယ်။

Recuerdos de la Alhambra ဆိုတဲ့ သီချင်းဖြစ်နေတယ်။ ဒီသီချင်းဟာ တယောသံကို တုပထားတဲ့ တက်ကနစ်ဖြစ်တဲ့ ထရီမိုလိုနဲ့ တီးရတာမျိုး။ ကျနော့် ညာလက် သုံးချောင်းဟာ ပန်ကာလို မွှတ်နေ အောင် လည်နေတယ်။ ဒါပေမယ့် ထင်သလောက် ထိချက်မကောင်းပါ ဘူး။ ကျနော် ဂစ်တာမကိုင်တာ ကြာပြီမဟုတ်လား။ ဒါပေမယ့် သီချင်း ဟာ ဆွေးမြေ့ကြေကွဲဖွယ်ရာကြီး။ ပတ်ဝန်းကျင်ကလည်း ဆွေးရီရီကြီး။ ပထမအပိုဒ် ပြီးတော့ သက်လုံကျလာတဲ့ ဘယ်ဖက်လက်က မနိုပ်နိုင် တော့ဘူး။ ဒုတိယအပိုဒ်ကို မဆက်တော့ပဲ ရပ်လိုက်တယ်။ ညီမလေးကို ဆတ်ခနဲ လှမ်းကြည့်လိုက်တော့ အံ့သြတုန်လှုပ်နေတာရယ်၊ ဝမ်းသာ ကြည်နူးနေတာရယ်၊ အထင်ကြီးနေတာရယ် အဲ့လို ခံစားချက်မျိုး ပေါင်းစပ်ထားတဲ့ မျက်ဝန်းတွေနဲ့ ကျနော့်ကို ငေးလို့ရယ်။

ကျနော် အင်မတန်နှစ်သက်ခဲ့ဖူးတဲ့ အချစ်ပုံပြင် ဆိုတဲ့ ကမ္ဘာ ကျော်ဝတ္ထုထဲက ဇာတ်လိုက်မ ဂျနီဖာက ဇာတ်လိုက် အိုလီဗာကို ပီယာနို တီးပြတဲ့ ဇာတ်ဝင်ခန်းကို သွားသတိရပြီး ပြုံးမိသေးတယ်။

ဘာတုံး ဆိုတဲ့ ဟန်နဲ့ သူ့ကို မေးဆတ်ပြလိုက်တော့ သူ့အင်္ကျီ လက်မောင်းကို ပင့်တင်ပြတယ်။

"ဒီမယ် တွေ့လား ကြက်သီးဖုလေးတွေ ထလာတယ်၊ သိတောင် မသိခဲ့ပါလား၊ ဒီနေရာမှာတော့ မောင်လေးကို မမ မယှဉ်နိုင်တော့ပါလား ... လို့ပြောရင်း ကျနော့်ကို ရွှန်းရွှန်းစားစားကြီး ငေးကြည့် နေတယ်။ တစ်ဘဝလုံး ကိုယ့်ကိုယ်ကိုယ် စောက်အထင်မကြီးခဲ့ဖူးတဲ့ ကျနော်ဟာ အခု ကိုယ့်ကိုယ်ကိုယ် အင်မတန် ကြီးကျယ် မြင့်မြတ်တဲ့ ကောင်ကြီးလိုလို ဘာလိုလို ခံစားနေရပြီ။

ဘဝမှာ ကိုယ်ချစ်တဲ့ မိန်းမရဲ့ အထင်ကြီးမှုကို ခံရတာဟာ အလက်ဇန်းဒါး သဂရိတ် ကမ္ဘာတစ်ခြမ်းကို သိမ်းပိုက်နိုင်ခဲ့တာလောက် နီးနီး စိတ်ကြီးဝင်စရာကောင်းတယ် မဟုတ်လား။

ကျေနပ်ပျော်ရွှင်နေတဲ့ စိတ်နဲ့ ကျနော်ဂစ်တာကို ဆက်တီး တယ်။ အင်ထရိုတီးလုံးလေး ကြားတာနဲ့ ညီမလေးက အဟော့ လို့ အာမေဋိတ်သံလေး ပြုတယ်။ ကျနော် သီချင်းစဆိုတဲ့ အခါ ညီမလေးကပါ လိုက်ညည်းတယ်။ ကျနော်တို့ ရောက်နေတဲ့ မြို့ကလေးနာမည်က **Scarborough** ။ ကျနော်

ကောက်တီးလိုက်တဲ့ သီချင်းက **Simon Garfunkel** ရဲ့ **Scarborough Fair**သီချင်း။

Are you going to Scarborough Fair? Parsley, sage, rosemary and thyme Remember me to one who lives there She once was a true love of mine

ကျနော်က **She** လို့အော်ဆိုတဲ့ နေရာမှာ ညီမလေးက ကျနော့် ရင်ဘတ်ကို လက်ညှိုးနဲ့ထောက်ပြီး **He** လို့ ပြောင်းပြီး ဆိုတယ်။ ကျနော့် မှာ သီချင်းဆိုနေရင်း စပ်ဖြီးဖြီးနဲ့ရယ်။ သီချင်းကို အတူဆက်အော်ဆို ကြတယ်။

Tell her to make me a cambric shirt Parsley, sage, rosemary and thyme

Without no seams nor needle work Then she'll be a true love of mine

အမယ်... ကျနော့်ဆံတိုမလေးဟာ ပြုံးပျော်ရွှင်စွာနဲ့ အမူအရာ လေးတွေပါ လုပ်ပြပြီး လိုက်အော်ဆိုနေတာဗျား။

ပင်လယ်ကမ်းစပ်နံဘေး တောင်ကုန်းပေါ်က အရက်ဆိုင်အို လေး၊ ပျော်ရွှင်နေတဲ့ စုံတွဲလေး၊ မိုးမြူမှုန်တွေ အောက်က ဒဏ္ဍာရီဆန်တဲ့ **Scarborough** မြို့လေး၊ ဂစ်တာသံနဲ့ သံပြိုင်ဆိုနေတဲ့ **Scarborough Fair** သီချင်းသံ... ကျနော့်ဘဝကြီး တစ်ခုလုံး ပြီးပြည့်စုံခဲ့ဖူးတာပေါ့လေ။ အပြန်လမ်းက ရထားပေါ်မှာ အပြန်အလှန် မှီတွယ်ပြီး ငြိမ် သက်နေကြရင်းက ညီမလေးဒေါ်နန်းမေမေကြည် ရုတ်တရက် ထပြော တယ်။

"ဟေး အစ်ကို ရှင်က**William Faulkner**ရဲ့ **The Sound and the Fury** စာအုပ်ပဲ"

"ဟမ် ဘာလဲ အဲ့ဒါက..."

"စာအုပ်လေ..."

"အင်းလေ...ဘာဆိုင်လို့လဲ ဘာစာအုပ်ကြီးမို့လဲ ..."

"နားလည်ရခက်တဲ့ စာအုပ်၊ ဖတ်ရတာ ရှုပ်ရှက်ခတ်လွန်း တယ်။ လူ ၃ ယောက်နဲ့ သုံးပုံတစ်ပုံက ဇာတ်ကြောင်းပြန်ပြောပြနေတာ။ ပထမ ဇာတ်ကြောင်းပြန်တဲ့သူက စိတ်ရောဂါ နည်းနည်းရှိနေတော့ကာ သူပြောတာတွေက အတိတ်နဲ့ ပစ္စုပ္ပန် အလယ်တည့်တည့် နှစ်ခုကြားမှာ ဟိုခုန်ဒီကူး အဲ့လိုတွေရယ်၊

ဘာတွေဖြစ်နေမှန်း နားလည်ဖို့ မလွယ်ဘူး”

“ဟား ... ငါ့ကို ရူးနေတယ်လို့ပြောချင်တာလား သေနာမလေး

ဟင်...”

“အိုး ခမ်းမောန်...အဲဒီစာအုပ်နဲ့တူတဲ့ ရှင့်ကို ဖတ်မိနေတဲ့ ကျမရူးသွပ်နေတာလို့ ပြောနေတာ ...

“

“ဟုတ်ပါပြီ ပြောပါဦး အဲ့ဒီစာအုပ်နဲ့ ဘယ်နားသွားတူတာတဲ့လဲ”

သိဘူးရှင် ... ဘာတွေမှန်းကို မသိဘူး၊ ရှင့်အပြောအရ ရှင်ငယ်ငယ်က လူဆိုးလူတေ ဖဲသမားလေးဆို၊အခု ကျမမြင်နေရတဲ့လူက အဲ့လိုဖြစ်ခဲ့ဖူးတယ်ဆိုတာ ယုံရခက်နေတယ်။ ပြုံးစိစိနဲ့ လူရည်သန့် ရုပ်လေး၊ အဆက်အစပ် မရှိပြန်ဘူး။ ပညာတတ်မဟုတ်ဘူးအခုမှလူရာဝင်ဖို့ ပညာသင်နေရတာတဲ့။ ကျမနဲ့ ကျမအသိုင်းအဝိုင်းက လူတွေနဲ့ ဆက်ဆံတဲ့အခါ တစ်ချက်မှ မျက်နှာပျက် သိမ်ငယ်ဟန် မပြပြန်ဘူး။ စာအကြောင်း ပေအကြောင်းကျတော့ ကျမ သိသလောက် ရှင်အကုန် ပြောနိုင်နေပြန်ရော။ အဲ့လိုလူက ဒေါသကို မထိန်းနိုင်လို့ ထောင်ကျသွား ဖူးခဲ့သတဲ့။ အမှောင်ခန်းထဲ တိုက်ပိတ်ခံရဖူးခဲ့သတဲ့ ခံရဖူးခဲ့သတဲ့။ ဟုတ်မှာပါ။ လူက ကမူးရှူးတိုးနဲ့ရယ်။ ဟိုးအရင်တလောဆီက အလုပ်က ပြန်လာရင်း ဖုန်း လုလို့တဲ့၊ လမ်းသရဲလေးတွေနဲ့ ရိုက်ကြနှက်ကြတာ ခေါင်းပေါက်လို ပေါက်၊ မျက်နှာမှာ အညိုအမည်းတွေ စွဲလို့ရယ်။ သေမှာ မကြောက်ဘူး။ ဉာဏ်ရှိတဲ့ပုံ မပေါ်ဘူး။မိုက်တိမိုက်ကန်း လူ။ မေဖယားနားက အရက် ဆိုင်မှာတုန်းကကျပြန်တော့ ရန်လာစတဲ့ အင်္ဂလိပ် အရက်သမား နှစ်ကောင်ကို သည်းခံ၊ ရယ်ကျဲကျဲနဲ့ ထတဲ့ပြီး ဒေါဖောင်းနေတဲ့ ကျမကို ဆွဲဖက်ရင်း လာပြန်ကြစို့ ညီမလေးရာ ဆိုပြီး သွေးအေး အေးနဲ့ ထထွက် နိုင်ပြန်တယ်။ လူက ဂျစ်တိဂျစ်ကန်နဲ့ ကြုံရာကျပမ်း အလုပ်တွေ လျှောက် လုပ်ပြီး ဖြစ်သလိုနေတယ်။ ခုနက ဂစ်တာတီးနေပြန်တော့ အဟုတ်ကြီး နူးညံ့နေတဲ့ အဲ့ဒီလူက သူ မဟုတ်ပြန်တော့သလိုပဲ။ ကျမမှာ အရည်တွေပျော်ရပြန်ရော...” ကျနော် တဟားဟား ရယ်နေရင်းက လက်ကာပြလိုက်တော့ တတွတ်တွတ် ဆီမန်း မန်းနေတာတွေ ရပ်သွားတယ်။

အဲ့ဒီစာအုပ်ကို ကြိုးစားပြီး ဆက်ဖတ်ကြည့်မယ် မဟုတ်လား ပြောရင်း မျက်စိတစ်ဖက်မှိတ်ပြလိုက်တော့ ကလေးလေးတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက်ပြန်ပြုံးပြလာရင်း “အသေအချာပေါ့

” တဲ့။

အဲ့ဒီခရီးစဉ်က ပြန်ရောက်တော့ ကျနော်တို့ နှစ်ပတ်လောက်

မတွေ့ဖြစ်ကြဘူး။ သူက အလုပ်ကိစ္စနဲ့ တခြားတိုင်းပြေဖက် ရောက်နေ တယ်။ ကျနော့်ဘဝကလည်း ထုံးစံအတိုင်း ငွေရှာခြင်းနဲ့ ပညာသင်ခြင်း အမှုတို့ရဲ့ လောကစံလှိုင်းလုံးတွေထဲ နစ်ချည်မြုပ်ချည်နဲ့။

တစ်ညနေသား ကျနော့်အိမ်ပေါက်ဝကို ညီမလေး ပေါက်ချ လာရော။ တံခါးဖွင့်ပေးလိုက်တော့ ခရီးပန်းလာဟန်တူတဲ့ နွမ်းလျလျ မျက်နှာလေးက မချိုမချဉ်နဲ့ရယ်။ ရော့ ... ဆိုတဲ့ပြီး လက်ထဲကို အိတ်နဲ့ ထည့်ထားတဲ့ ဂစ်တာတစ်လုံးထိုးထည့်ပေးလာတယ်။

အလုပ်နဲ့သွားရတဲ့ ခရီးက အပြန် တန်းဝင်လာတာ။ ဂစ်တာ တစ်လုံးနဲ့ ဝိုင်ကောင်းကောင်း နစ်ပုလင်း သယ်လာသတဲ့။ ဂစ်တာအိတ် ကို ဖွင့်ကြည့်လိုက်တော့ စပိန်လက်လုပ်ဂစ်တာ အစစ်ကလေး။

"သောက်ကျိုးနဲ့ဗျာ...ဒါကြီး ဘယ်လောက်တောင် ပေးရသလဲ ဝယ်လာပြန်ပြီလို့..." ပြောမိတော့

"လျှာမရှည်နဲ့ ညီမလေး ခရီးပန်းလာတယ်။ ဒီည ဇိမ်ယူချင် တယ်၊ ကိုင်း ... ရေသွားချိုးပြီး ဂစ်တာတီးပြဖို့ လက်နွေးထားလိုက်စမ်း" လို့အော်ရင်းလစ်သွားတယ်။

ညမီးရောင် မှိန်မှိန်လေးအောက် မီးလင်းဖိုရှေ့မှာ ကျနော်နဲ့

ညီမလေး ဒေါ်နန်းမေမေကြည်ဟာ ပူးကပ်ထိုင်လို့။ အီတာလျံဝိုင်တွေ တူတူမော့လို့။ ရီဝေဝေဖြစ်နေတဲ့ ကျနော့်လက်ချောင်းတွေဟာ စပိန် ဂစ်တာ အသစ်ကလေးရဲ့ နိုင်လွန်ကြိုးတွေပေါ် ပြေးလွှားဆော့ကစားလို့။ ကျနော့် ပခုံးစွန်းကို မှီတွယ်ထားတဲ့ ဝိုင်မူးနေတဲ့ ကောင်မလေးဟာ မျက်စိစုံမှိတ် နားထောင်နေရင်းက သီချင်းတစ်ပုဒ်ပြီးသွားတိုင်း မျက်လုံး ဆတ်ခနဲ ဖွင့်ကြည့်ပြီး ကျနော့်ကို အထင်တကြီး ငေးကြည့်ရင်း သာယာ လိုက်တာ အကိုရာ... တဲ့။ ရှိန်းတိမ်းဖိန်းတိမ်းလေး...တဲ့။

အီတာလျံဝိုင်အရက်ချိုနဲ့ စပိန်ဂစ်တာသံဟာ ကမ္ဘာပေါ်မှာ အလိုက်ဖက်ဆုံး၊ ယစ်မူးလို့ အကောင်းဆုံး အရာနှစ်ခု မဟုတ်လား။ နည်းနည်းကြာတော့ ကျနော် တီးတာရပ်ပြီး ဂစ်တာကို ဘေးချထားလိုက် တယ်။ ဆံပင်တိုတိုနဲ့ကောင်မလေးရဲ့ မျက်နှာဖူးဖူးလေးကို မီးလင်းဖိုက အလင်းရောင်နဲ့ ငေးစိုက်ကြည့်နေမိတယ်။ သူလည်း ကျနော့်ကို ဆွေးရီရီ လေး ပြန်ငေးတယ်။ လက်တစ်ဖက်က ကျနော့် ဂုတ်ပိုးကို သိုင်းဖက်လာ တယ်။ မျက်နှာချင်း တဖြေးဖြေးနီးကပ်သွားကြတယ်။

"ညီမလေး အကို့ကို လွမ်းလိုက်တာဟယ် ..." တဲ့ အဖျားခတ် နေတဲ့အသံလေး။

အဲ့ဒီနောက်မှာတော့ မီးလင်းဖိုလေးရှေ့မှာ အနမ်းမုန်တိုင်းတေ ထန်လို့ပေါ့။

ဘဝကြမ်းကြမ်း ဆောင်းကြမ်းကြမ်း

ဒီတစ်နှစ်မှာ ကျနော် ပိုက်ဆံအများကြီး မရှာနိုင်တော့ဘူး။ အလုပ်နဲ့ ကျောင်းစာကြားထဲမှာ တစ်ဖက်ကို အာရုံစိုက်ရင် တစ်ဖက်က ထိုးထိုးကျသွားလို့ ချိန်ညှိနေရတယ်။ အဲ့ဒါအပြင် တစ်နှစ်ကြဲပြီးသား ဆောင်းဟာ ဒီတစ်ကြိမ်မှာ ပိုကြမ်းလာသလိုပဲ။ နေရောင်ခြည် မြင်ရတဲ့ ရက်တွေဟာ ပါးရှားလွန်းတယ်။ ကောင်းကင်ဟာ အမြဲတမ်း မှုန်ကုတ်ကုတ်နဲ့ လင်းကိုမလင်းတော့သလိုပဲ။ ရာသီဥတုဟာ လူကို စိတ်ဓာတ် ကျဆင်းစေတယ်။ အလုပ်ပင်ပန်းရတဲ့အထဲ မျက်လုံးကို ပြူးပြဲဖွင့်ပြီး စာကြည့်ရတဲ့ အခါ လူက ရူးချင်သလို ကြောင်ချင်သလိုတွေ ဖြစ်စပြု လာပြီ။

အကျိုးဆက်အနေနဲ့ ဝင်ငွေကောင်းတဲ့ ကူလီထမ်းတဲ့ အလုပ်ထွက်လိုက်ရတယ်။ မြို့အစွန် ဘူတာတစ်ခုနားက **Joy King** ဆိုတဲ့ တရုတ် တိတ်ခ်အဝေး ဆိုင်လေးမှာ အလုပ်ဝင်လုပ်တယ်။ အရင် အလုပ် လောက် မပင်ပန်းဘူး။ ဒါပေမယ့် ပိုက်ဆံစုမိ ဆောင်းမိ သိပ်မရှိတော့ပြန် ဘူး။ နောက်တစ်နှစ်အတွက် ကျောင်းလခ... ကျောင်းလခ ဆိုတဲ့ အချက် ပေး ခေါင်းလောင်းသံဟာ ခေါင်းထဲမှာ အချိန်ပြည့် မြည်ဟည်းနေပြီ။ ကျနော်ဟာ အရယ်အပြုံးနည်းလာတယ်။ စိတ်က အရင်ကထက် ပိုလို့ ကျွတ်ဆတ်မာကျောလာခဲ့ပြီ။

ကံကောင်းတာက ကျနော့်မှာ ညီမလေး ဒေါ်နန်းမေမေကြည် ဆိုတာလေးရှိနေတာပဲ။

ဝေးကွာလွန်းတဲ့ အရပ်ကနေက ကျနော် အလုပ်အားတဲ့ ရက် မျိုးဆို သူ မရောက်ရောက်အောင် လာရှာတယ်။ မအားပဲ အလုပ်သွား နေလည်း သူရောက်လာရင် အနီးအနားတဝိုက်က ကော်ဖီဆိုင်တစ်ခုခု မှာ စာအုပ်ထိုင်ဖတ်ရင်း ကျနော် အလုပ်က ပြန်အလာကို ထိုင်စောင့်နေ ရှာတာပါပဲ။ မုတ်ဆိတ် ကျင်စွယ်တွေ ထိုးထိုးထောင်ထောင်နဲ့ လူသတ် သမား ရုပ်ပေါက်နေတဲ့ ကျနော့်ကို မြင်ရင် သူမျက်နှာမကောင်းဘူး။ အိမ် ရောက်တာနဲ့ ကျနော့်ကို ရေမိုးချိုးခိုင်းပြီး သူသယ်လာတဲ့ ထမင်းဟင်း လေးတွေ နွေးနက်ပြီး ပြင်ဆင်ကျွေးမွေးရှာတယ်။ ဂျင်အရက်တစ်ပက် ဒါမှမဟုတ် ဝီစကီတစ်ပက် တိုက်တယ်။ ဒီည စာမကြည့်နဲ့တော့၊ နား လိုက်တော့လို့ အခွင့်ပေးပြီး အိပ်ရာပေါ်မှာ နွေးနွေးထွေးထွေး နေခိုင်း တယ်။ ကျောတွေ၊ ခါးတွေ၊ ပုခုံးတွေကို

နှိပ်နယ်ပေးတယ်။

ပင်ပန်းလာသမျှ ထမင်းဝဝစားလိုက်ရ၊ အရက်နည်းနည်း သောက်လိုက်ရ၊ အနှိပ်ခံလိုက်ရလို့ သာယာကျေနပ်သွားပြီး မှိန်းနေတဲ့ ကျနော့်ဘေးမှာ ထိုင်လို့ နဖူးကို ပွတ်ပေးလိုက်၊ ဆံပင်ကို သပ်ပေးလိုက်၊ စာကြည့်မီးအုပ်ဆောင်းလေးနဲ့ ဝတ္ထုတစ်အုပ်အုပ်ကို အသံထွက် ဖတ်ပြ လိုက်နဲ့ ကျနော် ဘယ်အချိန် အိပ်ပျော်သွားမှန်းတောင် မသိလိုက်ဘူး။ မနက်မိုးလင်းလို့ လူးလဲထလာရင် ညီမလေး မရှိတော့ဘူး။ မိုးအသေချာ မလင်းခင် ထွက်တဲ့ ရထားအမီ လစ်သွားပြီ။ သူလည်း အလုပ်သွားရမှာ မဟုတ်လား။ စားပွဲပေါ်မှာ စာရွက်လေးတစ်ရွက်။ မနက်စာ ပြင်ထားခဲ့တယ်...

....

(ရှင့်အချစ်ကလေး)တဲ့...။

....

အဲ့ဒီလို ရက်ကလေးတွေ တစ်လမှာ သုံးလေးရက် ရှိမနေခဲ့ရင်ကျနော်မလွယ်ပါဘူး။ လောကဓံကို ခုခံတဲ့နေရာမှာ ကျနော့် ညီမလေးသာ ခုလိုဘေးမှာ ရှိမနေခဲ့ရင် ကျနော်ရှုံးသွားတာ ကြာရောပေါ့။ အဲ့ဒီလို ညီမလေးတစ်ယောက် ညနေစောင်းဖက် ရောက်လာတတ်ပြီး မနက်ဖက် မှာ ကျနော်မနိုးခင် ပြန်သွားတတ်တဲ့ ရက်မျိုးတစ်ခုအပြီး ၂ ရက်လောက် နေတော့ စာကြည့်စားပွဲ အံဆွဲထဲမှာ တစ်စုံတရာကို ကျနော် ရှာတွေ့ခဲ့ တယ်။ ဒီတစ်ခါ ရှာတွေ့တာ ၂၀ တန်တွေ မဟုတ်ဘူး။ **Dr. N MM Kyi** ဆိုတဲ့ နာမည်ပါတဲ့ ဘဏ်ကတ်ကလေး။ ပင်နံပါတ်လေးကိုပါ စက္ကူပေါ် ရေးပြီး ထားခဲ့တာရယ်။ အရင်တုန်းကလိုတော့ ကျနော်စိတ်မတိုတော့ ပါဘူး။ သူက ကျနော့်ချစ်သူပဲဟာ။ ဒါပေမယ့် ဖုန်းတော့ခေါ်ပြီး လှမ်းမေး မိသေးတယ်။

“ဘဏ်ကတ်က ဘာလုပ်ဖို့ ထားသွားပြန်ရတာလဲ ဟရောင် ငါ့မှာ သုံးစရာရှိပါတယ်ကွာ ... ”ဆိုတာကို၊ “အကို အရက်သောက် ဆစ်ကလက်သောက်ရင် အဲ့ကတ်ကို သုံးလိုက်၊ ပိုက်ဆံအများကြီး ထည့် မထားဘူး လျှာမရှည်နဲ့” လို့ အသံစွာတာတာလေးနဲ့ ဖုန်းထဲကနေ ပြန် ဟောက်လာတယ်။ ကျနော်ဘာမှ အငြင်းမပွားချင်တာနဲ့ ငြိမ်နေလိုက်ခဲ့ တယ်။ အဲ့ဒီ ဘဏ်ကတ်လေးကို ပိုက်ဆံအိတ်ထဲ ထိုးထည့်ထားလိုက်ပြီး မေ့မေ့ပျောက်ပျောက်ပါပဲ။

လအနည်းငယ် ကြာသွားတဲ့တစ်ရက် ညဖက်အလုပ်က ပြန်အလာ၊ လမ်းမှာ ဆစ်ကလက်သောက်ချင်လာတယ်။ ဒါနဲ့ တွေ့ရာ ငွေထုတ်စက်မှာ ပိုက်ဆံ ၁၀ တန် တစ်ရွက်လောက် ဝင်ထုတ်တယ်။ ငွေထုတ်အပြီး ကျနော့် ဘဏ်ကဒ်ကို ပက်ဆံအိတ်ထဲ ပြန်အထည့်မှာ **Dr. N MM Kyi** ဆိုတဲ့ ကတ်ကို မတော်တဆ တွေ့လိုက်တော့ ဘာရယ်မဟုတ် စူးစမ်းစိတ်နဲ့ ဆွဲထုတ်ပြီး ဘဏ်ကတ်ထဲ ထိုးထည့်လိုက်တယ်။ ပင်နံပါတ်ရိုက်ထည့်လိုက်တော့ ငွေပမာဏက သောင်းဂဏန်း

အတော်များများဖြစ်နေတယ်။ ကတ်ကို ပြန်ထုတ်ပြီး ထူထူပူပူနဲ့ညီမလေး ကို ဖုန်းခေါ်မိတယ်။

“ယူအစာရိုက် ...အကို”

“ဘဏ်ကတ်ထဲ ပိုက်ဆံတွေ အများကြီးရောက်နေတယ်”

“ရောက်နေတာမဟုတ်ဘူး၊ ထည့်ထားတာ”

“ရော် ... ညီမလေးပြောတော့ လေးငါးရာလောက်ဆို၊ ခုက ဘာလုပ်တာလဲ”

“နောက်နှစ် ကျောင်းလခ”

“ဟာ...အကို့ကို အဲ့လို မလုပ်နဲ့ကွာ”

“လျှာမရှည်နဲ့၊ ရှင် ကျမကို မချစ်ဘူးလား”

“ဘာဆိုင်လဲကွာ”

“မေးတာဖြေလေ၊ ချစ်လား မချစ်ဘူးလား”

“ချစ်တာက ချစ်တာသတ်သတ်လေ၊ အဲ့လိုကြီးကျတော့

အဆင်မပြေဘူး”

“ဒီမယ် ကျမကိုချစ်ရင် ကျမ စီစဉ်တာလက်ခံလိုက်”

“ရှင် ဒုက္ခဆင်းရဲ ရောက်နေတာ ကျမ ပျော်နေတယ် ထင် ဘေးကနေ ကြည့်ရင်း ရှူးတော့မယ်။ အဲ့လောက်ကြီး ရှုန်းကန် သလား၊ မနေနဲ့တော့။ မာနကြီးတာ သိတယ်။ ဒါပေမယ့် ဒီဟာကို မငြင်းရဘူး။ တော်ရုံသင့်ရုံ ထမင်းဖိုးရရုံပဲ အလုပ်လုပ်တော့။ ကျောင်းလခကို ခေါင်း ထဲက ထုတ်ပစ်လိုက်။ နောင်တစ်ချိန်မှာ တစ်သက်လုံး ပြန်ဆပ်ခွင့် ထားမယ်။ ညီမလေးကို မသနားဘူးလားဟင်..ဟေး...အကို...”

ကျနော် ဆစ်ကလက်ကို တွင်တွင်ဖွာရင်း လမ်းမီးတိုင် ဝါဝါ တွေကို အဓိပ္ပာယ်မဲ့ငေးမောနေမိတယ်။ ဖုန်းထဲက ညီမလေးရဲ့ စကားသံ တွေကို ကြားတစ်ချက် မကြားတစ်ချက်ရယ်။ ငါဟာ ဘဝမှာ ဘယ် လောက် ရုန်းကန်ခဲ့ပါစေ ကြီးတောင့်ကြီးမား အိုကြီးအိုမ ဘဝ ရောက်ခါမှ လမ်းပေါ်မှာ ဒုက္ခရောက်တုန်းပါလား။ ငါချစ်တဲ့ ငါ့ချစ်သူ ငါ့ထက်ငယ်တဲ့ ကောင်မလေးရဲ့ သနားတာကို ခံနေရသတဲ့လား။ အကိုက ယောက်ျား ပီပီသသ မင့်ရှေ့မှာ ရပ်နိုင်ရမယ့်အစား ခုတော့ မင်းက ဆောက်တည်ရာ မရ ပူပန်နေရရှာတဲ့ ဘဝ။ မင့်လို ကောင်မလေးမျိုးနဲ့လည်း မတန်ပါဘူး၊ အကိုက အလကားကောင်ကြီးပါ

ညီမလေးရယ်။ အဲ့လိုတွေ စိတ်ထဲမှာ တတွတ်တွတ်ရေရွတ်မိရင်း ကျနော် ဝမ်းနည်းမိခဲ့တယ်။

နောက်ရက်တွေမှာ သူရောက်လာတော့ နှစ်ယောက်စလုံး အဲ့ဒီကိစ္စကို မသိသလို ဟန်ဆောင်နေကြတာပါပဲ။

ကျနော်ကလည်း ဘဏ်ကတ်ကို အတင်းပြန်ပေးဖို့ မကြိုးစား ပါဘူး။ ပြန်ပေးရင်လည်း မရတော့ဘူးဆိုတော ကျနော်သိနေတာကိုး။ ဟိုးအရင်ကလို သူဟာ ကျနော်နဲ့ ဘာမှမဆိုင်တဲ့ သူတစိမ်းကောင်မလေး မှ မဟုတ်တော့တာကိုး။ ပြီးတော့ ကျနော်ကလည်း ချစ်သူဖြစ်ပြီးတဲ့ နောက်မှာ သူ့ကို လွန်ဆန်ရဲတဲ့ သတ္တိရယ်လို့ သိပ်မရှိတော့လောက် အခေါင် သံယောဇဉ်တွယ်ခဲ့မိပြီမဟုတ်လား။ ဒါပေမယ့် သူ့ ပိုက်ဆံကို ကျနော်မထိပါဘူး။ ကျနော် ယောကျ်ားပါ။ နောက်ဆုံး အချိန်ထိ လောကဓံကို အရှုံးပေးမှာ မဟုတ်ဘူး။ အခု လောလောဆယ် သူ့မျက်နှာကိုတော့ တစက်ကလေးမှ အပျက်မခံချင်ဘူး။ ပြဿနာကို ရှောင်တိမ်း ထားလိုက်မိတယ်။ ရက်နည်းနည်းကြာလာတော့ ကျနော်တို့ ဆက်ဆံ ရေး ပုံမှန်ပြန်ဖြစ်သွားပြီ။

နွေဦး မုန်တိုင်း

ဆောင်းရာသီမှောင်မိုက်တဲ့ နေ့ရက်တွေ ကုန်ဆုံးသွားတယ်။

နွေဦး ပြန်လာပြီ။ ကျနော့်ဘဝက မှောင်မိုက်နေတုန်းပဲ။

ဒုတိယနှစ် စာမေးပွဲတွေ ပြီးသွားခဲ့တယ်။ အဲ့ဒီ စာမေးပွဲတွေ မတိုင်ခင်က ကျနော်နည်းနည်း ဂယောက်ဂယက်ဖြစ်တယ်။ **Joy King** ထမင်းဆိုင်လေးရုတ်တရက် ပိတ်သွားခဲ့လို့ အလုပ်ပြုတ်သွားပြီး ဝင်ငွေမရှိတော့ဘူး။

အလုပ်မရခင် ကြားကာလမှာ လူက စိတ်သောကတွေနဲ့ ကျောင်းစာလုပ်နေခဲ့ရတယ်။ အဲ့ဒီနောက်မှာမှ ပီဇာ အူနို ဆိုတဲ့ ပီဇာဆိုင်လေးမှာအလုပ်ရတယ်။ နေ့လယ် ၂ နာရီ ကနေ ည ၁ နာရီအထိ အလုပ်လုပ်ရတယ်။ ဝင်ငွေမဆိုးဘူး။ ဒါပေမယ့် နောက်နှစ်ကျောင်းလခ ပြည့်ဖို့ အဝေးကြီးပဲ။ ဘာဆက်လုပ်ရမလဲ မရေရာဘူး။ စိတ်ထဲ တအားကြီး တင်းကြပ်လှုန်းနေခဲ့တယ်။ ပိုက်ဆံအိတ်ထဲက ညီမလေးရဲ့ ဘဏ်ကတ်ကို ထုတ်ထုတ် ကြည့်မိပါသေးတယ်။ ဟင့်အင်း ငါ ခွေးဖြစ်သွားမယ်ကွ လို့ စိတ်

ထဲမှာ ရေရွတ်ရင်း အံတင်းတင်း ကြိတ်ထားလိုက်မိတယ်။ တစ်ဆယ့်ငါးနှစ်တိတိ ငါဟာ ဘဝကို ကြုံသလို ရုန်းကန်ရင်း လမ်းပေါ်မှာ ရှင်သန်ခဲ့ပြီးသား ကောင်ပါ။ ငါ တစ်နည်းနည်းနဲ့ ဒီအခက်အခဲလေး အင်း ... အခက်အခဲလေးတော့ မဟုတ်ဘူး၊ နည်းနည်းတော့ ကြီးတယ်၊ ဒါပေမယ့် ငါအဆင်ပြေသွားမှာပါကွာလို့ ကိုယ့်ကိုယ်ကိုယ် အားပေးရင်း နောက်ထပ်

အလုပ်တစ်ခုကို ကြိတ်ရှာတယ်။ ဒီနွေဦးဟာ ကျနော့်အတွက် မသာယာပါဘူး။

ကျနော့် စိတ်ထင် အဲ့ဒီနေ့မှာ မြို့ခံဘောလုံးအသင်းဟာ နာမည် ကြီး အသင်းတစ်သင်းကို အနိုင်ကန်လိုက်ပုံရတယ်။ မြို့သူမြို့သားတွေ ဟာ အောင်ပွဲခံတဲ့ပြီး စားကြသောက်ကြတော့ ပီဇာဆိုင်မှာ ပီဇာလုပ်နေ တဲ့ ကျနော့်လက်ထဲကို အော်ဒါစာရွက်တွေ တထောကြီး ရုတ်တရက် ရောက်လာရော။ ပီဇာလုပ်ဖက် ဇိုင်ယာနဲ့ ကျနော် သေလောက်အောင် ပီဇာတွေ အဆက်မပြတ်လုပ်ရတယ်။ အချပ် တစ်ထောင်လောက်တောင် ရှိမလားမသိဘူး။ ရ

လက်မ၊ ၁၀ လက်မ ဆိုက်တွေအပြင် ၁၆ လက်မ ဆိုက် ပီဇာတွေပါ အများကြီး ပါလာတယ်။ အနားသားတွေထဲ ဝက်အူ ချောင်းတွေ ထည့်တဲ့ အမျိုးအစားတွေကော၊ ချိစ်အချောင်းတွေ ထည့်တဲ့ အမျိုးအစားတွေကော။ အဲ့ဒါတွေက ဓားနဲ့ အပိုင်းလေးတွေလှီးပြီး လှလှ လေး ပြန်ခေါက်ရတော့ လက်ဝင်တယ်။ လူက ရှူးချင်သလို ကြောင်ချင် သလိုတွေ ဖြစ်လာတယ်။ အဆာပလာခွက်တွေထဲက တော့ပင်းတွေဟာ ခဏလေးနဲ့ ဖြုတ်ခနဲ ဖြုတ်ခနဲတွေ ကုန်ကုန်သွားတယ်။

ပီဇာအူနို ရဲ့မီးဖိုခန်းလေးထဲမှာ ဖိအားများနေတဲ့ အလုပ်သမား တွေဟာ တစ်ယောက်နဲ့တစ်ယောက် အော်ဟစ်ဆဲဆိုနေကြတယ်။ အရေးထဲ နောက်ဖေးခန်းထဲက ပီဇာဘော့စ်လုပ်တဲ့ အာရပ်ကုလားတွေ က ဂျုံမှုန့်ထဲ ရေအထည့်များသွားတော့ ပီဇာဘော့စ်တွေက ခပ်ပျော့ပျော့ ကြီးတွေ ဖြစ်လာတယ်။ အနားသား လုံးလို့ အဆင်မပြေတော့ဘူး။ ကျနော့်ဘေးက ဇိုင်ယာက ငါရိုးမသားတွေလို့ လှမ်းအော်ဆဲတယ်။ ကျနော်က ပီဇာလင်ပန်းထဲက ဂျုံဘော့စ်ကို အနားလုံးဖို့ ကြိုးစားရင်း ပျော့စိ ပျော့တွဲကြီး ဖြစ်နေတာကို ဒေါသတကြီး ဖြစ်နေတုန်း နောက်ခန်းဖက် ကုလားတစ်ကောင်က တံခါးဝမှာ မျက်နှာပြူးပြူးကြီး ပေါ်လာပြီး မကျေ နပ်ရင် ကိုယ့်ဖာသာ လာလုပ်လာလို့ ငေါ့တော့တော့ လာပြောတယ်။

သူရပ်နေတဲ့ တံခါးပေါက်ဘောင်ကို ကျနော့်လက်ထဲက ဂျုံ ဘော့စ် ပါတဲ့ ပီဇာလင်ပန်းကြီး ခွမ်းခနဲ သွားမှန်တယ်။ ကုလားပြန်ဝင်ပြေး သွားတယ်။ ရှေ့ဖက်မှာ စျေးရောင်းနေတဲ့ အင်္ဂလိပ်မလေးတွေ လန့်ဖြန့် ကုန်ရော။ ပီဇာအူနိုပိုင်ရှင် အာမက် ဆိုတဲ့ အဘိုးကြီး ထွက်လာပြီး ဟကောင်တွေ တော်ကြတော့လို့ လာဖြန်

ဖြေရတယ်။

၁၀ မိနစ်လောက် အကုန်လုံး ရပ်သွားတယ်။ ကျနော်နဲ့ ဇိုင်ယာ ဆိုင်အပြင်ထွက်ပြီး ဆစ်ကလက်တစ်လိပ်စီ ဖွာပြီး ခဏနားတယ်။ ဆိုင်ထဲပြန်ဝင်လာပြီး နောက်ဖေးခန်းက ကုလားတွေဆီ ပြန်သွားတယ်။ ရေနည်းနည်း လျှော့ထည့်ကြည့်လို့ ပြန်ပြောပြီး လက်ဆွဲနှုတ်ဆက်လိုက် ကတယ်။ လင်ဗန်းထဲ ထည့်ထားတဲ့ ပီဇာဘော့စ်အသစ်တွေ ကျနော်တို့ဆီ ပြန်ရောက်လာတယ်။ အနားလုံးရတာ အဆင်ပြေတယ်။ ပီဇာတွေ အဆက်မပြတ် ဆက်လုပ်ကြတယ်။

မိုးချုပ်သွားတော့ ဆိုင်က အော်ဒါတွေ ကျဲပါးသွားပြီ။ ခုနက သတ်တော့ ဖြတ်တော့မတတ်ဖြစ်နေတဲ့ မီးဖိုခန်းထဲမှာ ဖိအားလျော့ကျ သွားတယ်။ စကားစမြည်လေးဘာလေးပြောရင်း အရင်အခြေနေအတိုင်း ပဲ။ ညဦးပိုင်းက ဘာမှမဖြစ်ခဲ့သလိုပဲ။ ည ၁ နာရီထိုးတော့ ဆိုင်ပိတ်တယ်။ ဆိုင်က ဆိတ်သားခပတ် နည်းနည်းကို ငရုတ်သီးဆော့စ်၊ ကြက်သွန်နီ၊ သံပုရာသီးနဲ့ သုတ်ပြီး ဖော့ဘူးလေးနဲ့ ကျနော်ယူလာခဲ့တယ်။

လမ်းမှာ ဖော့ဒ်ကာတစ်ပုလင်း ဝင်ဝယ်တယ်။ ရစ်ချ်မွန် ဆစ်ကလက် အပြာရောင် တစ်ဘူးပါ ဝယ်တယ်။ အိမ်ရောက်တာနဲ့ ရေမိုးချိုး အဝတ်လဲ၊ ဖော့ဒ်ကာအရက် ၃ ပက်လောက် ဆက်တိုက်ချပစ် လိုက်တယ်။ ဆိတ်သားခပတ်သုတ်ကို ထမင်းကြမ်းနဲ့ နယ်ဖတ်ပြီး ညလယ်စာ စားတယ်။ နောက်ထပ် ဖော့ဒ်ကာတစ်ပက် ထပ်ချတယ်။

အိမ်အပြင်ထွက်ပြီး ဆစ်ကလက်ဖွာတယ်။ ရေချိုးတာ၊ ထမင်းစားတာ၊ အရက်သောက်တာ၊ အဲ့ဒီ လုပ်သမျှအရာတွေမှာ ကျနော့် လက်တွေဟာ တဖျတ်ဖျတ်နဲ့ ဖြစ်နေတာကို သွားစဉ်းစားမိတယ်။ ဖြေးဖြေးလေး လုပ်လို့ မရဘူး။ အရမ်းလောကြီးနေတာရယ်။ ပီဇာဆိုင်က ဖိအားဟာ အိမ်ပြန် ရောက်လာတာတောင် ပါလာတာပဲလို့ တွေးမိရင်း လူက တစ်ချက်ယိုင် သွားတယ်။ ပင်ပန်းလွန်းတာရယ်၊ အရက်မူးတာရယ် ပေါင်းသွားပြီ။ အဲ့ဒီအချိန်မှာ **text message** တစ်စောင် ဖုန်းထဲဝင်လာလို့ ထုတ်ကြည့် မိတော့

ည ၁၂ ကျော်သွားလို့ အဇောင်စာရင်းထွက်နေပြီ၊ ကြည့်လိုက် ဦးတဲ့။ **Duke** ဆိုတဲ့ အတန်းဖော်သူငယ်ချင်းဆီက လာတဲ့ **message** ဖြစ်နေတယ်။

အိပ်ခန်းထဲ ပြန်ဝင်လာပြီး ကွန်ပြူတာဖွင့်တယ်။ တက္ကသိုလ် ဝက်ဘ်ဆိုက်ထဲဝင်ပြီး အဇောင်စာရင်းကြည့်တယ်။ အိုခေ၊ ကျနော်အဇောင် တယ်။ ရင်ထိတ်ရတဲ့ ဘာသာတွေကို အေးအေးဆေးဆေး အဇောင်ထား တယ်။ ပျမ်းမျှအမှတ်ကို ကြည့်လိုက်တော့ တချို့ဘာသာတွေမှာ များ၊ တချို့နည်းတဲ့ အတွက် ၆၈ ရာခိုင်နှုန်း။ ပြုံးစိစိနဲ့ ညီမလေးကို ဖုန်းကောက် ခေါ်တယ်။ မူးနေတော့ကာ အရမ်းပြောပြချင်နေပြီ။

"ဟားလို... အချစ် အိပ်ပျော်နေပြီလား"

"အလုပ်က ပြန်ရောက်ရင် **text message** အမြဲပို့ပါလို့ ပြော ဘာကို ဘာဖြစ်လို့ မပို့ထားတာလဲ"အား... အရမ်းပင်ပန်းလာတော့ မေ့သွားတာရယ်"

"အဲ့လိုအကျင့်တွေမကြိုက်ဘူးလို့ ရှင့်ကို ပြောထားတယ်နော် "ဟုတ်ကဲ့ပါ၊ နို့ ခဏလေး... • အဇောင်စာရင်းထွက်နေပြီ၊ အကို

အဇောင်တယ် ဆရာ" "အဇောင်တာ စိတ်မဝင်စားဘူး၊ ဘယ်လောက်ရလဲ" "တူးဝမ်း" **(Second Class Uper- 2.1 ဆိုလို)**

"ဘာ... အသုံးမကျဘူး"

(ဒေါသသံစူးစူးလေးနဲ့ အော်စပြောလာပြီ)

"တူးဝမ်းပေမယ့် ပျမ်းမျှက ၆၈ ရာခိုင်နှုန်းပါ အချစ်ကလေးရာ **First Class** ရဖို့ ၂ ရာခိုင်နှုန်းလေး လိုသွားတဲ့ဟာကို"

"အဲ့ဒါတွေ လာမပြောနဲ့၊ အခေါက်ကျသွားတာ ကျတာပဲ၊ ကျမ ရှင့်ကို အကြိမ်ကြိမ်ဆူခဲ့ပူခဲ့ပြီးပြီ"

"အေးပါကွာ...အကိုလည်းကြိုးစားတာပဲ၊ ဒီလောက်ဟာလေး နဲ့ မဆူပါနဲ့ကွာ၊ အကို အလုပ်ပင်ပန်းလွန်းလို့ ယိုင်တိုင်တိုင်ဖြစ်နေပြီဟာ၊ အရက်လည်း နည်းနည်းမူးနေပြီ"

"မရဘူး၊ ကျမ ထပ်ပြောမယ်၊ ရှင်တက်နေတဲ့ တက္ကသိုလ်ဟာ ကျမ တက်ခဲ့တဲ့ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ် မဟုတ်ဘူး၊ အလယ်အလတ် အဆင့်လောက်လေးရှိတာ၊ ဒါကြောင့် ခဏခဏသတိပေးတယ် အဲ့ဒီက နေ ဒီဘွဲ့ကို ထိပ်ဆုံးအဆင့်ကနေ ရအောင်ယူရမယ်လို့၊ အဲ့လို ထိပ်ဆုံး အဆင့်ကနေ ဘွဲ့ရလာမှ ဟိုဖက်က ဘိတ်ချေးအဆင့်လောက်နဲ့ တူပြီး လူရာဝင်ဖို့က နောက်ထပ်တစ်ဆင့်ကို ထပ်တက်ရမယ်လို့ပြောပြီးသား"

ကျနော့်နားထဲမှာ ဘာမှမကြားတော့ဘူး။ သူက တတွတ်တွတ် နဲ့ ဆက်ပြောနေတာပဲ။ ကျနော် တအားပင်ပန်းနေပြီဗျာ။ ကမ္ဘာကြီးဟာ ချာချာလည်နေပြီ။ စိတ်ထဲမှာ ဘယ်လိုကြီးမှန်းမသိဘူး။ မွမ်းကြပ်လာ တယ်။ နောက်တစ်နှစ်စာ ကျောင်းလခမရှိလို့ သိမ်ငယ်နေတဲ့စိတ်၊ လွန်ခဲ့ တဲ့ နာရီပိုင်းလောက်က ပင်ပန်းဆင်းရဲကြီးစွာ အလုပ်လုပ်ခဲ့ရတဲ့ နွမ်းနယ် မှု၊ အဲ့ဒါတွေက ဖိစီးနေရတဲ့အထဲ ကိုယ်အင်မတန်ချစ်ရတဲ့သူရဲ့ နိုင့်ထက် စီးနင်း အပြောခံရတယ်လို့ ခံစားရတဲ့အခါ ဆစ်ကလက်ကို အိမ်အပြင် မထွက်ပဲ အိပ်ခန်းထဲတင် ဖွာနေမိပြီ။ လက်ကျန် ဗော့ဒ်ကာပုလင်းကို ခွက်ထဲမငှဲ့ပဲ ပုလင်းလိုက် မော့နေမိပြီ။ သတိပြန်ဝင်လာတဲ့ အချိန်မှာ ကျနော်ဟာ ကျနော့်အသက်လောက် ချစ်ရတဲ့ သူလေးကို အဇ်ဟစ် သောင်းကျန်းနေမိပြီ။

"ဒေါ်နန်းမေမေကြည် ... မင့်ဘဝမှာ ထမင်းဘယ်နှစ်ခါများ ငတ်ခဲ့ဖူးလို့လဲ၊ ငါအကြိမ်ကြိမ် ငတ်ခဲ့ဖူးတယ်ကွ။ မင်းငါ့လိုကူလီထမ်းရင်း တစ်ရက် လေးနာရီပဲ အိပ်ရင်း တက္ကသိုလ်တက်ခဲ့ဖူးသလား။ မင်းငါ့လို ပိုက်ဆံလေး တစ်ပဲခြောက်ပြားနဲ့ ဘာမှန်းမသိတဲ့ တိုင်းပြေကို သွားပြီး ပညာသင်ခဲ့ဖူးလို့လား။ မင့်ထိပ်တန်းတက္ကသိုလ်တွေ ထိပ်တန်းဘဝတွေ ပညာတတ်ကြီးတွေ ဘာကြီးတွေကို ဘယ်လိုရခဲ့တာတဲ့လဲ ဟက် ... ဟက် ... ။ အပူအပင်မရှိ ထမင်းဝဝစားရင်း စာလေးသင်ရင်း ရခဲ့တာပါ ကွာ။ ငါ့ကို အဲ့လောက်ကြီး မတူသလိုမတန်သလို မပြောစမ်းပါနဲ့။ လူ့လောကကြီးအကြောင်း မင်း ငါ့လောက် မသိပါဘူး။ မင့် ဘွဲ့ထူးရာထူး ဂုဏ်ထူးတွေဟာ လောကအလုံးစုံကို ထိုးသွင်းသိမြင်နိုင်စွမ်း မရှိပါဘူး ကွာ။ နောက်ဆုံး ကုန်ကုန်ပြောမယ်၊ မင်း ငါ့ဘဝကို တည်ဆောက်နေတာ မင့်အတ္တအတွက်ကြီးပါကွာ။ ငါ့ကို မင်းလို ဖြစ်စေချင်တယ်။ အဲ့ဒီတော့မှ လူအမြင်တင့်တယ်မယ်၊ ဟုတ်တယ်မလား။ အလကားဟာမ။ အတွင်း စိတ်ထဲမှာ ငါ့ကို နှိမ်ချင်ခဲ့သမျှ ခုမှ ဘူးပေါ်သလို ပေါ်လာပြီ ... ဟက် ...ဟက်။

သိပ္ပံပညာရှင်မကြီးရေ ... ထောင်ထွက်ကူလီ လမ်းပေါ်က အနာဂတ်မဲ့တဲ့

စာမတတ် ပေမတတ်၊ လူ့အောက်တန်းစားကောင်ကို မင်း ဘာလို့ လာပတ်သက်နေရတာလဲဗျာ။ နောက်နောင် ငါ့ကို မဆက်သွယ် ပါနဲ့တော့ကွာ။ ကြောက်လွန်းလို့ပါ။ ငါ မင်းနဲ့လည်း မတန်ပါဘူး။ ငါ့ဖာသာ ငါ နေပါရစေတော့ကွာ။ ယိုးပါပဲဗျာ... သွားတော့ မင်းလစ်တော့၊ ငါ့ဘဝထဲ က အပြီးလစ်သွားတော့။ ငါ့ကို အဲ့လောက် အထင်မြင်သေးနေမှတော့ လာမပတ်သက်ပါနဲ့တော့ကွာ။ ငါပြောနေတာ ကြားသလား ဒေါ်နန်းမေမေကြည်...”

ညီမလေး ဒေါ်နန်းမေမေကြည်ဟာ ဒေါသထွက်ပြီး ပေါက်ကွဲ နေတဲ့ ကျနော့်ကို ကြောက်လန့်သွားပြီး ဖုန်းဆက်မပြောရဲတော့ဘူး။ ဖုန်းချသွားခဲ့တယ်။ ဆက်ပြောလို့မရတဲ့ ဖုန်းကို ကျနော် ဒေါသတကြီးနဲ့ ကြမ်းပြင်ပေါ် ပစ်ပေါက်လိုက်တာ လွင့်စင်သွားခဲ့တယ်။ အိပ်ရာပေါ်ကို ပစ်လှဲလိုက်တာနဲ့ ကျနော် ဘာမှမသိတော့ဘူး။ လောကကြီးနဲ့ အဆက် အသွယ်ပြတ်သွားခဲ့ပြီ။

နောက်တစ်နေ့မနက် အိပ်ရာက နိုးတော့ လူက ခေါင်းတွေ တဆစ်ဆစ် ကိုက်နေတယ်။ ညက ပစ်ပေါက်ခဲ့တဲ့ ဖုန်းကို လိုက်ရှာတော့ မစ္စကောလ်တွေက အခု ၄၀ လောက် ဖြစ်နေတယ်။ ဂရုမစိုက်ဘူး။ ကျနော့်ဒေါသတွေက ခုထိ အရှိန်မသေသေးဘူး။ ဖုန်းကို အိပ်ရာပေါ် ပစ်တင်လိုက်တယ်။ အဝတ်အစားတချို့ကို ကျောပိုးအိတ်ထဲ ထည့် တယ်။ အိမ်က ထွက်တယ်။

အိမ်ကို တစ်ပတ်လောက် မပြန်ဖြစ်တော့ဘူး။ ဆိပ်ကမ်းမှာ ကူလီထမ်းစဉ်က ပေါင်းခဲ့ဖူးတဲ့ အပေါင်းအသင်းတွေနဲ့ သွားအိပ်ပြီး မူးရူး နေခဲ့တယ်။ ကျနော့်ကို နှိမ်တဲ့ မိန်းမကို ကျနော် မမြင်ချင်တော့ဘူး။

သူ့အကြောင်းလည်း မတွေးချင်တော့ပါဘူး။ ကျနော်ဟာ တစ်ခါတစ်ခါမှာ ထင်မထားတတ်တဲ့ ရက်စက်နည်းမျိုးနဲ့ ရက်စက်တတ်တယ်ဆိုတာ သူ သိစေရမယ်။ အဲ့ဒီ အလကားဟာမလေး သိသွားစေရမယ်။

တစ်ပတ်ကြာတော့ အိမ်ပြန်လာတယ်။ အိပ်ခန်း တံခါးအောက် မှာ စာလေးတစ်စောင် တွေ့တယ်။ ခပ်တိုတိုလေးပါပဲ။ “အကို့ကို လာရှာ ပြီး ထိုင်စောင့်နေခဲ့ပါတယ်။ စိတ်ပူလို့ သေတော့မယ်ကွယ်...” တဲ့။

အိပ်ခန်းထဲ ဝင်လာတော့ အိပ်ရာပေါ်က ဘတ်ထရီ အားကုန် နေတဲ့ ဖုန်းကို ကောက်ယူပြီး ချာဂျင်သွင်းတယ်။ ဖုန်းဖွင့်လို့ ရသွားလို့ ကောက်ကိုင်ကြည့်ပြီး ငူငူကြီးထိုင်နေမိတယ်။ ခုခေါ်လိုက်ရမလား။ ငါ့ကို လာထိုင်စောင့်ရင်း ငိုမဲ့မဲ့လေးဖြစ်နေရခဲ့တဲ့ ညီမလေးကို ခေါ်ပြီး ချော့ လိုက်ရမလား။ အို ... သွားမခေါ်နဲ့ အခေါ့်ထားစမ်း။ ကန်းတက်သွားလိမ့် မယ်။ ဖုန်းပြန်ဖွင့်ထားလိုက်ရင် ဒင်း ခေါ်လာရမှာပေါ့။ ငါမခေါ်ပါဘူး။ အခေါ့်ထား အခေါ့်ထား။ ခဏနေတော့ စိတ်က လည်လာပြန်တယ်။ သနားပါတယ် ငါ့ သိပ္ပံညာရှင်မလေး၊ ငါကလည်း ငါ့ဖာသာ ပင်ပန်းဆင်းရဲ ငမွဲဖြစ်နေတော့ကာ ကိုယ့်အရိပ်ကိုယ်တောင် ရန်လိုနေမိခဲ့တာ မဟုတ် လား။ သူငါ့ကို ရိုးရိုးဆူတာ နေမှာပါ။ ဒီလောက်ချစ်တာ တမင် မနှိမ် လောက်ဘူး ထင်တာပါပဲ။ ဖုန်းခေါ်လိုက်ရမလား။ ဟာကောင် သွား

မခေါ်နဲ့ မင့်ခေါင်းပေါ်ချေးတက်ပါလိမ့်မယ်နော်။ အစောင့်ထားစမ်း၊ အစောင့် ထားစမ်း။ အံ့ကြိတ်ထား၊ ရင်ဘတ်ထဲ ဘယ်လောက်အစောင့်ပါလေ့စေ အစောင့်ထားလိုက်။

အဲ့ဒီလို အစောင့်ထားရင်းနဲ့ ကျနော့်ကို အံ့သြတုန်လှုပ်သွားစေ တဲ့ ဖြစ်ရပ်ကြီးတစ်ခုနဲ့ ထပ်မံ ရင်ဆိုင်ရပြန်တယ်။ ရေးသူ အမည်မသိခဲ့ ရတဲ့ **Anonyma** ရဲ့ "ဘ၀ဆိုတာ **Eine Frau in Berlin** (ဘာလင်မြို့က အမျိုးသမီး တစ်ယောက်)" ဆိုတဲ့ မှတ်တမ်းထဲက အမျိုးသမီးလိုပါပဲ။

အင်မတန် နာကျင်စရာ ကောင်းလွန်းတယ်။ ဒုတိယကမ္ဘာစစ်ကြီး အတွင်းက ဂျာမနီမြို့တော် ဘာလင်ကို ဆိုဗီယက် တပ်နီတော်တွေ တက်သိမ်းတယ်။ နာဇီဂျာမနီကို အပြီးသတ် ချေမှုန်းနိုင်ခဲ့တဲ့ အောင်နိုင်သူ ရုပ်ရှင်းစစ်သားတွေဟာ ဘာလင်မြို့ကို ဆိုဗီယက် အလံထောင်လို့ သိမ်းပြီးတဲ့အခါမှာ အရက်တွေမူး အပျော် ကျူးလို့ ဂျာမန်အရပ်သူ အမျိုးသမီးတွေကို မြင်မြင်လေရာမှာ နေ့ကော ညပါ အဓမ္မပြုကျင့်ကြတော့တာပါပဲ။ ဟိုနားမှာ အဓမ္မအကျင့်ခံရ ဒီနားမှာ အပြုခံရ ဖြစ်လာတဲ့အခါ အဲ့ဒီ အမည်မသိ ဂျာမန်အမျိုးသမီးဟာ ဆိုဗီ ယက်အရာရှိတစ်ယောက်ကို အတင်းကပ်ဖို့ ကြိုးစား (တွေ့ကရာ စစ်သား တွေရဲ့ အနိုင်အထက်ကျင့်တာ ခံနေရမယ့်အတူတူ တစ်စုံတစ်ယောက် ဆီမှာ အစောင့်အည်းသည်းခံတာက သက်သာရာ ရနိုင်မယ်ဆိုတဲ့ အတွေး အမြင်မျိုး) ပေမယ့်လည်း နောက်ထပ် နောက်ထပ်သော ရုပ်ရှင်းစစ်အရာ ရှိတွေရဲ့ စက်ဆုပ်ဖွယ်ရာ အနိုင်ကျင့်ခံရမှုတွေကို ခါးစည်းခံရရှာရင်း အဓမ္မမှု အပြုခံရတာဟာ ဘာမှမဆန်းတော့ပါလား ဆိုတဲ့ စိတ်ဒဏ်ရာ မျိုးကို ရသွားရှာခဲ့တယ်။

အဲ့ဒီလိုပါပဲ၊ ကျနော့်စိတ်ထဲမှာ ဘ၀ဆိုတာကြီးကို **Anonyma** အမည်ခံ (ကိုယ့်နာမည်ကို ထုတ်မပြောရဲပဲ) မှတ်တမ်းရေးသွားခဲ့တဲ့ အမျိုးသမီးလို့ ထင်မြင်သွားခဲ့ပြီ။ ကံကြမ္မာက ဘ၀ကို အကြိမ်ကြိမ် အနိုင့်အထက်ပြုကျင့်တယ်။ ဒါကို ထူးပြီးလည်း နာကျင်ပြမနေချင်တော့ ဘူး။ ဒါပါပဲ။

ဒေါ်နန်းမေမေကြည်က ကျနော့်ကို အဲ့ဒီစာမေးပွဲမှာ အမှတ် တွေ အမြင့်ဆုံး မရရကောင်းလားလို့ ဆူဆဲရာက ကတောက်ကဆ ဖြစ်ခဲ့ရတယ်။

ကျနော်နဲ့ ဟိုး ပထမနှစ်ကတည်းက ဘ၀ကို မရှိအတူ အတူ ရှိအတူ ရုန်းကန်ခဲ့ဖူးတဲ့၊ ကြော်ငြာစာရွက်တွေ ရှာရိုးကိုးပေါက် အ အတူလျှောက်လို့ ဝေဖူးသူ၊ မယ်ဒိုဟော ဘူတာနားက ကုန်လှောင်ရုံတစ်ခုမှာ ကူလီ အတူ သွားထမ်းရင်း ရထားမမီတော့လို့ ဘူတာရုံမှာ သတင်းစာခြုံပြီး အတူတူ အိပ်ခဲ့ဖူးသူ၊ ကိုယ်က တယ်တော်တဲ့ ချာတိတ်ပါလားလို့ အထင်ကြီးဖူးသူ၊ ရဲဘော်ရဲဘက် အတန်းဖော် ဂွါရပ်ဖ် ဆိုတဲ့ ကုလားလေးတစ်ယောက် စာမေးပွဲ ကျရှုံးတယ်။ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ အလုပ်တစ်ဖက်နဲ့ ဖြေရတဲ့ စာမေးပွဲဟာ ဘယ်ခါမဆို ခြေချော်လက်ချော် ဖြစ်နိုင်တာချည့်ပဲ မဟုတ်လား။

တက္ကသိုလ်ထုံးစံအတိုင်း ပြန်ဖြေခွင့်ပေးတယ်။ ပြဿနာက အဲ့ဒီ

ပြန်ဖြေရတဲ့ မေးခွန်းတွေဟာ မူလ မေးခွန်းတွေထက် ပိုခက်တတ် တယ်။ အဲ့ဒီမှာ မာလကာသီး လို့ နာမည်ပြောင်ပေးထားတဲ့ ကုလားလေး ဂွါရပ်ဖ် ထပ်ကျသွားပြန်ရော။

ထပ်ကျပြီ ဆိုမှတော့ နောက်တစ်နှစ် ထပ်နေရရုံပေါ့။ စိတ် မကောင်းဘူး ကိုယ့်သူငယ်ချင်းအတွက်။ အဲ့ဒီလိုနဲ့ တရက်သား၊ ဂွါရပ်ဖ် တစ်ယောက် ကျနော့်ဆီ ရောက်လာတယ်။ မဆလာနိုင်နိုင်နဲ့ ဆိတ်ဦး နောက်ဟင်း ချက်ကျွေးတယ်။ နှစ်ယောက်သား မြိန်ရည်ယှက်ရည် ညစာ စားပြီးတော့ ဆစ်ကလက်ကိုယ်စီ ဖွာရင်း သူ ကျနော့်ကို တွေးဆဆ ပြော တယ်။“တော်လောက်ပြီ ထင်တယ်” တဲ့။

အရင်းမရှိ အဖျားမရှိနဲ့ရယ်။ ဘာလဲကွာလို့ မေးကြည့်တော့၊ စာမေးပွဲကျလို့ နောက်တစ်နှစ် ထပ်နေဖို့ရာ ကျောင်းလခ တစ်နှစ်စာ အပိုထပ်သွင်းဖို့ ခက်ခဲနေပြီတဲ့။ ကျနော်က အဟက်ခနဲ တစ်ချက်ရယ်ပြီး ပြောင်ချော်ချော်နဲ့ သူ့ကို နှစ်သိမ့်ဖို့ ကြိုးစားတယ်။

မင်းတစ်ယောက်တည်း မဟုတ်ဘူး၊ ငါလည်း နောက်တစ်တန်း ထပ်တက်ဖို့ ပက်ဆံမရှိဘူး၊ ထားလိုက်စမ်းပါကွာ၊ ငါတို့မှာ နွေကျောင်း ပိတ်ရက်ကြီးတစ်ခုလုံး ကျန်နေသေးတာပဲ၊ အသေအကြေ ကြံရာကျပမ်း တွေ လျှောက်လုပ်ပြီး ပက်ဆံစုကြတာပေါ့၊ ဘာပူသလဲကွာ... လို့။

အဲ့ဒီမှာ သူ ကျနော့်ကို တစ်ချက် လှမ်းငေးတယ်။ မီးရောင် ဝါကျင့်ကျင့်အောက်မှာ အဲ့ဒီမျက်လုံးတွေကို ကျနော်မမေ့ဘူး။ ခံစားမှု မရှိ တော့တဲ့ မျက်လုံးအသေတွေ။ ကံကြမ္မာက ခဏခဏ အနိုင့်အထက် အကျင့်ခံရလွန်းလို့ အရှုံးပေးလိုက်တဲ့ မျက်လုံးမျိုးတွေ။ ဒါပေမယ့် နောင် တော့မှသာ ကျနော် အဲ့ဒီမျက်လုံးတွေကို နားလည်ခဲ့ရတာပါ။ အဲ့ဒီညက ခပ်ပေါ့ပေါ့တန်တန်ပဲ သဘောထားခဲ့မိတယ်။ အကြာကြီး ငေးငိုင်နေပြီး မှာ ဆစ်ကလက်တစ်လိပ် ထပ်တောင်းတယ်။ မီးညှိပြီး ဖွာတယ်။ ငါ မရ တော့ဘူးကွာ၊ အရမ်းပင်ပန်းနေပြီ လို့ ခပ်တိုးတိုး ပြောတယ်။ ကျနော် နားမလည်ခဲ့ဘူး။ ပင်ပန်းနေရင် ဒီမှာပဲ အိပ်လိုက်ကွာ လို့ ဖိတ်ခေါ်လိုက် မိသေးတယ်။ သူ ခေါင်းကို ဘယ်ညာရမ်းခါပြီး ထပြန်သွားတယ်။

နောက်ရက်တွေမှာ ကျနော့်ဆီ ပေါ်မလာဘူး။ ရက်အနည်း ငယ်လောက် နေတော့ အတန်းဖော်တွေဆီက ဖုန်းလာတယ်။ မာလကာ သီး ခေါ် ကုလားလေး ဂွါရပ်ဖ် မြို့အဝင်ပင်လယ်ဝနားက သံတံတား အဟောင်းကြီးပေါ်ကနေ ညတစ်ခုမှာ ခုန်ချသွားခဲ့ပြီတဲ့။ ဘယ်နေ့ညက လဲ ဆိုတော့ ခန့်မှန်းချက်အရ ကျနော့်ဆီက ပြန်သွားတဲ့ ညကပါပဲ။

ကျနော့်ရင်ဘတ်ထဲမှာ ဗလောင်ဆူနေတာပဲ။ ညီလေးအရွယ် လောက်ရှိတဲ့ ကောင်ကလေး။ ကျနော့်ကို အရမ်းခက်တဲ့ အဆင့်မြင့် သင်္ချာတွေ တတ်အောင်သင်ပေးဖူးခဲ့တဲ့ ကောင်လေး။ အသက်ကလေးမှ ၂၀ စွန်းစ ချာတိတ်လေး။ သူ မခံနိုင်ရှာပါလား။ ဘရိတ်ကင်းပွိုင့် တစ်ခုကို

ရောက်သွားခဲ့တယ် ထင်ပါရဲ့။ သားကို ဘီလပ်ပြန် ပညာတတ်ကြီး ဖြစ်ပါစေတော့ရယ်လို့ လယ်ပေါင်ယာပေါင်ပြီး နိုင်ငံခြားလွှတ်လိုက်တဲ့ တိုး အဝေးကြီးက တောရွာလေးက ကုလားအဘိုးကြီး အဘွားကြီးလင်မယား ဟာ ရင်ကျိုးရှာပြီပေါ့။

အဲ့ဒီရက်တွေမှာ ကျနော်ဟာ သူရူးတစ်ယောက်လိုပဲ။ ညည အိပ်မပျော်ဘူး။ အရက်ကို အမူးသောက်ပြီး အိပ်ခဲ့တယ်။ ငါတို့ လိုချင်ခဲ့တဲ့ဘွဲ့ဆိုတဲ့ ပန်းတိုင်ဟာ လူတစ်ယောက် အသက်ပေးတဲ့ရအထိ တန်ရဲ့လားလို့ အကြိမ်ကြိမ် မေးခွန်းထုတ်မိတယ်။ အမူးလွန်သလိုဖြစ်လာတဲ့ အခါ ကျနော့်ကို နာကျင်အောင် နှိမ်ခဲ့ဖူးတဲ့ ပညာတတ်မကြီးကို နာကျည်း ပြန်တယ်။

အဟက် ... မင်းက ငါ့ကို အမှတ်တွေအများကြီး မရရကောင်း လားလို့ နှိမ်တယ် ဟုတ်လား။ အေးအေး... ကူလီထမ်း ပန်းကန်ဆေးရ စာကျက်ခဲ့ရတဲ့ ကုလားလေးကတော့ သေသွားတယ်ကွာ။ ငါ့ရဲဘော် လေးသေသွားရှာတယ်...။ ငါတို့ဘဝတွေကို ဒီဘဝမှာ မင်း နားလည်မယ် မထင်ပါဘူးလေ။ စောက်လူ့မလိုင် အဖွဲ့အစည်းကနေ စောက်ဆင်စွယ် ရတိုက်ထဲကနေ စောက်ထမင်းဝဝစားရင်း စောက်အဆင့်မြင့် တက္ကသိုလ် ကြီးကနေ ဘွဲ့တွေ တသီကြီး ယူလာတဲ့ပြီး ဟိုဟာ မဖြစ်ရကောင်းလား၊ ဒီဟာ မဖြစ်ရကောင်းလား ထိုင်ဝေဖန်နေမှတော့ အလွဲကြီး လွဲခဲ့ပြီပေါ့ ဟားဟား ...။ ငါမင့်ကို ဒီဘဝမှာ မျက်နှာချင်းမဆိုင်ပါရစေနဲ့တော့ကွာ ရှိကြီးခိုးပါရဲ့ သွားပါတော့ ...

အက်ကွဲနေတဲ့ အသံနဲ့ ကျနော်တစ်ယောက်တည်း အဲ့လိုတွေ တတွတ်တွတ် ရွတ်ရင်း အရူးကြီးလိုပေါ့။

နောက်နှစ် ကျောင်းဖွင့်ချိန်ရောက်တော့ ပထမဆုံးနေ့

လက်ချာခန်းရဲ့ ရှေ့ဆုံးတန်းမှာ ကျနော်ထိုင်နေတယ်။ ကျနော့်မျက်နှာဟာ ပျော်ရွှင်ခြင်း ကင်းမဲ့လို့။ ဌာနမှူးဟာ စာသင်ခန်းထဲ ထိုင်နေတဲ့ ကျောင်းသားတွေကို တစ်ချက်ဝေ့ကြည့်ပြီး သူ့လက်ထဲက နာမည်စာရင်းနဲ့ တိုက် ကြည့်ပြီး နာမည်တွေ ခေါ်တယ်။ ကိုယ့်နာမည်အခေါ်ခံရတဲ့ ကျောင်းသား က လက်ညိုးထောင်ပြလို့။ နာမည်စာရင်းခေါ်တာ ပြီးသွားတယ်။ ကျနော် မအောင့်နိုင်ဘူး။ ဌာနမှူးကို လှမ်းကြည့်ရင်း ... ဂွါရပ်ဖ် ဂျိုရှီ မပါဘူး လို့ လှမ်းပြောလိုက်မိတယ်။

ကာပီတန် အမေရိကန်နဲ့ တူတဲ့ ဌာနမှူးဟာ မျက်နှာပျက်သွား တယ်။ အသံခပ်အေးအေးနဲ့ ပြန်ဖြေတယ်။

"It's such a shame that he can't be with us today"

တဲ့။

သူ့တပည့်တွေထဲမှာ ကုလားလေးနဲ့ ကျနော်ဟာ ဟိုး ပထမ နှစ်ကတည်းက

သူနဲ့ အတော်ရင်းနှီးတာမဟုတ်လား။ သူလည်း စိတ် ထိခိုက်နေမှာပေါ့။

အဲ့ဒီအချိန်မှာပဲ ကျနော့် နောက်ကျောဆီက ဘန် ဆိုတဲ့ အင်္ဂလိပ်ကျောင်းသားရဲ့ပြောင်ချော်ချော်စကားသံ ထွက်လာတယ်။

"ဂွါရပ်ဖ်ကလည်း သေမယ့်အတူတူ ကျောင်းလခ ရလိုရငြား ဘဏ်ဓားပြဝင်တိုက်ပါလားကွာ" တဲ့။

ကျနော် ဆတ်ခနဲ လှည့်ကြည့်တယ်။ အံကြိတ်ထားရင်း ဒေါသ ကို ထိန်းထားရတဲ့ အသံနဲ့ လှမ်းပြောတယ်။

"ဘန် … မင်းပါးစပ်ပိတ်ထားလိုက်၊ ထပ်ပြောရင် မင့်ရှေ့သွား တွေကို ငါချိုးပစ်မှာ ငါကျိန်ရဲတယ်"

"ငါ အလကား စတာပါကွာ၊ တောင်းပန်ပါတယ်" ဆိုတဲ့ ဘန်ရဲ့ စကားသံကို ကျနော်နားမထောင်တော့ဘူး။ စာသင်ခန်းထဲက ဆတ်ခနဲ ထထွက်ခဲ့မိတယ်။

ကျနော်ဟာ စိတ်ခံစားမှု အင်မတန် ကြီးလွန်းတဲ့ကောင်ပဲ။ ဒီတက္ကသိုလ်ကို အလိုလိုရွံမုန်းနေပြီ။ ဒီနေရာမှာ ကျနော်ဟာ သိပ်ချစ်တဲ့ ကောင်မလေးကိုရှာတွေ့ခဲ့ပြီး ဒီနေရာရဲ့ သတ်မှတ်ချက်တချို့ကြောင့် အဲ့ဒီ ကောင်မလေးကို မုန်းတီးသွားခဲ့ရတယ်။ ဒီနေရာက သတ်မှတ်တဲ့ အခေါင် မြင်ခြင်း ကျရှုံးခြင်းဆိုတဲ့ စည်းကမ်းတွေကြောင့်ပဲ ကျနော့်သူငယ်ချင်း သေခဲ့ပြီ။

ကျနော် မနည်း အားတင်းထားရတယ်။ ဒီနေရာမှာ ကျန်တဲ့ အချိန်တစ်ခုကို တောင့်ခံထားမယ်။ ငါလိုချင်တာယူပြီးရင် ထွက်သွား မယ်။ ဒါပဲ။ နောက်ထပ် ဘာပဲကြုံရကြုံရ ပျော်ရွှင်တာတွေ၊ ဝမ်းနည်းတာ တွေ မရှိစေရဘူး။

ဘဝဆိုတာ ဘာလင်မြို့က မိန်းမတစ်ယောက်လိုပဲ။ ရုပ်ရှင် စစ်သားတွေက အဓမ္မမှု အကြိမ်ကြိမ်ပြုတာ ခံရသလိုမျိုး ကံကြမ္မာက ငါ့ ဘဝကို အနိုင့်အထက် အကြိမ်ကြိမ် ပြုကျင့်နေတာ။ ဘာမှ မခံစားနဲ့။ ဘာဆိုဘာမှ ဆက်မခံစားနဲ့။ စက်ရုပ်တစ်ရုပ်လို နေ။ လုပ်စရာရှိတာ ဆက်လုပ်။ လိုချင်တာရရင် စွန့်ခွာ။ ဒါဆုံးဖြတ်ချက်ပဲ။

အဆုံး

တစ်နေ့မှာ ကျနော့်ဖုန်းထဲကို **text message** တစ်စောင် ရောက်လာခဲ့ပါတယ်။

"နောက်ဆုံးအနေနဲ့ဖြစ်ဖြစ် တစ်ခါလောက် ဆုံကြရအောင်၊ လက်ကျန်သံယောဇဉ်နဲ့ လာမယ်လို့ ယုံကြည်ပါတယ်" တဲ့။

အချိန် - သန်ဘက်ခါ နေ့လယ် ၁ နာရီ

နေရာ - လေရဟတ်နီ ကဖေး

သွေးအေးစွာနဲ့ ကျနော် ရထားလက်မှတ်ဖြတ်လိုက်ပါတယ်။ သူနေထိုင်ရာ မြို့ကလေးထဲက ဘဝမှာ သူနဲ့ကျနော် ပထမဦးဆုံးအကြိမ် အတူထိုင်ခဲ့ဖူးတဲ့ ကဖေးဆိုင်လေးဆီ ကျနော်ရောက်သွားခဲ့တယ်။ အခါ ခါလည်း အတူထိုင်ခဲ့ဖူးကြပါရဲ့ ။ ဒီတစ်ခါကတော့ နောက်ဆုံး အကြိမ်ပေါ့ လေ။ ခံစားချက်မဲ့တဲ့ ဗလာမျက်လုံးတွေ (ဒါက ဟန်ဆောင်ထားတာ သက်သက်ကြီးပါ) နဲ့ ကဖေးဆိုင်ထဲ ကျနော် ဝင်ရောက်သွားခဲ့တယ်။ ဆံပင်တွေ မတိုတော့ဘူး။ သိပ္ပံပညာရှင်မကြီးရဲ့ဆံပင်တွေဟာ ရှည်လျား နေခဲ့ပြီ။ မျက်နှာဟာ ဟိုစဉ်ကလို ကလေးရုပ်ကလေး မဟုတ်တော့ဘူး။ ရင့်ကျက်နေတဲ့ မိန်းမပျိုတစ်ယောက် ဒါမှမဟုတ် သက်လတ်ပိုင်း တည် ငြိမ်တဲ့ အမျိုးသမီးတစ်ယောက်ဟန် ပေါက်နေတယ်။ တစ်ခုပဲ၊ ကျနော် ဆိုင်ထဲ ဝင်လာတာကို ငေးမောနေတဲ့ မျက်ဝန်းအစုံဟာ ဟိုးအရင်ကလို ပါပဲ။

သူ့ရှေ့မှာ ခရုမုန့် နှစ်ခုနဲ့၊ ကော်ဖီတစ်ခွက် လက်ဖက်ရည် တစ်ခွက် ချထားတယ်။ ကျနော်ဟာ ဆောက်တည်ရာမရ ဖြစ်နေတဲ့ စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ထိန်းထားရင်း သာမန်လူတစ် ယောက်လို သူ့ရှေ့မှာ ဝင်ထိုင်လိုက်တယ်။

"ဟေးရာ... ယူ့အခြေရိုက်" လို့ မတွေ့တာ သိပ်မကြာကြသေး တဲ့ မိတ်ဆွေတစ်ယောက်စတိုင် ဖမ်းလို့ ဟန်မပျက်နှုတ်ဆက်တော့ သူမ ဟာ မဲ့ပြုံးပြုံးရင်း ဘာပြန်ပြောသလဲဆိုတော့...

"အဆင်ပြေပါတယ်..." တဲ့။

နောက်ထပ် ၅ မိနစ်လောက် ဘာမှ ဆက်မပြောဖြစ်ကြဘူး။ ကဖေးဆိုင် အပြင်ဖက်က နှင်းမှုန်လွင်ပြင်ကြီးကို အဓိပ္ပာယ်မဲ့ ငေးမော နေကြရင်း ကျနော်က သောက်နေကျ ကော်ဖီခွက်ကို ယူမော့တယ်။ အခါ တိုင်းလို ဆိမ့်မနေဘူး၊ ပေါ့ခါးခါးကြီးရယ်။ ပညာတတ်မကြီးက သူ့လုပ်နေ ကျဟန်အတိုင်း လက်ညှိုးလက်မလေး နှစ်ခုနဲ့ လက်ဖက်ရည်ခွက်ကိုင်း ကို ကိုင်ပြီး မော့သောက်နေတယ်။ လည်ချောင်းတစ်ချက် ရှင်းပြီး ခြောက် ကပ်ကပ်နဲ့ ကျနော် စကားစတယ်။

"ဘာပြောမလို့ ခေါ်တာလဲ"

"အလုပ်ပြောင်းတော့မလို့၊ သမုဒ္ဒရာတစ်ဖက်ခြမ်းကို၊ အဲ့ဒီ ဖက်က ဟိုကမ္ဘာကျော်ကျောင်းက ဓာတ်ခွဲခန်း ဒါရိုက်တာက သူ့ဆီ လာလုပ်မလား ကမ်းလှမ်းတာနဲ့ လက်ခံလိုက်တယ်"

"ဪ... ကမ္ဘာကျော်တက္ကသိုလ်ကြီးပဲ၊ မိုက်တာပေါ့" "အကိုရယ်..."

(သူ့အသံကရှင်ဟာခုထိအခဲမကြေသေးဘူးလားလို့ဝမ်းနည်း စိတ်ပျက်နေသံ ပေါက်နေတယ်)

"ဘယ်တော့လဲ..."

"ရက်ပိုင်း အတွင်း ..."

ကျနော်တို့ တိတ်ဆိတ်သွားကြတယ်။ မှန်ရာကို ဝန်ခံရရင် ကျနော့်ရင်ဘတ်ထဲမှာ နေဆယ်စင်းလောက် ထွက်နေပြီ။ ဗလောင်ဆူရ လွန်းလို့ တဆတ်ဆတ် တုန်ချင်လာတဲ့ လက်ချောင်းတွေကို သူမ မမြင် အောင် ဂျာကင်အင်္ကျီဘေးအိတ်ထဲကိုထိုးထည့်ထားရတယ်။

ကျနော်ဟာ ကြည်အေးရဲ့ ကျမပညာသည် ဝတ္ထုထဲက လူပြက် ကိုပန်နကစ်ပဲ။ ကိုပန်နကစ်ဟာ သူနဲ့ မာနပြိုင်နေတဲ့ သူ့ချစ်သူ အငြိမ့် မင်းသမီး မစိန်အခောင်ဆီက "မောင် မကြိုက်ရင် ကျမ အငြိမ့်မကတော့ ဘူး၊ မောင့်ဘေးမှာပဲ ရေပူရေချမ်း ကမ်းလှမ်းပြီးနေပါ့မယ် ..." လို့ ပြော လာစေဖို့ မျှော်လင့်နေခဲ့တယ်။ အဲ့ဒီစကားတစ်ခွန်းလေးသာ ကြားရရင် ဒင်းကလေးကို ဖန်ပေါင်းချောင်ထဲ ထည့်ပြီး ကိုးကွယ်ရ ကိုးကွယ်ရ၊ နောက်တော့လည်း အငြိမ့်ဆက်ကချင်သပ ဆိုလည်း ကပါလေ့စေ ခွင့်ပြု မှာပေါ့လို့တွေးနေခဲ့တယ်။

ခုကျနော်ဟာလည်း ကိုပန်နကစ်လိုပဲ တွေးနေတယ်။ တစ်ခွန်း လေးပဲ ပြောလိုက်စမ်းပါ မစိန်အခောင်လေးရာ။

"ကျမ အကို့ကို အဲ့ဒီညက နှိမ်ချင်တဲ့စိတ် တစ်ရွေးသားတောင် မရှိခဲ့ပါဘူး

အကိုရယ်” လို့။ “ဒီလောက်ချစ်ရတဲ့ လူကို ကျမကနိမ်မှာတဲ့ လားဟင်၊ အကို့ဘဝကို ခမ်းနားစေချင်လွန်းတဲ့ စိတ်စေတနာလေး ဆူမိတာလေးသက်သက်ပါရှင်…” လို့ တစ်ခွန်းလေးပဲ ပြောစမ်းပါ။

ကျနော် ပြုံးဆင်းသွားမှာ သေချာတယ်။ ငါ အင်မတန်ချစ်ပြီး ငါ့အထင်ကြီးတဲ့ ကောင်မလေးက နိမ့်တယ်လို့ ထင်သွားမိတာ ငါ ဘယ် လောက် စိတ်ထိခိုက်သွားတယ်ထင်လဲ၊ ငါယိုးတယ်ဗျာ လို့ ဝိုသံပါကြီးနဲ့ဆဲရင်း သူ့ကို ထဖက်ပစ်မိမှာသေချာတယ်။

နောက်နောင်လည်း ကြိုက်သလိုသာ ဆူပေတော့ ဆိုပြီး ပေတေပြီး ခံမိမှာသေချာတယ်။ အို … တစ်ဘဝလုံး သူလိုသလို ပုံသွင်း ပလေ့စေတော့လို့ လက်ထဲ ထိုးအပ်ပစ်မှာ။ ကိုပန်နကစ် စကားနဲ့ဆို ဖန်ပေါင်းချောင်းထဲ ထည့်ပြီး ကိုးကွယ်ရ ကိုးကွယ်ရ။

ဒါပေမယ့် သူ့ဖက်က အဲ့လိုစကားမစဘူး။ ဆက်ပြောတော့ လည်း ကျနော်ကြားချင်တဲ့ စကားတွေမဟုတ်ဘူး။

“ကျောင်းလခ ဘယ်လိုပေးလိုက်သလဲ”

“စကောလားရှစ်ပ် ရသွားခဲ့တယ်”

“ဪ…”

သူမ မျက်နှာ ပြုံးယောင်ယောင်လေးဖြစ်သွားတယ်။ ဝမ်းသာ တာလား ဂုဏ်ယူတာလား ဒါမှမဟုတ် ဒါကြောင့် ငါ့ပိုက်ဆံတွေ မထိတာ ကိုး၊ အားကိုးစရာမလိုတော့ဘူးပေါ့လေ လို့ မဲ့ပြုံးပြုံးတာလား မရေမရာပဲ။

“ကံကောင်းလို့ပါ၊ ငါက အလကားကောင်ဆိုတာ နင်သိပါ တယ် ဟုတ်တယ်မလား”

“အကိုရာ … (ဒီနေရာမှာ အဖျားခတ်သံလေး စွက်နေတယ်) ကျောင်းစာတွေကော ဘယ်လိုနေလဲ အဆင်ပြေရဲ့လားဟင်”

“မဆိုးပါဘူး၊ ထိပ်ဆုံးအဆင့်နဲ့ ဘွဲ့မရတောင် အလယ်အလတ် လောက်နဲ့ ရလောက်ပါတယ်။ မရလည်း ငါ့အတွက်အရေးမကြီးပါဘူး”

ကျနော့်လေသံဟာ သရော်တော်တော် လေသံ ပေါက်နေမှာ သေချာတယ်။ ဒါပေမယ့် ငါ့အတွက်အရေးမကြီးတော့ဘူး ဆိုတာ တမင် ထည့်ပြောနေတာ။ ဘာလို့ ပြောတာလဲလို့ မေးလာရင် ငါချစ်တဲ့သူတစ် ယောက်လုံးကို ဆုံးရှုံးခဲ့မှတော့ ဘယ်အရာကများ ဘဝမှာ အရေးကြီးဦး

မှာလဲလို့ ဆက်ပြောချင်နေခဲ့တာ။

“ညီမလေး သွားတော့မယ် အကို...”

မင်း အကို့ကို ဒီလိုကြီး ပစ်သွားတော့မှာလားကွာလို့ ငိုသံပါကြီး နဲ့ မေးလိုက်ချင်ပေမယ့် တကယ်တမ်းကျတော့ ခပ်တည်တည်နဲ့ ကျနော် ခေါင်းညိတ်ပြလိုက်မိတယ်။ ပိုက်ဆံအိတ်ကို ဆွဲထုတ်ပြီး ဘဏ်ကတ် ကလေးကို သူ့ရှေ့ထိုးပေးလိုက်တယ်။ သူပြန်တွန်းထုတ်လာတယ်။

“သိမ်းထားပါ အမှတ်တရပေါ့၊ အထဲက ပိုက်ဆံတွေကို မထိခဲ့ တာတောင် ဘဝမှာ အမှတ်တရအဖြစ်သိမ်းထားပေးစေချင်တယ်၊ အဲ့ဒီကတ် ရက်လွန်တဲ့အခါ ဘဏ်က ကျမကို ကတ်အသစ်ပြန်ပို့ပေးမှာပဲဟာ”

ကျနော်ဘာမှပြန်မပြောပဲ ငူငူကြီးလုပ်နေမိတယ်။ သူမ ထိုင်ရာ က ထတယ်။ နောက်ဆုံးအနေနဲ့ အံတင်းတင်းတစ်ချက် ကြိတ်ရင်း ကျနော့်ကို ကြည့်တယ်။ မငိုမိအောင် ထိန်းထားပုံရတယ်။ တစ်လုံးချင်း ခပ်တိုးတိုးပြောတယ်။

“အကိုက နားလည်ရခက်တဲ့ လူကြီး...” တဲ့။ အဲ့ဒီနောက်မှာ မြင်ကွင်းတစ်ခုလုံးဟာ ထိတ်လန့်တုန်လှုပ် ကောင်းလွန်းတယ်။ သိပ္ပံပညာရှင်မလေးဟာ လေရဟတ်နီ ဖွယ်ရာ ကဖေးဆိုင်အပြင်ဖက်ကို ရောက်သွားပြီ။ ဖြူလွလွ နှင်းလွင်ပြင်ကြီးကို ဖြတ်လျှောက်နေတယ်။ ကျနော့်ကို ကျောခိုင်းလို့။ ကျနော်ဟာ တုန်လှုပ် လှိုက်မောစွာနဲ့ ငေးရုံလေး ငေးကြည့်နေခဲ့တယ်။

ဟိုစဉ်ကလို အတင်းပြေးလိုက်သွားပြီး ...“ဟေးရာ ... အကို မပြန်တော့ဘူး၊ အကိုကို ပစ်မပြေးပါနဲ့ဗျာ၊ အကိုမင်းမရှိရင် သေမှာကွ”အနားကပ်ပြီး သွားပြောလိုက်ရမလား ဝေခွဲလို့မရဘူး။ နှင်းပြင်ထဲ ဖြတ်လျှောက်နေတဲ့ သူမကကော အဲ့ဒီလို မဝံ့မရဲ မျှော်နေရှာမလား မသေချာဘူး။

သူ့အိမ်လေးကို ပြန်ရောက်သွားတဲ့အထိ နောက်ကျောကနေ ကျနော် ဘွားခနဲ ပေါ်လာလေမလားလို့ လှည့်မကြည့်ပဲ မျှော်ကောင်းမျှော် နေမှာပေါ့။

သူမ မြင်ကွင်းထဲက ပျောက်သွားတယ်။ ကဖေးဆိုင်ထဲက ကျနော် ဘယ်လိုထွက်လာမိမှန်း မသိဘူး။ ဘူတာရုံကို သွားရာလမ်းမှာ မြင်ကွင်းတွေက မသဲကွဲဘူးရယ်။ အကုန်ဝေဝါးနေတာပဲ။

ကျနော် ခုဆို အရမ်းကြောက်လန့်တုန်လှုပ်လာပြီ။ ဘဝမှာ ဒီတစ်ခါလောက် ဘယ်တုန်းကမှ မကြောက်ဖူးခဲ့ဘူး။ တက္ကသိုလ်ကျောင်း ကို ရောက်ခါစ အဆောင်လခ သွင်းအပြီး ပိုက်ဆံလေး ၁၅၀ ပဲ လက်ထဲ ကျန်ခဲ့စဉ်က ငါဘယ်လိုရှေ့ဆက်ရတော့မလဲ တွေးရင်း ပြုံးနေခဲ့တာပါပဲ၊ မကြောက်ဖူးခဲ့ဘူး။ ဖောရက်စ်ဟော အရပ်က ညမှောင်မှောင်မှာ ဓားထိုး မှုတွေ မျက်စိရှေ့တင် ခဏခဏဖြစ်ပျက်နေတာ၊ အိမ်အပြန်မှာ ဓားတန်း လန်းနဲ့ သေနေတဲ့ အလောင်းတွေ၊ ရဲတွေ၊ ပလတ်စတစ်ကြိုးအဝါရောင် တွေ တန်းထားတာတွေ

မြင်ခဲ့ရစဉ်က ငါများ တစ်နေ့နေ့မှာ ဓားထိုးခံရပြီး လမ်းပေါ်တင် သေလေမလားလို့ တွေးခဲ့ဖူးပေမယ့် မကြောက်ဖူးခဲ့ဘူး။ ဆိပ်ကမ်းမှာ ကူလီထမ်းစဉ် အလုယက်ခဲ့ရတုန်းကလည်း ဓားမြှောင်တွေ သံတုတ်တွေ ကိုင်တဲ့ စကယ်လီလူမိုက်တွေနဲ့ သူသေကိုယ်သေ သတ် ကြတုန်းကလည်း မကြောက်ခဲ့ဖူးပါဘူး။ သေသွားလည်း အေးတာပဲလို့ စိတ်ထဲ ထင်နေခဲ့တာရယ်။ ကျနော့်သူငယ်ချင်း မာလကာသီး စာမေးပွဲ ကျ ကျောင်းလခ မသွင်းနိုင်လို့ တံတားပေါ်က ခုန်ချသတ်သေသွားခဲ့စဉ် က သူ့အလောင်းကို ရင်ခွဲရုံမှာ သွားကြည့်တုန်းကလည်း နာကျင်ကြေကွဲ ရှုံသက်သက်ပဲ၊ နည်းနည်းလေးတောင် မကြောက်မိခဲ့ဘူး။

ခု ကျနော် ကြောက်တယ်။ အေးစက် မည်းမှောင်နေတဲ့

တိုင်းပြည်ကြီးထဲ ကျနော့်တစ်ဦးတည်းသော အားကိုးတွယ်တာရာ ဖြစ်ခဲ့ဖူးတဲ့ ကောင်မလေး ထွက်သွားပြီ။ နောက်နောင် အတိဒုက္ခတစ်ခုခု ကျရောက်ခဲ့ရင် ဘယ်သူမှ လာမကယ်နိုင်တော့ဘူးပေ့ါနော်။ ကျနော်ဟာ ဒီမြေဒီရေ ပေါ်မှာ ဘဝခါးခါးကြီးကို ရင်ဆိုင်ရင်း ထီမထင်ဟန်ရဲ့ ရဲရင့်ပြခဲ့သမျှတွေ တာ ငါ့နောက်မှာ ငါ့ညီမလေးရှိနေတာကွ ဆိုတဲ့ အားကိုးအားထား စိတ် ကြောင့်ဆိုတာ ခု ကျနော်သိလိုက်ရပြီ။ ကျနော် ကြောက်လိုက်တာဗျာ။ ကျောရိုးထဲမှာ စိမ့်နေတာပဲ။ ဘဝမှာ ဒီလောက်ထိ အားငယ်ထိတ်လန့်ပြီး ကြောက်ရွံ့တုန်လှုပ်နေတာ တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး။

အကို အရမ်းကြောက်နေပါပြီ ညီမလေးရာ ... အကို အရမ်း ကြောက်နေပါပြီ ညီမလေးရာ ... လို့ တတွတ်တွတ်ရွတ်ရင်း ခြေဒရွတ်ဆွဲ ရင်း လျှောက်သွားနေမိတယ်။

ဘူတာရုံအိုကလေးထဲက ဆိုက်လာတဲ့ ရထားပေါ်ကို တုန်တုန် ရီရီနဲ့ တက်တယ်။ ရထားဥဩဆွဲသံ တူခနဲ အကြားမှာ တစ်ချက် တုန်ခါ သွားမိသေးတယ်။ ရထားထွက်ပြီ။ အရှိန်က တဖြေးဖြေးမြန်လာတယ်။ မှန်ပြူတင်းတံခါးကို ဆွဲဖွင့်ပြီး ကျနော် ခုန်ချလိုက်တယ်။ ဒလိမ့်ခေါက် ကွေးပဲ။ တံတောင်ဆစ်တွေ ဒူးတွေ ပွန်းပဲ့သွားတယ်။ ထူပူနေတဲ့ စိတ်နဲ့ လူးလဲထတယ်။ ဘူတာရုံအိုကလေးဆီ ပြန်ပြေးတယ်။ ဘူတာရုံကနေ ဘတ်စ်ကားမှတ်တိုင် ၁၀ မှတ်တိုင်လောက် ဝေးတဲ့ ညီမလေး ဒေါ်နန်း မေမေကြည်ရဲ့ အိမ်ကလေးဆီကို ပြေးတယ်။ ကျနော် မောလွန်းလို့ လဲကျ သွားတော့မလား မှတ်ရတယ်။ နှင်းလွှင်ပြင်ကြီးထဲ ဖြတ်ပြေးရတာ ထင်သလောက် မလွယ်ဘူး။ အဆုတ်တွေ ပေါက်ကွဲထွက်တော့မလား

မှတ်ရတယ်။ ဒါပေမယ့် မရပ်ဘူး၊ ပြေးတယ်။ အိမ်ပေါက်ဝ ရောက်တော့ ကျနော့်ဒူးတွေ ညွှတ်ကျချင်နေပြီ။

ခေါင်းလောင်းကို တတောင်တောင် တီးတယ်။ အိမ်တံခါးကို တဒုန်းဒုန်းထုတယ်။

ညီမလေးရေ… တံခါးဖွင့်ပေးပါကွယ်… အကို့ဘဝမှာ မင်းမရှိ ပဲ မနေတတ်ဘူးကွ၊ အကိုက အလကားကောင်ကြီးပါကွာ၊ အကို့ကို ပစ်မပြေးသွားပါနဲ့၊ တံခါးလေးဖွင့်ပေးပါ အကိုတောင်းပန်ပါရစေလား …၊ အဲ့လိုတွေ အာခေါင်ခြစ်ပြီး အော်နေမိတယ်။ ချပ်ခနဲ တံခါးပွင့်လာတယ်။ မျက်ရည်တွေ ဗလပွနဲ့ သနားစရာ ကောင်မလေးဟာ ကျနော့်ကို လက် ကမ်းလို့။ ကျနော် သူ့ဆီရောက်ဖို့ ရှေ့ကို တစ်လှမ်း တိုးလိုက်တယ်။ ကျနော့်မြင်ကွင်းတွေ မှောင်အတိ ကျသွားတယ်။ ကျနော် သေဆုံးသွား ခဲ့တယ်။

ရထားပေါ်က ထိုင်ခုံပေါ်မှာ မှီတွယ်ရင်း ကျနော်ထိုင်နေတုန်းပဲ။ ရထားပေါ်က ခုန်ချသွားတယ်ဆိုတာ ကျနော့်စိတ်ကူးသက်သက်ပဲ။

တစ်နည်းအားဖြင့် **Ambrose Bierce** ရဲ့ "ဇီးကွက်ချောင်း တံတားပေါ်က အဖြစ်အပျက်တစ်ခု" ဆိုတဲ့ ဇာတ်လမ်းထဲက ဇာတ်လိုက် **Peyton Farquhar** ဟာ ကျနော်ပါပဲ။ ကျနော်ဟာ ဇီးကွက်ချောင်း တံတားပေါ်မှာ အကွပ်မျက်ခံလိုက်ရပြီးပြီ။

ရထားဟာ ကျနော့်မြို့ကလေးဆီ ဦးတည်ပြီး အရှိန်ပြင်းစွာ ခုတ်မောင်းနေတယ်။

အာဇတာ မက်သ် (သို့မဟုတ်) ပြာပုံ မြင်ကွင်း

ကျနော်ဟာ ဇော်ဟိတ် မဟုတ်ခဲ့ဘူး။ ကျနော်ဟာ ရှောင်ဒီလွန် မဟုတ်ခဲ့ဘူး။ ကျနော်ဟာ ဒီနေ့မှာ သောက်စရာ ဝိုင်တစ်ဂါလံရှိနေသေးရင် နက်ဖန်ဆိုတာ မတွေးသေးတဲ့ အိမ်ခြေရာမဲ့လူဆိုး ဂျော်နီပွမ်ပွမ်။ ဒါမှမဟုတ် ဥရောပတိုက်တစ်ခွင် လှည့်လည်နေတဲ့ ဂျစ်ပဆီ ဆပ်ကပ် အဖွဲ့တစ်ခုက ဂျိုကာရုပ်မျက်နှာဖုံးတပ် ဓားပေါက်သမား(မျက်နှာဖုံး အောက်မှာ ငိုမဲ့မဲ့မျက်နှာနဲ့)၊ အတိုချုပ်ရရင် ကျနော်ဟာ ဘာမှမဟုတ်ခဲ့ ဘူး။ ဘယ်သူ့ကိုမှ မလိုချင်တော့သလို ဘယ်သူကမှလည်း မလိုချင်တော့ တဲ့ ဖုံတီးနေတဲ့ ဝက်ဝံရုပ် အကျိုးပဲ့လေးမျှသာ။

အဲဒီ စာသားတွေကို နောင်တစ်ချိန် တစ်ယောက်တည်း လေရဟတ်နီ ကဖေးဆိုင်လေးထဲမှာ သွားထိုင်ဖြစ်တဲ့ အခါ ခရုမုန့်တစ်ခု နဲ့ ကော်ဖီတစ်ခွက် ရှေ့ချပြီး လက်ထဲက ဖတ်လက်စ စာအုပ်လေးရဲ့ နောက်ဖုံးအတွင်းဖက်မှာ ချရေးခဲ့ဖူးတာပေါ့။ ဘာကြောင့်များ အဲ့ဒါတွေ ချရေးခဲ့မိတာလဲ ကျနော်မမှတ်မိတော့ပါဘူး။ ရေးနေရင်း နှုတ်ခမ်းမှာ ကိုက်ထားမိတဲ့ သောက်လက်စ ဆစ်ကလက်ရဲ့မီးခိုးငွေ့တွေကြောင့်လား မသိဘူး မျက်ရည်နည်းနည်း ဝဲမိသေးတယ်။ တစ်ခါက အဂျေ ခရိုနင် ရဲ့ ယုဒသစ်ပင် ဝတ္ထုထဲက ဘူတာရုံလေးကို အတူတူသွားရှာခဲ့ကြဖူးတာကို အမှတ်ရမိတယ်။ ဆေးကျောင်းသား မိုရေးနဲ့ ဘူတာရုံမှာ ပေါင်မုန့်ရောင်း တဲ့ မေရီ ဆိုတဲ့ ကောင်မလေး တွေ့ခဲ့တဲ့ နေရာလေး။ ကျနော်တို့ဟာ ငယ်ဘဝက ရူးသွပ်ခဲ့ဖူးတဲ့ ဇာတ်လမ်းတွေကို အဲ့ဒီလို ခြေရာတူတူသွား ကောက်ကြတတ်ခဲ့တာ မဟုတ်လား။

ခုတော့ ကျနော်ဟာ ဘယ်လိုကံတရားမျိုးနဲ့များ လေရဟတ်နီ ကလေးထဲကို တစ်ယောက်တည်း ပြန်ရောက်လာခဲ့ရပြီး အတိတ်က ကျနော်ကိုယ်တိုင် ပါဝင်ခဲ့ရတဲ့ ဇာတ်လမ်းရဲ့ အခင်းဖြစ်ပွားရာ နေရာကို သူတစိမ်းတစ်ယောက်အဖြစ်နဲ့ ပြန်ရောက်နေခဲ့ရတာလဲ တွေးရင်း ငိုမဲ့မဲ့ နဲ့ရယ်။

ကျနော်ချရေးမိတဲ့ စာသားတွေဟာလည်း ကျနော့် အတွင်း စိတ်ကို လှစ်ဟပြတဲ့ စကားလုံးတွေဖြစ်မယ် ထင်တာပဲ။ ကျနော်ဟာ တစ်ဘဝလုံး ဘယ်လောက်ပဲ ဟန်ဆောင်အားတင်းခဲ့ပါစေ၊ ဆရာကြီး ရွှေဥဒေါင်းရဲ့ ဝတ္ထုထဲက သေတယ်ဆိုတာ ဘယ်လိုအရသာလဲ မြည်းစမ်း ကြည့်ရသေးတာပေါ့လေ လို့ မထီတရီပြောရင်း အကြောက်အလန့်မရှိ ရေတွင်းထဲ ဆင်းသွားခဲ့တဲ့ ဇာတ်လိုက် ဇော်ဟိတ် မဟုတ်ခဲ့ဘူး။ ကိုယ့် ကိုယ်ကို အိုင်အာအေ သူပုန်အဖွဲ့က ဒဏ္ဍာရီဆန်တဲ့

သေနတ်သမား ဘယ်တော့မှမသေတဲ့ ရှောင်ဒီလွန် လို့ ထင်မှတ်မှားခဲ့သမျှ မဟုတ်မှန်း သိခဲ့ရပြီ။

ကျနော်ဟာ အိမ်ခြေရာမဲ့ လူဆိုး ဂျော်နီပွမ်ပွမ်ပဲ။ လေနှင်ရာကို ဦးတည်ရာမဲ့ လွင့်နေတဲ့ အရက်မူးနေတဲ့ မေပယ်လ်သစ်ရွက်အနီရောင် လေး။ ဝိုင်အရက် တစ်ဂါလံပဲ ရှိဖို့လိုတယ်။ မနက်ဖန်ဆိုတာ မစဉ်းစား တတ်တော့တဲ့ ကောင်။

ကျနော်ဟာ လူတွေတီးတဲ့ လက်ခုပ်သံတွေအတွက် ပစ်မှတ် တွေကို စနစ်တကျ လွှဲချော်ပစ်ခတ်နေတဲ့ ဆပ်ကပ်အဖွဲ့တစ်ခုက ဓားပေါက်သမားပဲ။ ဂျိုကာမျက်နှာဖုံး တပ်ဆင်ပြီး ဟန်ဆောင်ထားပေ မယ့် မျက်နှာဖုံးအောက်က မျက်နှာဟာ ကျနော့်အတွင်းစိတ်ပေါ့။ ပစ်မှတ် တွေကို လွှဲချော် ပစ်ခတ်နေရတဲ့အတွက် ဝမ်းနည်းနေခဲ့တဲ့ကောင်။

နောက်ဆုံး ကျနော်ဟာ ဘာကောင်လဲ ကျနော်ကိုယ်တိုင် သိရှိသွားခဲ့ရ တယ်။ ကျနော် ၄ နှစ် ၅ နှစ်သားအရွယ် ကလေးဘဝက ခြံကျယ်ကြီးရဲ့ ထောင့်တစ်ခုမှာ မတော်တဆ ရှာတွေ့ခဲ့တဲ့၊ သစ်ရွက်ခြောက်တွေ မြေဆွေးတွေ တစ်ပိုင်းတစ ဖုံးလွှမ်းနေတဲ့၊ မှိုတီးနေတဲ့ အစွန်နဲ့ပစ်ခံ အဝါရောင် ဝက်ဝံရုပ် အကျိုးအပဲ့လေးပဲ။ ဒါပါပဲ။

ညီမလေး ဒေါ်နန်းမေမေကြည် မရှိတော့တဲ့အခါ ကျနော်ဟာ ဂျိုကာမျက်နှာဖုံးတပ်ပြီး ဘဝကို ဆက်လက်ရှင်သန်ခဲ့ပါတယ်။ စိတ်မတည်ငြိမ်ပေမယ့် ကျောင်းစာကို အထိမခံပါဘူး။ နောက်ထပ်ဘဝမှာ ထပ်မရှုံးချင်တော့ဘူးလေ။ ကျနော်သာ ခြေချော်လက်ချော်ဖြစ်လို့များ ဒီကျောင်းကို ဆုံးခန်းမတိုင်ခဲ့ရင် တစ်ချိန်ချိန် သူမ ပြန်ကြားတဲ့အခါ ငါ့ အခက်ကြီး ရှက်ပြီး တစ်ဘဝလုံး သိမ်ငယ်စိတ်နဲ့ပဲ နေထိုင်သွားရလိမ့် မယ်လို့ တွေးပြီး ကြောက်လန့်စိတ်နဲ့ ကျောင်းစာတွေကို ဖိကြိုးစားခဲ့ တယ်။

ကိုယ်ပိုင်အချိန်တွေမှာတော့ ကျနော်ဟာ စာရိတ္တယိုယွင်းနေ တဲ့ လူတစ်ယောက်ပဲ။ ဘဝကို ဖြစ်သလို နေထိုင်နေခဲ့မိတယ်။

ရာဘာအစွပ်တွေကို ထည့်လဲ တပ်ဆင်ခဲ့တယ်

အတ္တလန်းတစ်သမုဒ္ဒရာထဲ ပုလင်းအလွတ်တွေမျှောချခဲ့တယ်

အနောက်တောင်ထောင့် ကောင်းကင်မှာ

ကြယ်အနီလေး ပျောက်ဆုံးသွားခဲ့စဉ်က။

(ဝံပုလွေ ပါပီ)

ပရေရီ မြက်ခင်းပေါ်က အထီးကျန်နေတဲ့ ဝံပုလွေတစ်ကောင် လို ဆက်လက်ရှင်သန်ရင်း အချိန်ကာလတစ်ခု ရောက်လာတဲ့အခါ

ဖြစ်ရိုးဖြစ်စဉ်အတိုင်း ကျနော် သိပ္ပံဘွဲ့တစ်ခု ရပါတယ်။ ငွေလေး ၁၅၀ နဲ့ ဒီနေရာမှာ စတင်ဖို့ ရောက်လာတဲ့ ကောင်ကွ လို့ လက်ခမောင်း ထမခတ်ပါ။ ငယ်စဉ်ဘဝက ရှုံးနိမ့်မှုတစ်ခုအတွက် အလျော်ရဖို့ တစ်ဆယ့်ငါးနှစ်တိတိ စောင့်ခဲ့ရတာကွ၊ ခုတော့ ရပြီဟေ့ လို့ လည်း မကျူးရင့်ပါ။ တက္ကသိုလ်က သင့်အား ဘွဲ့ချီးမြှင့်လိုက်သည် ... ဆိုတဲ့ စာရွက်လက်ထဲ ရောက်လာတော့လည်း ဂုဏ်မယူပါ။

ဒီစာရွက်ကလေးကြောင့်ငါ့သူငယ်ချင်းတစ်ယောက်သေသွား ခဲ့ရသတဲ့လား။ ဒီစာရွက်ကလေးထဲ ရေးထည့်ပေးလိုက်တဲ့ အဆင့် သတ်မှတ်ချက်တွေကြောင့်ပဲ ငါက ချစ်ပြီး ငါ့ကိုသိပ်ချစ်တဲ့ ကောင်မလေး ကို ဆုံးရှုံးသွားခဲ့ရသတဲ့လား။ အဲ့ဒီလိုတွေ တွေးတောရင်း ဘွဲ့ယူတဲ့နေ့မှာ မြို့ကလေးထဲ ဦးတည်ရာမဲ့ လျှောက်သွားနေခဲ့မိတယ်။ ကဖေးဆိုင်တွေ၊ ကုန်တိုက်တွေ၊ ထမင်းဆိုင်တွေ ကျနော်တို့ တစ်ခါက အတူတူ ခြေရာထပ် ခဲ့ဖူးတဲ့ နေရာတွေကို လျှောက်သွားရင်း ဆွေးရတယ်။

စွန့်ခွာခြင်း

မိုးမြူမှုန်တွေ အုံ့မှိုင်းနေတဲ့ စက်တင်ဘာလ တစ်ခုမှာ ကျနော် အထုပ်အပိုး ပြင်ပါတယ်။ နောက်ဖေးခြံထဲ ဆင်းပြီး ပိုင်ဆိုင်သမျှ အိမ် ထောင်ပရိဘောဂတွေ အဝတ်ဟောင်းတွေကို အမှိုက်ကား လာယူတတ် တဲ့ ထောင့်ကလေးမှာ ချထားလိုက်တယ်။ ဒိတ်လွန်နေတဲ့ ဘဏ်ကတ် အစိမ်းရောင်လေးကို ထုတ်ပြီး ခဏငေးကြည့်ပါတယ်။

Dr. N M M Kyi ဆိုတဲ့ ဖောင်းကြွ စာလုံးလေးကို လက်မနဲ့ အသာလေး ပွတ်ကြည့်မိတယ်။ နာနာကျင်ကျင် တစ်ချက်ပြုံးတယ်။ အမှိုက်ပုံး အဖုံးကို ဖွင့်တယ်။ ကတ်ကလေးကို ပစ်ထည့်လိုက်တယ်။ လူတစ်ကိုယ်လုံး ဆုံးခဲ့ပြီးမှတော့ ဒီကတ်ကလေးကို ငါ မလိုတော့ပါဘူး ကွာလို့ တွေးရင်း ချာခနဲ လှည့်ထွက်ခဲ့တယ်။

မိနစ်အနည်းငယ်ကြာတော့ အိတ်တစ်လုံးနဲ့ ဂစ်တာကို လွယ် ပိုးထားတဲ့ ကျနော်ဟာ မြို့လယ်ခေါင်က ပတ်ကလိန်း ဘူတာရုံကို ဦးတည်ပြီး ခပ်သွက်သွက်လျှောက်နေပြီ။ ဘဝမှာ အိတ်ကလေးတစ်လုံး နဲ့ ဒီကို ရောက်လာခဲ့ပြီး ပြန်ထွက်သွားတော့လည်း အိတ်ကလေးတစ်လုံး ပါပဲလား။ အပိုအားဖြင့် ဘွဲ့လက်မှတ်စက္ကူလေးသာ ပြန်ပါသွားခဲ့ပါလား လို့ တွေးရင်း နာနာကျင်ကျင် တစ်ချက်ပြုံးမိလိုက်သေးတယ်။

ဘူတာရုံကို မြင်တော့ ဆတ်ခနဲ မျက်နှာလွှဲထားမိတယ်။ တစ်စုံ တစ်ယောက်ကို အကြိမ်ကြိမ် လာကြိုခဲ့ဖူးသလို အကြိမ်ကြိမ် ပြန်လိုက်ပို့ ခဲ့ဖူးတဲ့ မြင်ကွင်းတွေ ပြန်ပေါ်လာမှာ ကျနော်ကြောက်တယ်။

ဘူတာရုံဘေးက အဝေးပြေးကားဂိတ်မှာ တစ်ခါက ကျနော့်ကို သယ်ဆောင်လာခဲ့ဖူးတဲ့ ဘတ်စ်ကား အစိမ်းရောင်ကြီး စောင့်နေတယ်။ လွန်ခဲ့တဲ့ နှစ်အတော်ကြာကြာက ဒီမြို့ထဲကို မျက်စိသူငယ် နားသူငယ်နဲ့ ဝင်လာခဲ့တဲ့ အူတူတူ လူတစ်ယောက်ဟာ ခုခါမှာတစ်သက်မမေ့နိုင်တော့ မယ့် ဒဏ်ရာအနာတရ တချို့ကို ရင်ဘတ်ထဲ ထိုးထည့်ထားရင်း လာလမ်း အတိုင်း ထွက်ခွာရတော့မယ်။

ဘတ်စ်ကား ထွက်ပြီ။ ကျနော် ဒီနေရာကို နောက်တစ်ခါ ပြန် လာဖြစ်တော့မယ် မထင်ဘူး။ နားကြပ်ထဲက **Simon and Garfunkel** ရဲ့ **Scarborough Fair** သီချင်းကို နားထောင်နေရင်း မှန်ပြူတင်းပေါက် က မြင်နေရတဲ့ မြင်ကွင်းတွေက ဝေဝါးသွားတယ်။

Remember me to one who lives there

She once was a true love of mine

အဲ့ဒီစာသားတွေနား အရောက်မှာ မျက်လုံးတွေကို စုံမှိတ်ပစ်လိုက်မိခဲ့တယ်။

နောက်ဆက်တွဲ

ဒေါ်နန်းမေမေကြည်ဟာ နှစ်အတန်ကြာမှာ ပင်လယ်ရပ်ခြား က လူတစ်ယောက်ကို လက်ထပ်သွားခဲ့ကြောင်း ကြားသိရတယ်။ အဲ့ဒီ လူဟာ ပညာသိပ်မတတ်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူပျော်ရွှင်နေလိမ့်မယ် လို့ ကျနော် ရိုးရိုးသားသား ယုံကြည်ပါတယ်။

အဲ့ဒီသတင်းကြားပြီး လအနည်းငယ်အကြာမှာ ကျနော့်ဆီ အီးမေးလ်တစ်စောင် ရောက်လာပါတယ်။

"အရာရာဆင်ပြေရဲ့လား..." တဲ့။ တစ်ကြောင်းတည်း။

"ငါ ပြူတင်းပေါက်အပြင်ဖက်ကို ငေးနေတယ်"

လို့ ကျနော် စာပြန်ခဲ့မိတယ်။

ကျေးဇူးတင်လျက်

ပါပီယွန်

Whispers of Words

IT IS SILLY NOT TO HOPE.

မမျှော်လင့်တာဟာ မိုက်မဲတာပဲ

Whispers words

EPUB PDF MOBI KFX